

ကျောက်ဆစ်နှင်းဆီ ဝန်ရိုးစွန်း - မင်းခိုက်စိုးစန်

Typed by- G!VER
Proof and PDF - wannar

MMCYBERMEDIA
community for all

ဘဝဆိုတာ ဘယ်သူနဲ့ကန်ရမှန်းမသိတဲ့ ဘောလုံးပွဲတစ်ခုပေါ့ ကက်သရင်းနှင်းဆီရယ်. . .။
ကိုယ်က အရုံလူပါ။ ထိုင်ခုံမှာထိုင်ပြီး စောင့်နေခဲ့ရတယ်။
ကိုယ့်ကို ဝင်ကန်ဖို့ ရွေးချယ်မယ့် နည်းပြကလည်း ဘယ်သူမှန်းမသိဘူး။
( လူတွေအားလုံးရဲ့ မျက်နှာကိုပဲ ကိုယ်က အားကိုးတကြီးနဲ့ မော့မော့ကြည့်နေရတာ )
ပြောပါ. . . ။ ငါ့ကို . . . ဘယ်တော့ရွေးချယ်မှာလဲ. . .။
ကိုယ့်ကိုယ်ကိုလည်း မရေရာဘူး။ ဝင်ကန်ချင်စိတ်နဲ့ တက်ကြွ နေခဲ့တာလား . . .။
ဒါလည်း မဟုတ်သေးဘူး။
ဝင်မကန်ဘဲ ဒီအတိုင်း ငြိမ်ငြိမ် လေးထိုင်နေတာ ပိုကောင်းသလား . . .။
ဒါလည်း မသေချာဘူး ။

. . . . . . . . .

ပွဲပြီးသွားတယ်။
ပြီးတော့လည်း ပြီးတာပါပဲ ကက်သရင်းနှင်းဆီရယ်. . .။

နရစိုး

MMCYBERMEDIA
community for all

## အခန်း(၁)

သူတို့ရှာချင်နေသည့်အိမ်နံပါတ်ကို အခုအချိန်ထိမတွေ့သေးသောကြောင့် ဝတ်မှုန်နှင့် ကက်သရင်းနှင်းဆီတို့ သူငယ်ချင်းနှစ်ယောက်စလုံး ရပ်ကွက်ထဲတွင် ချာချာလည်နေကြသည်။
ဝတ်မှုန်က ညည်းညည်းညူညူဖြင့် . . .

'' ကက်သရင်းရယ် . . . နင်ကလည်း ညံ့လိုက်တာ။ ကိုယ်နေတဲ့ ရပ်ကွက်ထဲမှာတောင် ဘယ်သူ့အိမ်က ဘယ်နားမှာရှိမှန်း မသိဘူးလား ''
ကက်သရင်းနှင်းဆီက...

'' ငါ . . .ဒီကိုပြောင်းလာတာ တစ်ပတ်ပဲရှိသေးတဲ့ဥစ္စာ။ ဘယ်သိပါ့မလဲ ဝတ်မှုန်ရဲ့။ ပြီးတော့ . . .ရပ်ကွက်ကြီးက အကျယ်ကြီး။ လမ်းတွေကလည်း ရှုပ်ယှက်ခတ်နေတာပဲ''

'' ရုပ်ရှင်မင်းသား မင်းသမီးတို့ အိမ်ကိုတော့ နည်းနည်းပါးပါးသိထားဖို့ ကောင်းတာပေါ့ ဟ ''

ဝတ်မှုန်က ထပ်ပြီး အထွန့်တက်လိုက်ပြန်သည်။ ဝတ်မှုန်က ဂျာနယ်တိုက်တစ်တိုက်မှ သတင်းထောက်မလေးတစ်ဦးဖြစ်၏။ ယခုလည်း ဂျာနယ်အတွက် အဆိုတော်သစ်တစ်ဦးကို အင်တာဗျူးလုပ်ရန် လာရင်း သူငယ်ချင်းဖြစ်သူ ကက်သရင်းနှင်းဆီကို အဖော်ဝင်ခေါ်ခဲ့ခြင်း ဖြစ်၏။ အခုတော့ သူတို့ နှစ်ယောက်စလုံး ထိုအဆိုတော်သစ်၏အိမ်ကို ရှာမတွေ့ဘဲ ချာချာလည်နေကြခြင်း ဖြစ်လေသည်။

ခြေသလုံးတွေ ညောင်းတောင့်နေလောက်အောင် လမ်းတကာ လှည့်လျှောက်ထားရသဖြင့် စိတ်တိုနေသော ကက်သရင်းနှင်းဆီက ...

'' အောင်မယ် . . .။ အဆိုတော်တွေ၊ ရုပ်ရှင်မင်းသား မင်းသမီးတွေ ဘယ်မှာနေတယ် ဆိုတာ လိုက်စပ်စုနေရအောင် ကျုပ်က ရှင့်လို သတင်းထောက်မှ မဟုတ်တာ မိဝတ်မှုန်ရဲ့. . .။ ရှင့်ဘာသာရှင် အစကတည်းက လိပ်စာတိတိကျကျ တောင်းထားပါလား ''

'' ဩော် . . . . . ငါကလည်း နင့်ကို အားကိုးမိလိုက်တာပေါ့ ကက်သရင်းရဲ့ . . .။ နင်နဲ့ တစ်ရပ်ကွက်ထဲဆိုတော့ နင်သိမှာပဲဆိုပြီး . . .''

'' အဲဒီလူရဲ့ဖုန်းနံပါတ် မရှိဘူးလား။ ဖုန်းဆက်ပြီး သူ့အိမ်ကို ဘယ်လိုလာရမလဲလို့ မေးလိုက်မယ်လေ ''

'' ဟင့်အင်း... ။ ဖုန်းနံပါတ်လည်း မရှိဘူး ''

ဝတ်မှုန်က မျက်နှာငယ်ငယ်ဖြင့် ပြန်ဖြေသည်။ ကက်သရင်းနှင်းဆီက နည်းလမ်း တစ်ခု ရလိုရငြား ခေါင်းကိုကုတ်ရင်း စဉ်းစားပြီး ...

'' နေစမ်းပါဦး ...။ အဲဒီအဆိုတော်သစ်ရဲ့ နာမည်က ဘယ်သူတဲ့လဲ ''

MMCYBERMEDIA
community for all

'' အခမ်း(မ်) ... တဲ့ ''

'' ဟင် ... တစ်ခါမှလည်း မကြားဖူးဘူး။ နာမည်ကလည်း ရှမ်းလိုလို တရုတ်လို လိုနဲ့ ''

ကက်သရင်းက နှုတ်ခမ်းစူပြီး ပြောလိုက်သည်။ ဝတ်မှုန်ကလည်း. . .

'' ဘယ်ကြားဖူးမလဲဟဲ့ ... ။ အခုမှ အခွေထုတ်မယ့် အဆိုတော်သစ်ပါ ဆိုမှ။ အသက်နှစ်ဆယ်လောက်ပဲ ရှိသေးတယ်။ လူငယ်ပဲ... ''

သူတို့နှစ်ယောက် ဒီအတိုင်းချည်း လမ်းလယ်ခေါင်မှာ ရပ်ကာ ပွစိပွစိငြင်းခုန် နေလို့ မဖြစ်တော့။ ထိုကြောင့်...အနီးမှ ဖြတ်သွားသော ဈေးခြင်းတောင်းဆွဲထားသည့် အမျိုးသမီး ကြီးတစ်ယောက်ကို . . .

'' ဒေါ်ဒေါ် ... ။ ဒီရပ်ကွက်မှာ အခမ်း(မ်) ရှိတဲ့အိမ် ဘယ်အိမ်လဲဟင် ...။ သိလား ''

'' အောင်မလေး . . . တူမကြီးရယ်။ ဒီရပ်ကွက်မှာ အိမ်တိုင်း အခန်းနဲ့နေကြတာ ချည်းပဲကွဲ့။

ဒေါ်ဒေါ်တို့အိမ်ဆိုရင် . . . အိပ်ခန်းကနှစ်ခန်း၊ ထမင်းစားခန်းနဲ့ မီးဖိုချောင်ကတစ်ခန်း...ရေချိုးခန်း က. . .အဲ. . .အဲ. . .''

'' ရပါပြီ ဒေါ်ဒေါ် . . . ရပါပြီ။ ကျေးဇူးပဲနော် ''

ကြာကြာဆက်မေးနေလျှင် သူတို့ကို အိမ်ပွဲစားတွေဟု ထင်တော့မှာ သေချာ သလောက်ဖြစ်နေသောကြောင့် စကားစ မြန်မြန်ဖြတ်ပြီး ခပ်သုတ်သုတ် လှည့်ထွက်ခဲ့တော့သည်။

ထိုစဉ် . . . နားစွန်နားဖျားကြားသွားသော ထိပ်ပြောင်ပြောင်နှင့် လူဝကြီးတစ် ယောက်က . . .

'' ဒီက . . . ငါ့တူမကြီးတွေက အခန်းငှားချင်လို့လားကွဲ့ ''

'' အာ . . . မဟုတ်ပါဘူးဦးလေး။ သမီးတို့က အဆိုတော် အခမ်း(မ်) ကိုရှာနေ တာပါ ''

လူဝကြီးက ပြောင်လက်နေသော သူ့ဦးပြည်းထိပ်ကို လက်ဖြင့်ပွတ်ရင်း အတန်ကြာ စဉ်းစားနေသည်။

'' အင်း ... အဆိုတော် အခန်း...။ အဆိုတော် အခန်း...။ ဟိုဒင်း ...အဆိုတော်လားတော့မသိဘူးကွဲ ့။ ပန်းချီဆွဲတဲ့ နေမျိုးဆေးဆိုတဲ့ လူတစ်ယောက်တော့ ဟောဟိုရှေ့နားမှာနေတယ်။ သူလည်းအရင်တုန်းက သီချင်းတွေ ဘာတွေ ဆိုတယ်ထင်ပါရဲ့ ။ အခုတော့ . . . ဆိုနိုင်ရှာမယ် မထင်ဘူး။ မနေ့ကတင် သူ့မိန်းမ ဆုံးသွားလို့တဲ့ . . . ။ အိမ်ရှေ့မှာ ထိုင်ပြီး တရှုံ့ရှုံ့ ငိုနေတာ တွေ့ခဲ့တာပဲ။ ဘာတုန်း . . . ငါ့တူမကြီးတို့က အသုဘသတင်းမေးဖို့ လာကြတာလား ''

'' ဟာ...တောက်တီးတောက်တဲ့ ဦးလေးရယ်...။ မဟုတ်ပါဘူး ''

ဝတ်မှုန်က မျက်နှာရှုံ့မဲ့သွားပြီး ခါးခါးသီးသီး ငြင်းလိုက်သည်။ သူတို့စကားပြောနေစဉ် နံဘေးမှဖြတ်သွားသော မျက်နှာပြောင်စပ်စပ် နှင့် လူငယ်ကလှမ်းပြီး. . .

MMCYBERMEDIA
community for all

''အဆိုတော် အခန်းဆိုရင်တော့ ဒီကနေ တည့်တည့်လျှောက်သွား။ ဟိုရှေ့က ကွမ်းယာဆိုင်ရောက်ရင် ညာဘက်ချိုးလိုက်...။ ပိတောက်ပင်နဲ့ မျက်နှာချင်းဆိုင်တည့်တည့်၊ မြေညီထပ်ပဲ... ''

'' သြော်...ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ကျေးဇူးပါပဲရှင် ''

ဝတ်မှုန်က ကျေးဇူးတင်စကားပြောပြီး ' လာ...လာ...ကက်သရင်း 'ဟုဆိုကာ ကက်သရင်းနှင်းဆီ၏ လက်ကို ဆွဲလျက် ထိုလူငယ်ညွှန်ပြရာဆီသို့ ဝမ်းသာ အားရ သုတ်ခြေ တင်တော့သည်။
အနောက်ဆီမှ ခပ်တိုးတိုးရယ်သံ ကြားရသော်လည်း သူတို့ဂရုမစိုက်တော့ပါ။

'' ဒီမှာ...ဒီမှာ... တဆိတ်လောက်ရှင်။ ကျွန်မက ရွှေဂီတဂျာနယ်က သတင်းထောက်ဝတ်မှုန်ပါ ။ အဆိုတော် အခမ်း(မ်) ကိုရှာနေတာပါ ရှင်။ အင်တာဗျူးလုပ်ဖို့..''

'' သြော်...အင်တာဗျူးလုပ်ချင်လို့လား ။ ကြွပါ...ကြွပါ...အထဲကို ဝင်ကြပါ ''

အသက်ခြောက်ဆယ်ကျော်ခန့်ရှိသော အဘိုးကြီးတစ်ဦးက တလေးတစားဆီးကြိုပြီး တံခါးဖွင့်ပေး၏။ အဘိုးကြီးခဗျာ ပါးစပ်ထဲတွင် သွားတစ်ချောင်းမှမရှိတော့သောကြောင့် စကားပင်ကောင်းကောင်းမပီချေ။

" ကိုင်း... ထိုင်ကြဦး ငါ့တူမကြီးတို့ "

သူတို့နှစ်ယောက်ကို ဧည့်ခန်းထဲမှာ ထိုင်ခိုင်းပြီး အဘိုးကြီးက အိမ်ခန်းအတွင်းသို့ ဝင်သွားသည်။ ဝတ်မှုန်က သူမထံတွင်ပါလာသော ကက်ဆက် အငယ်စားကလေးထဲသို့ တိပ်ခွေ အလွတ်တစ်ခွေ ထည့်လိုက်ပြီး အသံဖမ်းရန် ပြင်ဆင်သည်။ ထို့နောက် ကင်မရာထဲ ဖလင်လက်ကျန်အရေအတွက်ကို စစ်ဆေးကြည့်လိုက်၏။

ထိုစဉ် အဘိုးကြီးက ကိုကာကိုလာ အချိုရည်သံဘူး နှစ်ဘူး၊ ဖန်ခွက်လွတ် နှစ်ခွက်၊ ကိတ်မုန့်တစ်ပန်းကန်တို့ကို လင်ပန်းပေါ်တွင် လက်သုတ်ပုဝါခေါက်နှင့်အတူ ထည့်ယူလာကာ...

'' ကဲ ... ကဲ...အအေးလေး အရင်သုံးဆောင်ကြပါဦး။ မောလာတယ်နဲ့တူပါရဲ့ ''

တကယ်လည်း သူတို့နှစ်ယောက်စလုံး ခြေကျင်လည်လျှောက်ခဲ့ရသည့်ဒဏ်ကြောင့် မောပန်းရေငတ် နေရသည်ဖြစ်ရာ ဟန်လုပ်မနေနိုင်ကြတော့ဘဲ အချိုရည်ဘူးများကိုဖောက်ပြီး တဂွပ်ဂွပ်နှင့်အားပါးတရ သောက်လိုက်ကြ၏။
ကက်သရင်နှင်းဆီက အအေးသောက်ရင်း ' ဒီအဖိုးကြီးဟာ အဆိုတော်အခမ်း(မ်) ရဲ့ အဖေလား...၊ ဦးလေးလား ' ဟု စဉ်းစားနေသည်။ ဝတ်မှုန်ကတော့ သူတွေ့ချင်သော အဆိုတော်အခမ်း(မ်)ကို မမြင်ရသေးသောကြောင့် အတွင်းခန်းဘက် ဆီသို့ လည်ပင်းတမျှော်မျှော်နှင့် ဖြစ်နေ ၏။

'အဝတ်အစားများ လဲနေတာလား. . .။ ဘယ်အချိန် ထွက်လာလေမလဲ' . . . ဟု မျှော်ရင်း မျှော်ရင်း အအေးဘူးနှင့် မုန့်တွေအားလုံး တက်တက်ပြောင်သွားသည်။ဒီအချိန်ထိ အဆိုတော်က ထွက်မလာသေး။

ထို့ကြောင့် သူ့ရှေ့တည့်တည့် ဆိုဖာပေါ်တွင် မိန့်မိန့်ကြီးထိုင်နေသော အဘိုးကြီးကို ဝတ်မှုန်ကမေးလိုက်သည်။

'' ဘဘ အဆိုတော်အခမ်း(မ်)ကော ဟင် ''

MMCYBERMEDIA
community for all

'' အဆိုတော်နေတဲ့ အခန်းကတော့ ဒီအခန်းပဲလေကွယ်။ နေတဲ့အဆိုတော်ကတော့... ''

အဘိုးကြီးက သူ့ကိုယ်သူ ဆယ်ကျော်သက် လူပျိုပေါက်လေးသဖွယ် ခိုးခိုးခစ်ခစ်ရယ်လိုက်ပြီး...

'' အဆိုတော်ကတော့ ဟဲ. . .ဟဲ. . . သမီးတို့ရှေ့မှာတင် အိုက်တင်တွေအပြတ်ပေးပြီး ခန့်ခန့်ညားညားကြီး ထိုင်နေတယ်လေကွယ်...။ ခစ်...ခစ်...ခစ်...။သွားမရှိပေမဲ့ အများသိကြတဲ့ ခေတ်ဟောင်းအဆိုတော်ကြီး ဦးဖိုးကြာဆိုတာ ဘဘပါပဲကွယ်. . .။ ဟစ်. . .ဟစ်. . .ဟစ်. . . ''

ဝတ်မှုန်ကော ကက်သရင်းနှင်းဆီပါ မျက်လုံးပြူးသွားကြသည်။ ချောက်တော့ ကျပြီ။ ဘာလုပ်ရမှန်းမသိ။ ဝတ်မှုန်က ထစ်တီးထစ်အ ဖြင့်. . .

'' ဟို...ဟိုဒင်းလေ...။ သမီးတို့က ဘဘဆီ လာတာတော့မဟုတ်...''

'' အိမ်းလေ. . .။ တမင်မရည်ရွယ်ပေမဲ့လည်း ပဋ္ဌာန်းဆက်ကရှိနေတော့ကာ . . . အခု ဘဘဆီကိုဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြပြီ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ဇျူးဖို့သာလိုရင်းပဲကွဲ့။ ဇျူးသာ ဇျူးကြ. . .ဟဲ. . .ဟဲ။ အဇျူးခံချင်နေတာ ကြာလှပြီ။ ဘယ်သူမှ လာမမေးကြလို့...။ ကိုင်း. . .ဘယ်ကစမေးမလဲ ငါ့တူမကြီး. . .လုပ်လေ ''

ဝတ်မှုန်ကတော့ မျက်နှာရှုံ့မဲ့သွားလေသည်။ ကက်သရင်းနှင်းဆီကလည်း 'ကဲ သေသေချာချာ မမေးမစမ်းဘဲ အိမ်ထဲ စွတ်ဝင်ပြီး ဇျူးချင်ဦးလေ' ဟူသည့် ဒေါသအကြည့်ဖြင့် မျက်စောင်းထိုးရင်း ဝတ်မှုန်ကို ကျိတ်ဆွဲသည်။

ဝတ်မှုန်ခမျာ နာကျင်သည့်ဒဏ်ကို တကျွတ်ကျွတ်စုပ်သပ်ကာ ကြိတ်မှိတ်ခံစားရင်း မျက်လုံးလေး ပေကလပ် ပေကလပ် လုပ်နေသည်။ အဘိုးကြီး ဧည့်ခံထားသမျှကိုလည်း ပါးဖြဲနားဖြဲ နင်းကန်စားသောက်ပြီးနေပြီ။ ယခုမှတော့ 'ပြန်လိုက်ဦးမယ်နော်' ဟုဆိုကာထလစ်သွားဖို့လည်း မကောင်းတော့ပြီ။

''ဟုတ်...ဟုတ်ကဲ့...ဘဘ။ ဒီ ဂီတလောထဲကို ဘဘ ဝင်ရောက်လာခဲ့ပုံလေး... အဲ...အဲဒါ...''

မထူးတော့ဘူးဟု စိတ်ကူးကာ ကက်ဆက်လေး ထိုးပေးပြီး အဘိုးကြီး စိတ်ကျေနပ်အောင် မေးပေးလိုက်သည်။

အဘိုးကြီး၏ မျက်လုံးများက ပျော်ရွှင်မြူးတူးစွာ အရောင်တောက်ပသွားကြပြီး အဟမ်း ... အဟမ်းဟု ချောင်းဟန့်လိုက်ကာ...

'' ဟိုတစ်ခေတ် တစ်ခါတုန်းကပေါ့ကွယ်...။ ဘဘ မိဘများရဲ့ စီးပွားရေးလုပ်ငန်းက သီချင်းဓာတ်ပြား ကုမ္ပဏီ ထောင်ကြတယ်။ အဲဒီတုန်းက အဆိုတော် ကိုအံ့ကြီးတို့ ... ကိုမြကြီးတို့ နာမည်ကြီးနေချိန်ပေါ့။ ဘဘ ရဲ့မိဘများက စီးပွားရေးမှာ လာဘ်မြင်ကြသကွဲ့။ လာဘ်တင်မကဘူး ဘူတွေ...ကိုးတွေ...ကုလားတွေ...ဂျိုကာတွေပါ မြင်ကြတယ်။ အဲဒီတော့ ဓါတ်ပြား ကုမ္ပဏီဖွင့်ထားမယ့်အတူတူ ကိုယ့်တူကိုယ့်သားထဲကနာမည်ကြီးအဆိုတော်ဖြစ်ရင် မြက်မြက်ကလေး စားရမှာပဲဆိုပြီး ဘဘကို သီချင်းဆိုဖို့ မြှောက်ပေးပြီး ဓါတ်ပြားထုတ်ကြသကွဲ့။ ဘဘနာမည်ကို လည်း ကိုအံ့ကြီး ကိုမြကြီးတို့နဲ့ ခပ်ဆင်ဆင်တူအောင် ဖိုးကြာကြီး ... ဆိုပြီး ပေးလိုက်တယ်။ '' ဖိုးကြာကြီးရဲ့ မခင်နှင်းဆီ '' ...ဘာညာ...ဘာညာပေါ့ကွယ်။ ဘဘက အဲဒီလို သူများသီချင်း ခိုးချတဲ့နေရာမှာလည်း မျက်နှာပြောင်သကွဲ့ ''

'' ဘယ်နခွေနဲ့ အရင်းပြုတ်သလဲ ... ဘဘ''

''အို...ဘာကြာမတုန်းကွယ်။ ဓာတ်ပြားနစ်ချပ်လား သွင်းလိုက်ရတယ်...မိဘများလည်း စီးပွားပျက်တော့တာပဲ။

MMCYBERMEDIA
community for all

ကုမ္ပဏီပြုတ်သွားပေမဲ့လည်း ဘဘရဲ့ ဂီတအနုပညာဗီဇကတော့ မပဟားတရားကြီးကို ကြီးထွားလာသကွဲ့။ အကော်ဒီယံအုန်းကျော် နာမည်ကြီးတော့ သူကိုအားကျပြီး ရင်ဘတ်ရှေ့မှာ အကော်ဒီယံကြီး တန်းလန်းလွယ်လို့ သီချင်းဆိုတာပေါ့ ''

''လေကောချွန်သေးလား…ဘဘ''

'' သီချင်းတောင် ကောင်းကောင်း မဆိုဖြစ်လိုက်ပါဘူးကွယ် ။ လည်ပင်းမှာ အကော်ဒီယံကြီးလွယ်ထားတာကိုမြင်တော့ ကွမ်းယာသည် ဗန်းလွယ်ပြီး လိုက်ရောင်းနေတာလို့ ထင်ပြီး ဗမာဆေးနဲ့ တစ်ယာလောက် ပေးပါ.. ဘာညာ ဆိုပြီး လာလာဝယ်ကြတယ်။ အဲ…ဘဘကတော့ ဖွဲမလျော့ပါဘူး။ နာမည်ကြီးတဲ့ အဆိုတော်တွေကို ဆင်တူရိုးမှား လိုက်လုပ်တယ်။ သူများသီချင်းစာသားတွေကို ဟိုလိုလို ဒီလိုလို အကြံအဖန်လုပ်ပြီး ခပ်ဆင်ဆင်ခိုး ချတယ် ။ဟင်း…ဟင်း..ဂီတလောကမှာ လမ်းရိုးလမ်းမှန်နဲ့ မအောင်မြင်မဲ့အတူတူ အိမ်သာကြို အိမ်သာကြား ၊ နောက်ဖေးလမ်းက ပြုန်းကနဲဆို အလစ်ဝင်ပြီး နာမည်ကြီးအောင်လုပ်မယ်လို့ မလျော့သော ဝီရိယနဲ့ ကြိုးစားခဲ့တာ ဟောဒီက … ဘဘပေါ့ကွယ်…။ ''

'' ကြားရတာ ပါးချချင်စရာကောင်းလိုက်တာ ဘဘရယ် ''

ဝတ်မှုန်က အဘိုးကြီး မကြားအောင်တိတ်တိတ်ကလေး ခိုးပြီး ညည်းညူလိုက်သည်။ အဘိုးကြီးကတော့ပါးစပ်ကို ကက်ဆက်နားတော့ပြီး ဆက်ပြောနေ၏။

'' ဘဘက ဂီတလောကမှာ အမြင်ကျယ်တယ်။ အမြင်ကျယ်မှာပေါ့…။ တစ်နေ့တစ်နေ့ ပုရွတ်ဆိတ် အကောင်သုံးလေးဆယ် စားတာကိုး။ အဆိုတော် ကိုတင်လှိုင်တို့…၊ ကိုသန်းလှိုင်တို့ နာမည်ကြီးတော့လည်း ဒီလိုပဲ…ဆင်တူရိုးမှား လိုက်လုပ်တာပဲ။ 'တေးပလ္လင်မှာ အဆွေးဘုရင် ကိုတင်လှိုင်' ဆိုပြီး နာမည်ကြီးတော့ ဘဘကလည်း အားကျမခံ 'စျေးအိမ်သာမှ တေးကလိမ်ကမာ ကိုဖိုးကြာ' ဆိုပြီး အပီဟစ်လိုက်တာပေါ့ ''

'' အောင်မြင်ရောလား… အဘ ''

'' ဆဲစာတွေဆိုတာ လာလိုက်တာမှ မပြောပါနဲ့တော့ကွယ်။ ဒါပေမဲ့ ဘဘကတော့ မလျော့ပါဘူး။တွံတေးသိန်းတန်တို့…၊ ဟသ်ာတထွန်းရင် တို့လိုမျိုး မြို့နာမည်တွေ ရှေ့ကတပ်တဲ့ အခါကျတော့ ဘဘရဲ့မွေးရက်ဇာတိ တဖောင်းကြီးကုန်းရွာကို နာမည်ရှေ့က တပ်ပြီး ' တဖောင်းကြီးကုန်း…ဖိုးကြာ ' ဆိုပြီး လုပ်ပစ်လိုက်တာပဲ …။ ''

ဝတ်မှုန်ကော ကက်သရင်းပါ မျက်လုံးပြူးသွားကြသည်။ ဝတ်မှုန်က အထိတ်တလန့်ဖြင့်…

'' တဖောင်းကြီးကုန်းဆိုတော့ ဘဘနာမည်ကြီး ကြားရတာ မျက်စိထဲတောင် မမြင်ယောင်ကြည့်ရဲလောက်အောင်ပါလား ဘဘရယ် ''

'' အိမ်း… အဲဒီတစ်ချက်တော့ ဘဘမတွေးလိုက်မိဘူးကွဲ့''

ကက်သရင်းနင်းဆီက ဝတ်မှုန်ကို မသိမသာ လက်တို့ပြီး ' အခြေအနေ မကောင်းဘူး ထင်တယ်။ ပြန်လစ်ကြရအောင် ' ဟု ခပ်တိုးတိုး ကပ်ပြောသည်။

'' ဘာ…။ ဘာကိစ္စ ပြန်ချင်ရတာတုန်း ''

အဘိုးကြီးက ဆိုဖာပေါ် ထိုင်နေရာမှ ပြုန်းခနဲ ခုန်ထလိုက်ပြီး လက်ညိုးငေါက်ငေါက် ထိုးကာ

MMCYBERMEDIA
community for all

ဒေါသတကြီးဟိန်းဟောက်လိုက်သည်။ သွားမရှိသော အဘိုးကြီးဖြစ်သောကြောင့် တံတွေးများပင် စင်ထွက်လာ၏။

'' ဘာလို့ပြန်ရမှာလဲ။ မပြန်နဲ့ဦး။ ငါ့အင်တာဗျူးက ခုမှ အစပဲရှိသေးတယ်။ ဟင်း... ဟင်း... ငါ့လို ဝါရင့်အဆိုတော်ကြီးကို လေးစားရကောင်းမှန်း မသိဘူး။ ဒါက ဘာသဘောလဲ ''

ပြုံးစားကြီး ပြောင်းလဲသွားသော အမူအရာကြောင့် ဝတ်မှုန်ကော ကက်သရင်းနှင်းဆီပါ ပါးစပ် အဟောင်းသား ဖြစ်သွားကြ၏။

တစ်ခုခုတော့ မှားယွင်းနေလေပြီ။

အဘိုးကြီး၏ မျက်လုံးများက ပြူးကျယ်ကာ ချာချာလည်နေကြသည်။ မူ မမှန်တော့။

' ဘုရားရေ...။ အရူး...အရူးကြီးများလား '

ကက်သရင်း ချောက်ချားစွာတွေးလိုက်သည်။ ထိုအတွေးနှင့်ပင် သူမတစ်ကိုယ်လုံး တုန်ရင်သွားသည်။ ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွား၏။ လည်ကုပ်နှင့် နဖူးတွင် ချွေးစေးများ ထွက်လာကြ၏။

ကက်သရင်းနှင်းဆီက ' အရူး ' ဆိုလျှင် သေမတတ်ကြောက်ရွံ့ထိတ်လန့်သူ ဖြစ်သည်။

ဝတ်မှုန်နှင့် အထိတ်တလန့် အကြည့်ချင်းဆုံမိလိုက်သည့်အခါ ဝတ်မှုန်လည်း သူမနှင့် အတွေးချင်းတူနေမှန်း အချင်းချင်း ပြောစရာမလိုဘဲ သိလိုက်ရတော့သည်။

ဘုရား...ဘုရား...ဘယ်လို ထပြေးရမလဲ။

သူ...သူ...ငါတို့ကို လည်ပင်းထညှစ်နေရင် ဘယ်လိုလုပ်မလဲ။

ဝတ်မှုန်က သူ့ကက်ဆက်နှင့် ကင်မရာကို မသိမသာ အိတ်ထဲပြန်ထည့်သိမ်းဘို့ တုန်တုန်ယင်ယင်ဖြင့် ကြိုးစားနေစဉ်မှာပင်...

'' တောက် ''

အဘိုးကြီး၏ တောက်ခေါက်သံကြောင့် မျက်လုံးပြူးကာ ကျောက်ရုပ်ဖြစ်သွားသလို ကြက်သေ သေသွားသည်။ အဘိုးကြီး၏ သွားမရှိသော ပါးစပ်ထဲမှ တောက်ခေါက်သံနှင့်အတူ စဉ်ထွက်လာသော တံတွေးစက်က ဝတ်မှုန်၏ ပါးပြင်ပေါ် ဘတ်ခနဲ ကျလာသည်။

ဝတ်မှုန် သုတ်မပစ်ရဲ။ ကက်သရင်းကတော့ အသက်ပင် မရှူရဲလောက်အောင် ကြောက်နေလေပြီ။

အဘိုးကြီးက...

'' နင်တို့က ဘာသဘောလဲ...ဟင်။ နောက်မှပေါက်တဲ့ ရွှေကြာပင်တွေ နာမည်ကြီးတာကိုမှ အကောင်းထင်ချင်ကြတာလား။ ငါ့ကိုကျတော့ ချောင်ထိုးတာချင်တယ်ပေါ့ ''

'' မ...မဟုတ်ပါဘူး ဘဘရဲ့...။ ဟို...ဟိုဒင်း...အင်တာဗျူးကို ပါအောင်ထည့်...ထည့်ပေးပါမယ် ''

'' အေး...အဲဒီလို လုပ်စမ်းပါ။ တကယ်ဆို ခုခေတ်ပေါ်တဲ့ အဆိုတော်တွေထက် ငါက ပိုပြီး နာမည်ကြီးရမှာပေါ့။ ဒါမှ သဘာဝကျမယ်။ လူတွေက ငါ့ကို ရူးနေတယ်လို့ ပြောချင်ကြတယ်။ ငါ မရူးပါဘူး။ သူတို့ ငါ့ကို မနာလိုကြလို့ ပြောတာ...ငါသိသားပဲ ''

ငါ မရူးပါဘူး...ဟု ပြောလိုက်မှပင် ရူးနေမှန်း ပိုပြီးသေချာသွားလေတော့သည်။

အရူးတိုင်းက သူတို့ကိုယ်သူတို့ မရူးဘူးဟု ထင်နေကြသည်ချည်းပင် မဟုတ်ပါလား။

ကက်သရင်းနှင်းဆီကတော့ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေရင်း အိမ်ရှေ့ သံဘာဂျာတံခါးပေါက်ဆီသို့ အခွင့်သာသည်နှင့် ပြေးထွက်ရန် ချောင်းမြောင်းနေမိ၏။

အဘိုးကြီးက ဝတ်မှုန်ကို...

'' ငါ့ကို အသက်ကြီးလို့ ခေတ်မမီတော့ဘူးဆိုပြီး အထင်သေးနေသလား ''

'' ရှင်...မသေး...မသေးပါဘူး ...အဘ ''

''အေး...အထင်မသေးတာ မှန်တယ်။ ခုခေတ်လူငယ်တွေဆိုတဲ့ သီချင်းအားလုံး ငါ ဆိုတတ်တယ်။ သူတို့ထက်တောင် ပိုပြီး အော်ပြရဦးမလား။ ဟိုသီချင်း...ဘာတဲ့... ' အိမ်ကိုပြန်ခဲ့တော့...' ဆိုလား ဘာလား''

'' လေးဖြူနဲ့ မျိုးကြီး ဆိုထားတာလား ''

'' အေးအေး ... ဒီကောင်တွေ ဘာဟုတ်သေးလို့တုန်း။ နားထောင် ငါအော်ဆိုပြမယ်။

... ဟေး...ညီလေး...အိမ်ကို မင်း လွမ်းနေသားနဲ့ ... ''

သွားတစ်ချောင်းမှ မရှိသည့် ပါးစပ်ဖြင့် ' ဟေး...ညီလေး' ဟု ကုန်းအော်လိုက်ရာ စကားမပီသောကြောင့် '

MMCYBERMEDIA
community for all

ဟိန္ဒူလေး … ` ဟူသော အသံပြဲကြီးက လမ်းမမှပင် ကျယ်လောင်စွာ ကြားရလောက်အောင် ဟိန်းသွား၏
" ဟရေး…ဘာဘူဆပ်။ ချွန်ဒေါ်ကို ခေါ်သလား ''

အိမ်ရှေ့ ့ မလှမ်းမကမ်းတွင် ကွမ်းယာရောင်းနေသည့် ဟိန္ဒူကုလားကြီးက ကပျာကယာပြေးလာပြီး လှမ်းမေးရင်း ကက်သရင်းနှင့် ဝတ်မှုန်တို့ကို မြင်လိုက်ရာ…

" ကန်မလေးတွေ။ အဲဒီမှာ ဘာလုပ်နေကြတာလဲ။ အဲဒီဘာဘူဆပ်နော် … ယဉ်ယဉ်ကလေးနဲ့ ရှူးနေတယ်။ နင်တို့ ကန်းကန်းဒုက္ခရောက်သွားမယ်။ လာ…လာ…မြန်မြန်ထွက် ''

ပြောပြောဆိုဆိုနှင့် သံဘာဂျာတံခါးကို တွန်းဖွင့်ပေးလိုက်သည်။

'' ပြေး…ပြေး… ဝတ်မှုန်ရေ "
လူတစ်ကိုယ်စာ တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက် ကက်သရင်းက တဟုန်းထိုး ပြေးတော့သည်။

'' ကက်သရင်း … ငါ့ကို စောင့်ပါဦး ''
'' ဟဲ့…ကောင်မလေးတွေ မပြေးနဲ့ လေ။ ငါကို ခါတ်ပုံမရိုက်ကြတော့ဘူးလား။ ဟဲ့…ပြန်လာခဲ့ကြ "
'' လိုက်လာပြီ ကက်သရင်းရေ …။ အရှူးကြီး လိုက်လာပြီ ပြေး…ပြေး ''

ကက်သရင်း ကြောက်ကြောက်ဖြင့် မျက်စိကို စုံမှိတ်ပြီး တအားကုန် ဖွတ်ပြေးရာ…

MMCYBERMEDIA
community for all

အခန်း (၂)

ဘုရား...ဘုရား...ကယ်တော်မူပါ။
ဒီအရူးကြီးလက်က လွတ်အောင် မပြေးနိုင်ရင်တော့ ဒုက္ခပါပဲ။
'' ပြေး...ပြေး... ကက်သရင်း၊ အရူးကြီး... အရူးကြီး နောက်ကပြေးလိုက်လာပြီ ''

ပြေးရလွန်းသောကြောင့် အဆုပ်ထဲမှာ လေမရှိတော့။ အသက်ရှူ သံတွေ မြန်ကာဟောဟဲ လိုက်နေသည်။ နှလုံးခုန်သံတွေ တဒိန်းဒိန်း တုန်ယင်နေ၏။
ကက်သရင်း မျက်စိတွေ ပြာဝေလာသည်။ ဘာကိုမှ မမြင်တော့။
နောက်မှ လိုက်ပါလာမည့် အန္တရာယ်ကို ကြောက်လန့်သည့်ဇောဖြင့် မျက်စိစုံမှိတ်ပြီး ကားလမ်းပေါ် အတင်းဖွတ်ဖြတ်တက်ကာ ပြေးလိုက်သည်။

" ဒုန်း ''
'' အမယ်လေး ''
မာကျောသော မော်တော်ကား သံကိုယ်ထည်တစ်ခုနှင့် ဝုန်းခနဲ ဆောင့်တိုက်မိပြီး ကားလမ်းပေါ် ခွေလဲကျသွားတော့သည်။

ဦးခေါင်းထဲမှာ မိုက်ခနဲ။
သူ့ ကိုယ်သူ ကားလမ်းပေါ်တွင် မှောက်လျက်သား ခွေခွေလေးလဲကျနေသည်ကိုသာ သိတော့သည်။

" ဟင်...ဘာဖြစ်သွားသေးလဲ ...ဘယ်နားထိသွားလဲဟင် ''
စိုးရိမ်ပူပန်စွာမေးလိုက်သော ယောကျ်ားတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။
ထိုသူကပင် သူမ၏ ပုခုံးနှစ်ဖက်ကို အသာအယာပွေ့ပြီး ထူမလိုက်သည်ကို ခံစားသိဖြင့် သိလိုက်၏။

" ဟာ...ခေါင်းပေါက်သွားတယ် ထင်တယ်။ နဖူးမှာ သွေးတွေနဲ့ ''
ထိုသူ၏ စကားသံကြောင့် ကက်သရင်းနင်းဆီက မျက်လုံးကို အသာအယာ ဖွင့်ကြည့်လိုက်သည်။
မျက်ခုံးထူထူ၊ မျက်လုံးနက်နက်နှင့် နှုတ်ခမ်း၊ နှာတံ ပိရိသေသပ် ထင်ရှားသော လူရွယ်တစ်ယောက်၏ မျက်နှာကို မြင်လိုက်ရ၏။ (ထိုသူ၏ မေးဖျားအလယ်တည့်တည့်မှ ကွဲကြောင်းရာချိုင့်ခွက်ကလေးပါ သူမ သတိထားမိလေသည်)

ထိုသူက သူမနဖူးမှ သွေးစကလေးများကို စိုးရိမ်တကြီးဖြင့် သုတ်ပေးနေသည်။
ကက်သရင်းက...
" ခြေထောက် ... အား...ကျွတ်...ကျွတ်..ခြေထောက်က ပိန်နာတယ်။ အား... ''
ထိုစဉ် နောက်မှ အမောတကော ပြေးလိုက်လာသော ဝတ်မှုန်က

'' ဟင်... ကက်သရင်း။ ဘာ ...ဘာဖြစ် ''
ကက်သရင်းနင်းဆီက ပြန်မဖြေနိုင်ခင်မှာပင် သူမကို ပွေ့ထားသော လူရွယ်က...

' ကားကို တိုက်မိတာ ''

MMCYBERMEDIA
community for all

'' ဘာ...ရှင့်။ ကားတိုက်ခံရတာ...။ ဟုတ်လား ''
'' ဟင့်အင်း ... ။ သူက ကားတိုက်ခံရတာမဟုတ်ဘူး။ ကျွန်တော် ကားက ဒီမှာတင်ရပ်ထားတာ...။ အဲဒါကို သူက ပြေးလာပြီး ကျွန်တော့်ကားကို ဝင်တိုက်ပစ်လိုက်တာ... ''

'' ဘုရားရေ...။ ဒါဆို...နဖူးက သွေး...သွေး...တွေက ''
'' နဖူးမှာ ပေါက်ပြဲသွားတာက ဒဏ်ရာသေးသေးလေးပါ။ လဲကျတုန်းက ကားရှေ့ဘန်ပါနဲ့ ဆောင့်မိ သွားတာလား မသိဘူး။ နည်းနည်းလေးပဲ့သွားတာပဲ ''

ထိုသူက သွေးများကို စင်အောင် တစ်ရှူးစက္ကူစဖြင့် သုတ်ပစ်ရင်း ဒဏ်ရာကို သေသေချာချာကြည့်၍ပြောလိုက်သည်။ ဝတ်မှုန်က စိုးရိမ်တကြီးဖြင့်...

'' ကက်သရင်း...ကက်သရင်..နင်...နင် ဘာမှမဖြစ်ဘူးနော် ''
ကက်သရင်းနင်းဆီက အသက်ကို မှန်မှန်ရှူရင်း...
'' ရတယ်...ငါ ဘာမှမဖြစ်ဘူး။ ဟို...ဟို...ခြေထောက်ပဲ အရမ်းနာနေတယ်...။ ကျွတ်...ကျွတ်''

သူမကို ပွေ့ထူထားသော လူရွယ်၏ လက်အစုံကြားမှ ရုန်းထွက်ပြီး မတ်တပ်ရပ်ဘို့ ကြိုးစားကြည့်သည်။ မရ။

'' အား...။ ခြေမျက်စိအပေါ်နားလောက်က...ကျွတ်...ကျွတ်။ အဲဒီထဲက အရမ်းနာနေတယ် ''

''ခြေသပွတ်တိုင် လည်သွားတယ် ထင်တယ်။ ဆေးခန်းသွားပြလိုက်ရင် ကောင်းမယ်။ ကဲ...လာပါ။ ကားပေါ်တက် ကျွန်တော်လိုက်ပို့ပေးပါရစေ ''

'' အို...မလိုပါဘူး။ ဒီလောက်လေးများ ...။ ကျွန်မဘာသာ ကျွန်မ အိမ်ကိုပဲပြန်မယ် ''
ကက်သရင်းနင်းဆီက ခပ်မာမာပင် ငြင်းလိုက်သည်။ ထိုသူက

'' အိမ်ပြန်ချင်ရင်လည်း ကျွန်တော်ပဲ လိုက်ပို့ပေးပါရစေ...။ ကျွန်တော် ကားနဲ့ တိုက်မိတာဆိုတော့ ကျွန်တော့်မှာ တာဝန်ရှိပါတယ် ''

အို...ဘယ်လိုလူစားလဲ ။ အတင်းကြီးကို လိုက်ပို့ချင်နေတော့တာပါပဲ...ဟူသည့် အတွေးဖြင့် ကက်သရင်းက ထိုသူ့ကို စူးစူးရဲရဲ ပြန်ကြည့်ဖြစ်လိုက်သည်။

ထိုသူ့ မျက်နှာကို တစ်နေရာရာမှာ မြင်ဖူးသလိုလို ရှိသည်။
ဘယ်မှာမြင်ဖူးမှန်းတော့ မမှတ်မိ။
ထူးထူးခြားခြား သူ့မေးစေ့အလယ်က ချိုင့်ကလေးကို မှတ်မိနေတာကတော့ သေချာသည်။
ကက်သရင်း ဖွတ်ပင် ငြင်းသည်။

'' အို ... ဘာဆိုင်လို့ ရှင့်မှာ တာဝန်ရှိရမှာလဲ ကျွန်မကို လာတိုက်တာမှမဟုတ်တာ။
ကျွန်မက ဝင်တိုက်တာပဲ။ ရှင့်ဘာသာ ရှင် အနေသာကြီးပါ။ ကျေးဇူးတင်ပါတယ်။ ရှင်သွားစရာရှိတာသွားပါ။ အား... ကျွတ်...ကျွတ်...မူးလိုက်တာ ''

''မူးတယ်...ဟုတ်လား။ ဩော်...ခင်ဗျားက အရက်လည်းသောက်လာခဲ့သေးတာကိုး။ နောက်ဆို သောက်ရင် သိပ်မများစေနဲ့ပေါ့ဗျာ ''

MMCYBERMEDIA
community for all

'' ဘာ…ရှင့်။ အရက်သောက်လို့ မူးတာမဟုတ်ဘူး။ ရှင့်ကားနဲ့ ခေါင်းဆောင့်မိလို့ မူးနေတာ။ အရေးထဲ…''

'' အဲဒါကြောင့် ပြောတာပေါ့။ ကျွန်တော် လိုက်ပို့ပေးပါ့မယ်…လို့။ ကျွန်တော် တခြားသွားစရာလည်း လာစရာကိစ္စလည်း မရှိပါဘူး။ ဒီနားမှာ ကျွန်တော့် သူငယ်ချင်း ပန်းချီဆရာတစ်ယောက်ရဲ့ဇနီး ဆုံးသွားလို့ အသုဘသတင်း လာမေးရုံပါပဲ ''

ဝတ်မှုန်ကတော့ အားနာဟန်ဖြင့်…

'' ဟုတ်သားပဲ ကက်သရင်းရယ်…။ သူက အကောင်းပြောနေတဲ့ဥစ္စာ…။ ပြီးတော့ နင့်ခြေထောက်ကလည်း ကောင်းကောင်းရပ်လို့မရဘူး။ ဘယ်လိုလုပ် လမ်းလျှောက်မလဲ ''

'' ဟာ…ဝတ်မှုန်ကလည်း ရပါတယ်ဆို။ ဆိုက်ကားဖြစ်ဖြစ်၊ တက္ကစီဖြစ်ဖြစ်တွေ့ရာ စီးသွားရင် ရတာပဲဥစ္စာ။ သူလိုက်ပို့မှ ဖြစ်မှာလား။ နည်းနည်းပါးပါး ပွန်းတာပဲ့တာလောက် ကို ရေးကြီးခွင်ကျယ် အကြောင်းပြပြီး သူများကိုအားကိုးရရတာ သိက္ခာကျတယ် ''

ကက်သရင်းနင်းဆီ၏ စကားကို ထိုသူက ချက်ချင်းကန့်ကွက်သည်။

'' သူများကို အားကိုးတိုင်းသာ သိက္ခာကျရစတမ်းဆိုရင် ကိုယ့်ဆံပင် ကိုယ်မညှပ်ဘဲ ဆံပင်ညှပ်ဆိုင်သွားတဲ့ လူတိုင်းဟာ ရှက်လွန်းလို့ သာကေတတံတားပေါ်က ခုန်ချဘို့ပဲ ကောင်းတော့တယ်။ ကျွန်တော်က ခင်ဗျားခြေထောက်က ဒဏ်ရာကြောင့်သွားရလာရ အခက်အခဲ ဖြစ်နေမှာ စိုးလို့ပါ ''

ကက်သရင်းက မျက်မှောင်ကြုတ်ကြည့်ရင်း…

'' ကျွန်မ ဒဏ်ရာက မဖြစ်စလောက်ပါ…လို့ ရှင့်ကို ပြောပြီး ပြီမဟုတ်လား ''

ထိုသူက ပြုံးလိုက်သည်။ အနည်းငယ်ထူသော နှုတ်ခမ်းအစုံက သူ့အပြုံးကို ကလေးတစ်ယောက်နှင့် တူသွားစေ၏။ သူက ကက်သရင်းနင်းဆီ၏ မျက်ဝန်းအတွင်းနက်နက် ထဲအထိ ထိုးဖောက်စိုက်ကြည့်ရင်း စကားတစ်ခွန်း ကို ညင်သာစွာပြောသည်။

> '' အပ်ဖျားတစ်ထောက်စာ ဒဏ်ရာလေးဆိုပေမဲ့
> ဆပ်ပြာပူဖောင်းအတွက်ဆိုရင်တော့
> အဲဒါက . . .
> ဘဝပျက်သွားစေနိုင်တာပဲ မဟုတ်လား ''

ထိုစကားကြောင့် သူမ ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွားသည်။

သူမကိုယ် သူမပင် သတိမထားမိလိုက်ဘဲ နှုတ်ခမ်းများ ပွင့်ဟသွားကြ၏။
ထိုသူ့ကို ဖျတ်ခနဲ အလန့်တကြား လှမ်းကြည့်ဖြစ်သည်။

လွန်ခဲ့သော ငါးနှစ်ခန့်က မြန်မာ့ရုပ်ရှင်နယ်ပယ်တွင် ထူးထူးခြားခြား လှုပ်ခတ်သွားသည့် ရုပ်ရှင်ကားတစ်ကား ရုံတင်သွားခဲ့ဖူးသည်ကို သူမ ပြန်လည်ပြီး သတိရ မှတ်မိလာ၏။

ထိုရုပ်ရှင်ကားမှာ မြို့လယ်ရုပ်ရှင်ရုံကြီး တစ်ရုံတွင် တစ်ပတ်မျှသာ ရုံတင်သွားခဲ့သည်။ အခြားရုံများတွင်လုံးဝ ပြသလိုက်ရခြင်း မရှိ။ စရံပေးထားသော ရုံပိုင်ရှင်များက စရံငွေအဆုံးခံကြသည်။

MMCYBERMEDIA
community for all

နယ်ရုပ်ရှင်ရုံများကဆိုလျှင် ထိုဇာတ်ကားကို ' အလကားပေးတောင် မယူဘူး '... ဟု ပြောင်ပြောင် တင်းတင်း ငြင်းဆိုကြသည်။ သို့ဖြင့် ထိုဇာတ်ကားမှာ ဘာသံမှ မကြားရတော့ပဲ စုံးစုံးမြုပ်သွားရတော့သည်။

ရုံပိုင်ရှင်များကိုလည်း အပြစ်တော့ မဆိုသာ ။ ထိုဇာတ်ကားသည် ပထမပွဲ စတင်ပြသသည့်နေ့မှာပင် လူအတော်အသင့်ဝင်လိုက်ပြီး နောက်ထပ်ခြောက်ရက်လုံးလုံး လူမဝင်တော့ချေ။

ထုတ်လုပ်ရေးစရိတ် အားလုံး ခွက်ခွက်လန်အောင် ရှုံးသည်။ သို့သော် ရုပ်ရှင်ထုတ်လုပ်သူကတော့ သူလုပ်ချင်သော အနုပညာကို စိတ်တိုင်းကျ လုပ်လိုက်ရသဖြင့် ကျေနပ်အားရသည်ဟု ဆိုသည်။

ထိုဇာတ်ကား၏ ထူးခြားချက်မှာ ရုပ်ရှင်အစအဆုံး စကားတစ်ခွန်းမှ မပြောခြင်းပင်ဖြစ်၏။
သီချင်းလည်းမဆို၊ နောက်ခံတေးဂီတလည်း မပါ။
ရုပ်ရှင်ပြသချိန် (၂) နာရီလုံးလုံး လုံးဝ တိတ်ဆိတ်နေ၏။
အသုဘ အခမ်းအနားတစ်ခုနှင့်ပင် တူနေတော့သည်။

ဇာတ်သိမ်းတွင် ' ပြီးပါပြီ ' ဟု စာတန်းထိုးခါနီး စက္ကန့်သုံးဆယ် အလိုလောက်ရောက်မှ ဇာတ်လိုက်မင်းသားက စကားတစ်ခွန်းတည်းပြောသည်။

'' အပ်ဖျားတစ်ထောက်စာ ဒဏ်ရာလေးဆိုပေမဲ့
ဆပ်ပြာပူဖောင်းအတွက်ဆိုရင်တော့
အဲဒါက . . .
ဘဝပျက်သွားစေနိုင်တာပဲ မဟုတ်လား '

သည်လောက်ရူးသွပ်သောဇာတ်ကားကို (ငွေကြေးအရ ရှုံးမည်မှန်း သိသိချည်းနှင့်) တမင် ပိုက်ဆံအဆုံးခံရလောက်အောင် မိုက်မဲသော ရုပ်ရှင်ထုတ်လုပ်သူက မည်သူနည်း။

ထိုရုပ်ရှင်ဇာတ်ကားတွင် ဇာတ်လိုက်မင်းသားအဖြစ် သရုပ်ဆောင်သူကိုယ်တိုင်က သူ့ပိုက်ဆံသူထုတ်ပြီး ဒါရိုက်တာလုပ်ကာ ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ (နောက်...နောင်တွင်လည်း ထိုရုပ်ရှင်မင်းသားကို မည်သည့် ဇာတ်ကားတွင်မှ မတွေ့ရတော့ချေ)

ထိုရုပ်ရှင်မင်းသား၏နာမည်ကား. . .နရစိုး။ မေးဖျားတွင် အချိုင့်ကလေးနှင့်။

'' ရှင့်. . . ရှင့်နာမည်က နရစိုးလား ''

ထိုစကားကို လွှတ်ခနဲ မေးလိုက်သူက ဝတ်မှုန်ပင်ဖြစ်သည်။ ဒီနေရာမှာတော့ ဝတ်မှုန်က သတင်းထောက် ပီသလှ၏။

နရစိုးက ဝတ်မှုန်ဘက်သို့ ဖျတ်ခနဲ မျက်လုံးဝေ့ကြည့်လိုက်ပြီးနောက် ခေါင်းတစ်ချက် ညိတ်ပြသည်။
ထိုနောက်. . .

'' ခင်ဗျားက ကျွန်တော့်ကို ဘယ်လိုလုပ်ပြီး မှတ်မိနေရတာလဲ ''
'' ရှင့် ရုပ်ရှင်ဇာတ်ကားကို ကျွန်မ ကြည့်ဖူးတယ်လေ။ အဲ. . . ဟိုဒင်း. . . ကျွန်မတို့ နှစ်ယောက်စလုံး ကြည့်ဖူးတယ်''

ဝတ်မှုန်က ကက်သရင်းနှင်းဆီကိုပါ ရည်ရွယ်ပြီး ပြောလိုက်၏။

MMCYBERMEDIA
community for all

နရစိုးက ပေ့ါပါးစွာ ရယ်မောလိုက်ပြီး. . .

''ဒါဆို မြန်မာ့ရုပ်ရှင်သမိုင်းမှာ ပထမဆုံး နစ်နာရီသက်တမ်းပဲ ခံတဲ့ ကျွန်တော့်ဇာတ်ကားကို မြင်ဖူးလိုက်သူတွေပေ့ါ။ နောက်မှ အထူးဂုဏ်ပြုဧည့်ခံပွဲ လုပ်ပေးရဦးမယ်။ ကဲ. . . အခုလောလောဆယ်တော့ ဟော ဒီက. . . ''

''သူ့နာမည်က ကက်သရင်းနှင်းဆီ . . .တဲ့ ''

ဝတ်မှုန်က ဖျတ်ခနဲ ဝင်ပြောလိုက်၏ ။ သူ့မျက်လုံးများထဲတွင် အဓိပ္ပာယ်ဖော်ရခက်သော အရိပ်အငွေ့တစ်စုံတစ်ရာ ပါးပါးလှပ်လှပ်ကလေး ဖြတ်သန်းသွားသည်။

နရစိုးက ကက်သရင်းနှင့် အနီးဆုံးကားတံခါးကို ဆွဲဖွင့်လိုက်ပြီး

''ဟုတ်ကဲ့. . .။ အခုလောလောဆယ်တော့ ဒီက မနှင်းဆီကို အိမ်အထိ ကျွန်တော် လိုက်ပို့ပေးပါရစေဗျာ။ ကျေးဇူးပြုပြီး ကားပေါ် ကြွပါ ''

ဒီတစ်ကြိမ်တွင်တော့ . . .

သူမအဖို့ ငြင်းပယ်စရာ စကားလုံး ရှာမရတော့ ။

အခန်း(၃)

''မနှင်းဆီတို့က ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် သေလုမျောပါး ပြေးလာကြရတာလဲ ''

ကားမောင်းလာရင်းနှင့် နရစိုးက မေးသည်။ ကက်သရင်းစိတ်ထဲမှာ စောစောကလောက် သူနှင့် အနေမစိမ်းတော့သလို ခံစားရ၏။ ရင်းနှီးကျွမ်းဝင်ပြီးသား လူတစ်ယောက်သဖွယ် အလိုလို အောက်မေ့နေမိသည်။

ထိုကြောင့် ကက်သရင်းနှင်းဆီက. . .

''အရူးလိုက်လို့. . . ''

''ဘာရယ်. . . ''

''ဟောဒီက ဝတ်မှုန်ပေ့ါ. . .။ ဂျာနယ်အတွက် အင်တာဗျူးလုပ်ဖို့ဆိုပြီး လာတာ. . .။ လိပ်စာမသိတော့ သူများချောက်တွန်းတာ ခံရပြီး အိမ်မှားဝင်သွားတယ်။ အဲဒီအိမ်က လူကြီးက ယဉ်ယဉ်ကလေးနဲ့ ရူးနေတာ ''

''ဩော်. . . ဟုတ်လား။ အဲဒီတော့ ဘာဖြစ်သလဲ ''

နရစိုးက ရယ်ချင်စိတ်ကို မျိုသိပ်ထားရဟန်ဖြင့် မေးသည်။

ကက်သရင်းနှင်းဆီက. . .

''ဘာဖြစ်ရမှာလဲ. . . ထွက်ပြေးရတာပေ့ါ။ ကျွန်မက တစ္ဆေသရဲ ဆိုရင်တောင် အကြောက်အလန့်ရှိတာ မဟုတ်ဘူး။ ဒါပေမဲ့. . .အရူးဆိုရင်တော့ အရမ်းကြောက်တာ ''

နရစိုးက ပြုံးလိုက်သည်။ သူ့အပြုံးက ဆောင်းရာသီတွင် ဝေသောနှင်းမြူတွေနှင့် တူ၏။ နှုတ်ခမ်းတွေက စိုပြည်ရွှန်းလဲ့နေသောကြောင့် သူ အားပါးတရပြုံးသောအခါ ကြည့်လို့ ကောင်းလှသည်။

သူ့ရုပ်က ချောလွန်းလှလွန်းသည် မဟုတ်။ ယောကျ်ားဆန်ဆန် သူလိုငါလို ရုပ်ရည်မျိုးသာဖြစ်သည်။ သို့သော်. . . ရွှင်မြူးမှုနှင့် တောက်ပနေသည်ဟု ခံစားရစေ၏။

ဆံပင်ကို တိုတိုပါးပါးကလေး ညှပ်ထားသဖြင့် နဖူးကျယ်ပုံက ပိုပြီး ပေါ်လွင်နေသည်။ သူ့ မျက်နှာတစ်ခုလုံးကို ခြုံကြည့်လိုက်လျှင် လွတ်လပ်ပေ့ါပါးပြီး သက်တောင့်သက်တာ ရှိနေ၏။

မေးဖျားက ချိုင့်ကလေးကတော့ မြင်ဖူးသူအဖို့ စွဲမြဲမှတ်မိသွားစေမည့် ထူးခြားသော သင်္ကေတတစ်ခု ဖြစ်နေလေသည်။

နရစိုးက ပြုံးနေရင်းမှ. . .

''အရူးလို့ ခေါ်တာထက် စိတ္တဇဝေဒနာရှင်ဆိုတဲ့ အသုံးအနှုန်းက ပိုယဉ်ကျေးမယ် ထင်တယ်... မနှင်းဆီရဲ့။ သူတို့ဟာ သနားစရာကောင်းလောက်အောင် ရောဂါခံစားနေရတဲ့ ဝေဒနာရှင်တွေပါ ''

''ကျွန်မ သဘောပေါက်ပါတယ်။ အဲဒီ ဝေဒနာရှင်တွေကို စာလည်းစာနာပါတယ်။ ဒါပေမဲ့ ကြောက်တာကတော့ ကြောက်တာပဲရှင်။ စိတ်ထဲက သူ့အလိုလိုဖြစ်လာတာ ဘယ်လိုမှ မတတ်နိုင်ဘူး ''

ကက်သရင်းနှင်းဆီက ပြောရင်း ကျောချမ်းလာဟန်ဖြင့် ပုခုံးတွန့်ပြသည်။

MMCYBERMEDIA
community for all

ထိုစဉ် ဝတ်မှုန်က သူမ အရမ်းသိချင်နေသော မေးခွန်းတစ်ခုကို အောင့်မထားနိုင်တော့ဘဲ ဝင်မေးသည်။

''ကိုနရစိုး. . .ရုပ်ရှင်မရိုက်တော့ဘူးလားဟင်။ ရုပ်ရှင်လောကထဲက လုံးဝအပြီးအပိုင် ထွက်လိုက်ပြီလား ''
သူ ညင်ညင်သာသာ ပြုံးသည်။ ထို့နောက်. . .

'' ရုပ်ရှင်လောကဆိုတာ အိမ်သာမှ မဟုတ်ဘဲ။ ဝင်လာတာ. . .တို့၊ ပြန်ထွက်သွားတာ. . .တို့ရှိလို့လား ''
'' ရှင်ကလည်း အရေးထဲ စကားကို ကပ်ပြောနေပြန်ပြီ။ အရင်တုန်းက ထူးထူးခြားခြား ရုပ်ရှင်တစ်ကားတည်းရိုက်ပြီး ဘာလို့ နောက်ထပ်ဆက်မရိုက်တော့တာလဲ ''

ဝတ်မှုန်၏ မေးခွန်းကို နရစိုးက ပေါ့ပေါ့ပါးပါးပင် ပြန်ဖြေသည်။
'' လုပ်ချင်တဲ့အချိန်မှာ စိတ်ကူးပေါက်တာလေးတစ်ခုကို ထလုပ်တာပါပဲ။ အခု မလုပ်ချင်တော့ ဘူးပေါ့။ ဒါပဲလေ . . . ''

ဝတ်မှုန်က အနည်းငယ်ပိုပြီး အလုပ်သဘောဆန်သောလေသံဖြင့်
'

' ရှင့်ဇာတ်ကားကို လူတော်တော်များများက နားမလည်ကြဘူးနော် ''
'' ဟုတ်ကဲ့။ လူအားလုံးပါပဲ ''

နရစိုးကပင် ပိုပြီးတိကျအောင် ဖြည့်စွက်လိုက်သေးသည်။ သူ့လေသံက မြူးမြူးရွှင်ရွှင်နှင့်။

ဝတ်မှုန်ကတော့ . . .

အဲဒီတုန်းက ရှင့်ကို လူတွေက အမျိုးမျိုး ဝိုင်းပြီး ဝေဖန်ခဲ့ကြသေးတယ်လေ။ မှတ်မိလား...။ တစ်ချို့ကတော့ ရှင့်ကို စိတ်ကူးဆန်းသစ်ရဲတဲ့ အနုပညာသမားဆိုပြီး ချီးကျူးကြတယ်။ တစ်ချို့ကျတော့လည်း ရှင့်ကို အရူးဆိုပြီး သရော်ကြတယ်၊ ကဲ့ရဲ့ခဲ့ကြတယ် မဟုတ်လား ကိုနရစိုး ''

''အင်း . . .''

'' အဲဒီလို ဝိုင်းပြောခံရတော့ ရှင့်စိတ်ထဲမှာ ဘယ်လိုနေလဲ။ ပြန်ရှင်းမပြချင်ဘူးလား ''

'' ဟင့်အင်း . . . ။ ကျွန်တော့်စိတ်ထဲမှာတော့ ဘယ်လိုမှ မနေပါဘူး။ အဲ. . .ကျွန်တော့်လိုမဟုတ်ဘဲ ပတ်ဝန်းကျင်က ပြောသမျှကို ဂရုစိုက်တတ်တဲ့ သူငယ်ချင်းတစ်ယောက်တော့ ရှိတယ်။

သူ့နာမည်က ကြည်မင်း. . .တဲ့။ ဟိုတစ်လောက သူ့ကို ကောင်မလေးသုံးယောက်က 'ကိုကြည်မင်းကဘေးတစောင်းကြည့်ရင် သိပ်ချောတာပဲ '' ဆိုပြီး ပြောလိုက်လို့ အခုတော့ လမ်းသွားရင် ဘေးတိုက်ကြီးစောင်းပြီး လမ်းလျှောက်နေတယ်။ ကျွန်တော်ကတော့ သူ့လိုလူစား မဟုတ်ဘူး ''

'' ရှင့်ဇာတ်ကားနဲ့ ပတ်သတ်ပြီး တစ်ခုခုတော့ ရှင်းပြဖို့ကောင်းတယ်လို့ ကျွန်မထင်တယ်။ ကျွန်မကို အင်တာဗျူးလုပ်ပေးနိုင်မလားဟင် ''

MMCYBERMEDIA
community for all

နရစိုးက ကလေးငယ်တစ်ယောက်လို လှိုက်လှဲစွာ ရယ်မောလိုက်သည်။ ထို့နောက် . . .
'' ဟင့်အင်း . . .ဆော်ရီးနော် မဝတ်မှုန်။ ကျွန်တော် တောင်းပန်ပါတယ်။ ရုပ်ရှင်အကြောင်းနဲ့
ပတ်သတ်ပြီး ကျွန်တော် ဘာမှပြောချင်စိတ်မရှိပါဘူးဗျာ။ ဒါ . . . စကားအကုန်ပါပဲ ''

သူက စကားကို လုံးဝ တုံးတိတိ ဖြတ်ချလိုက်သည်။ ဒါတောင်မှ ဝတ်မှုန်က စကားကိုထပ်ပြီး အထွန့်တက်ချင်နေသေး၏။ ကက်သရင်းက နရစိုးကို အားနာသဖြင့် မျက်ရိပ်ပြပြီး ဆက်မမေးတော့ရန် ဟန့်တားလိုက်သည်။
ရပ်ကွက် ဟိုဘက်ထိပ်နှင့် ဒီဘက်ထိပ်ကို ကားမောင်းလာရခြင်းဖြစ်သောကြောင့် ငါးမိနစ်သာသာမျှသာ ကြာသည်။

'' ဟို . . . ရှေ့လမ်းက ထောင့်စွန်းကအိမ်ပဲ ကိုနရစိုး '' ကက်သရင်းတို့အိမ်ရှေ့တွင် ကားရပ်လိုက်ပြီး ခြံတံခါးအတွင်းသို့ ကားကိုနောက်ဆုတ်သွင်းရန် စိတ်ကူးလိုက်သည်။
သို့သော်. . .မရချေ။ ခြံထဲက အဝင်ပေါက်တည့်တည့်တွင် တိုယိုတာမတ်တူး ဆလွန်းကား တစ်စင်းက ကန့်လန့်ပိတ်ခံနေသည်။

ထိုကားကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဝတ်မှုန်က လွှတ်ခနဲ ပြောလိုက်သည်။

'' ဟောတော့. . .။ ကိုရဲတင့် ရဲ့ ကားမဟုတ်လား။ ကက်သရင်း...ညည်း ဘယ်အိမ်ပြောင်းပြောင်း ကိုရဲတင့်ကြီးကတော့ တကောက်ကောက်လိုက်နေမှာပဲ ထင်တယ်နော် ''

ကက်သရင်းနှင်းဆီက မျက်နှာကလေးကို ရှုံ့မဲ့ကာ ညည်းညည်းညူညူဖြင့်. . .

'' အေးဟာ. . .ငါလည်း စိတ်ညစ်ပါတယ်။ နေ့တိုင်းကို ချောင်းပေါက်မတတ် လာနေတော့တာပဲ။ မေမေကလည်း သူ့ကိုမှ အဟုတ်ကြီးထင်ပြီး မျက်နှာသာပေးနေတယ်။ အဲဒါ. . .တကယ့်ပြဿနာ ''

သူမတို့နှစ်ဦးသား ပြောနေကြသည်ကို နရစိုးကတော့ တိတ်ဆိတ်နေခြင်းမှပင် နားထောင်နေလိုက်သည်။ ဘာမှတော့ ဝင်မပြော။

စိတ်ထဲကတော့ အိမ်အဝင်ပေါက်မှာ ကားကို ကိုးယိုးကားယား ပိတ်ထားသော ရဲတင့်ဆိုသည့်ငနဲသားကို ကျိတ်ပြီး ကျိန်ဆဲနေမိ၏။

ခြံထဲထိ ကားကိုမောင်းဝင်ဖို့ မဖြစ်နိုင်သောကြောင့် ခြံတံခါးဝမှာပင် ကားကို ရပ်လိုက်ရသည်။ ထို့နောက် နရစိုးက ကက်သရင်းနှင်းဆီဘက်သို့ လှည့်ကာ. . .

" မနှင်းဆီ. . .အိမ်ရှေ့လှေခါးဆီထိရောက်အောင်တော့ လမ်းလျှောက်ပြီးသွားမှ ရမှာပဲ။ လျှောက်နိုင်ပါ့မလား. . .။ မလျှောက်နိုင်ရင် ကျွန်တော် ပွေ့ခေါ်ပါ့မယ် ''

'' အို. . . ရပါတယ်။ ဒီမှာ ဝတ်မှုန်လည်း ရှိသားပဲ။ သူ့ကိုတွဲပြီး ဖြည်းဖြည်းလျှောက်သွားပါ့မယ်"

နရစိုးက ကားတံခါးကို ဖွင့်ပေးလိုက်သည်။ ကက်သရင်းက သူ့လက်ကို အားပြုပြီး ကားအောက်သို့ ဆင်း၏။

' အား. . .ကျွတ်. . .ကျွတ်. . . ''
'' ဖြည်းဖြည်းဆင်း. . .မနှင်းဆီ။ ဖြည်းဖြည်းဆင်း. . . ''

တကယ်တမ်းလမ်းလျှောက်တော့ နရစိုးကော ဝတ်မှုန်ပါ သူမ၏ ဘေးတစ်ဖက်တစ်ချက်စီကတွဲမှ အဆင်ပြေ၏။

MMCYBERMEDIA
community for all

ဖြည်းဖြည်းချင်းလျှောက်လာရင်း အိမ်ရှေ့လှေခါးအနီးသို့ ရောက်ကာမှ. . .
'' ဟာ. . .ကက်သရင်း ဘာဖြစ်တာလဲ. . .။ အိုး. . .မိုင်ဂေါ့ ''

အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်နေသော အရပ်ပုပု၊ ဗိုက်ပူပူ၊ မျက်လုံးပြူးပြူးနှင့်လူတစ်ယောက်က (အခုမှ လှမ်းမြင်သွားပြီး) အူယားဖားယား ပြေးထွက်လာသည်။
ရဲတင့်ဆိုသည်မှာ ထိုသူပင်ဖြစ်ရမည်ဟု နရစိုးတွေးလိုက်၏။ ထိုသူ့မျက်နှာက နာခေါင်းလေး ရှုံ့ရှုံ့. . .ရှုံ့ရှုံ့နှင့် ဝမ်းချုပ်နေသော မျောက်တစ်ကောင်နှင့် တူနေလေသည်။

(ကက်သရင်း လမ်းမလျှောက်နိုင်သည်ကို တွေ့လိုက်ရသောကြောင့်) ထိုသူ ပျာယာခတ်နေပုံ
က မျောက်တစ်ကောင်နှင့် ပို၍တူသွားစေ၏။
သူ့မွေးသမိခင်အရင်း ကားကြိတ်သွားလျှင်တောင်မှ သူဒီလောက် ပျာယာခတ်လိမ့်မည် မထင်။

'' ဖြစ်မှဖြစ်ရလေ ကက်သရင်းရယ်. . .။ အရမ်းနာနေလားဟင်။ ကျွတ်. . . ကျွတ်. . .လာ. . .လာ ကိုကိုတင့်ကို တွဲ ''
ငနဲသားက ခပ်တည်တည်နှင့် နရစိုးကို ပုခုံးဖြင့်တိုက်ကာ ဘေးသို့တွန်းထုတ်ပြီး ကက်သရင်း၏လက်ကို ဝင်တွဲသည်။

နရစိုးစိတ်ထဲတွင် ထိုငနဲကို တော်တော်ချဉ် သွားသည်။ ရဲတင့်ကတော့ နရစိုးကို ဖုတ်လေသည့်ငပိ ရှိသည်ဟုပင် သဘောမထား။ ကက်သရင်းကိုသာ. . .

'' ဘာဖြစ်တာလဲဟင်. . .ကက်သရင်း။ ဘာဖြစ်တာလဲ. . . '' ဟု တတွတ်တွတ် မေးနေသည်။

'' ဘာမှ မဖြစ်ပါဘူး။ လမ်းလျှောက်ရင်း ခြေထောက်ခေါက်ပြီး လဲသွားလို့ပါ ''
ဧည့်ခန်းရှိ ဆိုဖာဆက်တီပေါ်တွင် မှေး၍ အသာထိုင်ချလိုက်ရင်း ကက်သရင်းက ပြီးလွယ်စီးလွယ်ဖြစ်အောင် ဖြေလိုက်သည်။
ဒါကိုပင် ဟိုငနဲသားက မီးမဖွားနိုင်သည့် ခွေးမကြီး ငြီးသလို အသံတအီအီဖြင့်. . .

''အောင်မလေး. . .ဖြစ်မှ ဖြစ်ရလေ ကက်သရင်းရယ်. . .။ သွားစရာ လာစရာရှိရင် ကိုကိုတင့်ကို ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်ရောပေါ့။ ကိုကိုတင့် ကားနဲ့လိုက်ပို့ပေးမှာပေါ့။ ခုတော့. . .ကြည့်စမ်းပါဦး။ မသေကောင်း မပျောက်ကောင်း ''

ထိုငနဲ လုပ်ပုံတွေက ပိုလွန်းသည်ဟု နရစိုး စိတ်ဆင်းရဲစွာ တွေးနေမိ၏။ မဖြစ်စလောက်ခြေထောက်လဲသည့် ကိစ္စကို အရေးမကြီး ကြီးအောင် ချဲ့ထွင်နေသည်။
ငယ်သည့်အမှုကို ကြီးအောင်. . .၊ ကြီးသည့်အမှုကို သောက်ကျိုးနဲအောင် လုပ်မည့်ငနဲမျိုး ဖြစ်ပုံရသည်။
စိတ်ဂနာမငြိမ်သူတို့၏ အကျင့်စရိုက်အတိုင်း ရဲတင့်၏ လက်ချောင်းကလေးများက စားပွဲကို တဒေါက်ဒေါက် ခေါက်နေ၏။
နရစိုးက ထိုငနဲကို ' စန္ဒယားဆရာ ' ဟု စိတ်ထဲမှာ ကျိတ်ပြီး နာမည်ပေးလိုက်သည်။
စားပွဲဆီသို့ နရစိုး မျက်စေ့ကစားလိုက်တော့ လှပသပ်ရပ်စွာထုပ်ပိုးထားသော နှင်းဆီပန်းစည်းကြီးကို တွေ့ရ၏။
ဇကန္တ. . .ဒီပန်းတွေဟာ ကက်သရင်းကို ပေးဖို့ ရဲတင့်ဆိုတဲ့မျောက်သားယူလာတာဖြစ်မှာပဲဟု နရစိုး တွေးလိုက်သည်။
(သူ့ရင်ထဲမှာ ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသလိုလို ဆို့ဆို့နင့်နင့်ဖြစ်သွား၏။ ဘာကြောင့်မှန်းတော့ မသိ )

ကက်သရင်းနှင်းဆီကတော့ ရဲတင့်ကို မျက်ခုံးပင့်၍ စိတ်ပျက်စွာကြည့်ရင်း. . .

'' ခြေခေါက်လဲတာပဲဉစ္စာ၊ ဘာမှ မဖြစ်လောက်ပါဘူး။ အခုလည်း ဒီကအစ်ကိုနဲ့ တွေ့လို့
လိုက်ပို့ပေးတာနဲ့ အဆင်ပြေတာပဲ။ သြော်. . .မိတ်ဆက်ပေးရဦးမယ်. . .။ ဒါက. . .ကိုနရစိုး. . .တဲ့ ''
တစ်ဆက်တည်း ကက်သရင်းက နရစိုးဘက်သို့ လှည့်ပြီး. . .

'' ကိုနရစိုး. . .။ သူက ကိုရဲတင့်တဲ့။ ကျွန်မတို့ မိသားစုရဲ့ မိတ်ဆွေ ဆိုပါတော့ ''
နရစိုးက ရဲတင့်၏မျက်နှာကို ဖျက်ခနဲ လှမ်းကြည့်သည်။ ရဲတင့်က နဂိုကတည်းကမှ
ရှုံ့မဲ့မဲ့ဖြစ်နေသော နှာခေါင်းကို ပိုရှုံ့လိုက်ရင်း

'' ဘာတဲ့. . .ခင်ဗျားနာမည်က နရစိုး. . .။ ဟုတ်လား. . .။ ဟင်း. . . ဘယ်လို ကိုးယိုးကားယားနာမည်ကြီးလဲဗျ ''

နရစိုးက ပြုံးလိုက်သည်။ ထို့နောက်. . .

'' ခင်ဗျားကို ကြည့်ရတာ စာနဲ့ပေနဲ့ တော်တော်ဒုံးဝေးတယ်ထင်ပါရဲ့။ ဥမာဒန္တီပျို့ကို မဖတ်ဖူးဘူးလား။ ` လူတွင်ဖမ်းရိုး၊ နရစိုးနှင့် နတ်ဆိုးယက္ခ၊ ဘူမဒေဝါ၊ ပြိတ္တာတစ္ဆေ ဖမ်းလေသလော ` . . .ဆိုတာလေ။ နရစိုးဆိုတာ ` လူကို ရှုးသွပ်အောင် ဖမ်းစားနိုင်တဲ့ နတ် 'လို့ အဓိပ္ပာယ်ရတယ်။ မှတ်ထားဗျာ. . .။ နောက်ဆိုစာများများ ဖတ်ပေးဗျ။ အလိမ္မာ စာမှာရှိသတဲ့ ''

နရစိုး၏ ဆုံးမသြဝါဒပေးဟန်ပေါက်နေသောလေသံကြောင့် ရဲတင့် ရှူးရှူးရှဲရှဲဖြစ်သွားပြီး. . .

'' ဖတ်မနေနိုင်ပါဘူးဗျာ။ စာအုပ်တွေလျှောက်ဖတ်လို့ ထမင်းစားရတာမှ မဟုတ်တာ ''
ရဲတင့်က ဘုပြော ပြောသည်။ နရစိုးက ပြုံးပြီး ရဲတင့်ကို ပြန်စိုက်ကြည့်လိုက်၏။
သူ့အပြုံးက မှန်တစ်ချပ်လို ထွင်းဖောက်မြင်နေရသော အပြုံး၊ ဗလာဟင်းလင်းအပြုံး တစ်ခုသာဖြစ်သည်။ မည်သည့် အဓိပ္ပာယ်မှ မရှိ။
တကယ်ဆိုလျှင် လူတစ်ယောက်ချင်းစီတိုင်း၏ အပြုံးသည် အနက်အဓိပ္ပာယ်တစ်ခုခုကိုအစဥ်သဖြင့် ကိုယ်စားပြုမြဲ ဖြစ်သည်မဟုတ်ပါလား။
ယခု အဓိပ္ပာယ်လုံးဝကင်းစင်သော နရစိုး၏အပြုံးက ထူးဆန်းလွန်းနေသည်။ ထိုအပြုံးကို တိတ်တိတ်ကလေး ငေးကြည့်သူက. . .ကက်သရင်းနှင်းဆီ။
သူမ၏ နှလုံးအိမ်သည် ကမ္ဘာမြေသစ်တစ်ခုကို စတင်တွေ့ရှိလိုက်ရသူလို ဆန်းကြယ်စွာ ရင်ခုန်နေလေသည်။
ရဲတင့်က စူးစိုက်သော နရစိုး၏အကြည့်ကို ရင်မဆိုင်ချင်စွာဖြင့် မျက်နှာလွှဲလိုက်သည်။
တစ်ချိန်တည်းမှာပင် စားပွဲပေါ်တင်ထားသော နှင်းဆီပန်းစည်းကို မြင်ကာ ပြန်သတိရသွားဟန်ဖြင့်. . .

'' ဩော်. . .ကက်သရင်း၊ ကိုကိုတင့်လေ. . .ကက်သရင်း ပန်းကြိုက်တတ်မှန်းသိလို့နှင်းဆီပန်းတွေ ဝယ်လာတယ် သိလား. . .။ ဒီမှာကြည့်. . .မလှဘူးလား ''

ကက်သရင်းကတော့ ရဲတင့်၏ အကဲပိုလွန်းသော အမူအယာကို နှစ်ခြိုက်ပုံ မရှိ။ သူမက. . .
'' အင်း. . .အင်း. . .ကျေးဇူးပဲ ကိုရဲတင့်။ တစ်လက်စတည်း အဲဒီပန်းတွေကို ကိုရဲတင့်ပဲ ဘုရားပန်းအိုးမှာ ထိုးလိုက်ပါလား။ ကျွန်မ ခြေထောက်နာနေတာ. . .မထနိုင်လို့ ''

ထိုစဥ် မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေသော ကက်သရင်း၏မိခင်က အိမ်ရှေ့ထွက်လာပြီး...
`
' ဩော်. . .သမီးတို့ ပြန်လာကြပြီလား။ ဟင်. . .သမီးနဖူးမှာ သွေးတွေ စို့နေပါလား. . .။ ဘာဖြစ်တာလဲ ''
ပျာပျာသလဲ မေးသည်။ ကက်သရင်းက ဘာမှ မပြောနိုင်ခင်မှာပင် ရဲတင့်က ဝင်ပြီး. . .

'' လမ်းမှာ ခြေခေါက်လဲလို့. . .တဲ့ အန်တီရယ်။ အဲဒါပဲ ကြည့်ပါတော့။ သွားစရာ လာစရာရှိရင်လည်း ကျွန်တော့်ကို လှမ်းခေါ်လိုက်တာ မဟုတ်ဘူး။ ကျွန်တော့်အိမ်မှာ ကားက နှစ်စီး၊ သုံးစီးရှိနေတာပဲဥစ္စာ။ တစ်စီးမဟုတ်ရင် တစ်စီးတော့ အမြဲအားပါတယ်. . .အန်တီရဲ့ ''

MMCYBERMEDIA
community for all

စကားပြောရင်း ညုပ်ကြွားလိုက်သေးသည်။ အဘွားကြီးကတော့ ခပ်အေးအေးပင်။ သမီးဖြစ်သူ၏ ဒဏ်ရာကို ငုံ့ကြည့်ရင်း. . .

'' ငါ့သမီးကတော့ ဖြစ်ရမယ်. . .ဖြစ်ရမယ်။ အဲဒါကြောင့် ညည်းကို ငါက စိတ်မချတာ ''
ဒါကိုပင် ဟိုငနဲက စကားဆွယ်ဖို့ အကွက်ဝင်လာပြီဟု ယူဆသလားမသိ။ တဟဲဟဲရယ်ရင်း ...

'' အဲဒါပြောတာပေါ့ အန်တီရဲ့။ စိတ်မချရင်လည်း အန်တီသမီးကို စောစောအိမ်ထောင်ချပေးလိုက်ပေါ့. . .ဟဲ. . .ဟဲ. . . ။ ဟို. . .ဘာတဲ့. . .လောကနီတိထဲမှာလည်း ဆိုထားတယ်မဟုတ်လား. . .။ ' လင်ယောကျ်ား မရှိသောမိန်းမသည် မတင့်တယ်'. . .ဆိုတာလေ ''

ထိုစကားကို ကြားရသောအခါ နရစိုးက သူ့နေရာမှ လှမ်းပြီး ရဲတင့်၏ပုခုံးကို လက်တို့လိုက်၏။ ရဲတင့်က လှည့်ကြည့်သောအခါ နရစိုးက. . .

'ကျွန်တော့်အဘွား အသက်(၈၀)ကျော်ပြီဗျ။ အဘိုးဆုံးသွားတာ နှစ်(၂၀)လောက် ရှိပြီ။ ခင်ဗျားပြောသလိုဆို ကျွန်တော့်အဘွားက တော်တော်ကို မတင့်မတယ်ဖြစ်နေတာကိုး။ အင်း. . .အင်း. . .။ အိမ်ပြန်ရောက်မှ အဘွားကို သင့်တော်တဲ့လူတစ်ယောက်နဲ့ နေရာချပေးဖို့ စီစဉ်ရဦးမယ် ''

'' မင်း အဲဒီလို ပေါက်ပေါက်ရှာရှာ မပြောနဲ့ ''

ရဲတင့် တော်တော်ဒေါပွသွားပုံရ၏။ နရစိုးကတော့ ခပ်အေးအေးပင်. . .။

'' ဒီမှာ ကိုယ့်လူရဲ့။ သက်ကြီးပူဇော်ပွဲမှာ ပါတဲ့ အဘွားကြီး တော်တော်များများဟာ ယောကျ်ားမရှိကြပါဘူး။ ဒါပေမဲ့ တင့်တယ်ကြတာချည်းပါပဲ. . .ကိုယ့်လူရာ။ မပူပါနဲ့။ ဘယ်အခါကြမှ မတင့်တယ်သလဲ. . .သိလား။ အဘွားကြီးတစ်ယောက်က လင်လိုချင်လို့ နှုတ်ခမ်းနီဆိုး မိတ်ကပ်ပြင်ပြီး ဂါဝင်တိုလေး ဝတ်ထားရင်တော့ မတင့်တယ်ဘူးပေါ့။ သဘောပေါက်လား။ နီတိတွေကို ခေါက်ထားလိုက်စမ်းပါ။ တင့်တယ်သလား မတင့်ဘူးလားဆိုတာ ကိုယ့်အခြေအနေနဲ့ကိုယ် အံဝင်ခွင်ကျ ဖြစ်မဖြစ်ဆိုတဲ့ အပေါ်မှာပဲ မူတည်ပါတယ် ''

''ဟော့ကောင်. . .မင်း. . .မင်း. . . ''
ရဲတင့်က မျက်လုံးကြီးပြူးကာ ဘာပြောရမည်မှန်း မသိဖြစ်နေစဉ်မှာပင် ကက်သရင်းနင်းဆီ၏ မိခင်ဖြစ်သူက နရစိုးကို သတိထားမိသွားပြီး. . .

'' ဟဲ့. . .ဒီသူငယ်က ဘယ်သူတုန်းကွဲ့ ''

'' သမီးသူငယ်ချင်းပါ မေမေ။ သူ့နာမည်က ကိုနရစိုး. . .တဲ့။ သမီး လမ်းမလျှောက်နိုင်လို့ အိမ်အထိ သူလိုက်ပို့တာ ''

'' သြော်. . .ဟုတ်လား။ ကျေးဇူးတင်ပါတယ် သားရယ်။ နောက်လည်း ဒီကို လာလည်ပါကွဲ့။ အန်တီတို့က သားအမိနှစ်ယောက်တည်းရယ် ''

'' ဟုတ်ကဲ့. . .ဟုတ်ကဲ့ပါ အန်တီ။ နောက်. . .မကြာမကြာ လာခဲ့ပါ့မယ်။ အခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး ''

နရစိုးက နှုတ်ဆက်ရင်းကပင် ပြန်ခွင့်ပြုဖို့ ပြောလိုက်သည်။ အဘွားကြီးက. . .

MMCYBERMEDIA
community for all

" ဟဲ့. . .ခုပဲရောက်တယ်၊ ချက်ချင်းပဲ ပြန်တော့မလား။ ကော်ဖီ သောက်သွားပါဦး. . .သားရဲ့ "
" ဟုတ်သားပဲ. . .ကိုနရစိုး။ နေပါဦး "

ဝတ်မှုန်ကလည်း ဝင်ပြီး တား၏။ ကက်သရင်းကတော့ အညိုရင့်ရင့် မျက်ဝန်းအစုံဖြင့်နွေးထွေးစွာ ငေးစိုက်ကြည့်ရင်း ငြိမ်သက်နေသည်။ ဘာမှတော့ မပြော။
နရစိုးက သက်ပြင်းကို တိတ်တခိုးချသည်။ ထို့နောက်. . .

" သူငယ်ချင်းတစ်ယောက်ရဲ့ဇနီး နာရေးကိစ္စလေးကို ကူညီစရာရှိသေးလို့ပါ မဝတ်မှုန်။ နောက်မှ အေးအေးဆေးဆေး ထပ်ဆုံကြတာပေါ့။ ကဲ. . .အားလုံး ကျွန်တော့်ကို ခွင့်ပြုပါဦး "

အဘွားကြီးကတော့ " အေး. . .အေး " ဟုဆိုကာ အိမ်ထဲဝင်သွားသည်။
သူက အိမ်တံခါးဆီသို့ တစ်လှမ်းနှစ်လှမ်း လျှောက်ခဲ့ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ပြန်လှည့်လာပြီး. . .

" ဪ. . .မနှင်းဆီ။ မနှင်းဆီ ပန်းတွေကြိုက်တတ်တယ်ဆိုရင် ကျွန်တော် နောက်တစ်ခေါက် လာတဲ့အခါ ပန်းတွေ လက်ဆောင်ပေးဖို့ ယူလာခဲ့ချင်ပါတယ်။ လက်ခံမှာလားဟင် "

သူမက အကြာကြီး စိုက်ကြည့်နေသည်။

' အလင်းဖြစ်စေသတည်း 'ဟု မိန့်မြွက်တော်မူသည့် နတ်ဘုရားမ သကဲ့သို့ . . .
သူမ၏ နှုတ်ခမ်းအစုံသည် တည်ငြိမ်ခမ်းနားနေ၏။
သို့သော်. . .သူမက စကားတစ်ခွန်းမျှ မဆို။

အို. . .ငါ၏ ဦးရစ်သရဖူ သခင်မ။
ငါ့အား. . .ရင်ခွင်တော်ထဲက နှုတ်ပစ်ခြင်းဖြင့်
ချေမှုန်းတော် မမူပါနှင့်။

သူမက ဦးခေါင်းကို ညင်သာလေးနက်စွာ ညိတ်ပြသည်။
နရစိုး တိတ်တိတ်ကလေး ပျော်သွား၏။

MMCYBERMEDIA
community for all



... ... ...

` အချစ်သည် သင်၏ ဝင်သက်နှင့် ထွက်သက်ကို ယခုမှစ၍
အစဉ်မပြတ် စောင့်ရှောက်တော် မူလိမ့်မည် `

... ... ...

MMCYBERMEDIA
community for all

အခန်း(၄)

နောက်တစ်နေ့. . .။

အသုဘချမည့်နေ့ဖြစ်သောကြောင့် မနက်စောစောကတည်းကပင် သူငယ်ချင်းဖြစ်သူ ပန်းချီဆရာ နေမျိုးဆေးအိမ်သို့ ထွက်ခဲ့၏။ လမ်းထဲမှ အိမ်နီးနားချင်းများက ဝိုင်းဝန်းကူညီနေကြသောကြောင့် အသုဘအိမ်မှာ စည်စည်ကားကား ဖြစ်နေသည်။ ပန်းချီဆရာကတော့ ထုံးစံအတိုင်း ဘာမှမလုပ်။ အိမ်ပေါက်ဝမှာ ခြေနှစ်ချောင်း တွဲလောင်းချကာ ထိုင်ရင်း တရှုံ့ရှုံ့ ငို၍သာနေသည်။ သူ့သူငယ်ချင်းဖြစ်ပုံကို မြင်ရတော့လည်း နရစိုး စိတ်ထဲမှာမကောင်း။ ဖြစ်ပြီးမှတော့ ဘာမှ မတတ်နိုင်တော့ပြီ မဟုတ်လား။ ငိုနေရုံဖြင့်လည်း သူ့ဇနီးက အသက်ပြန်ရှင်လာမှာ မဟုတ်။

နရစိုးစိတ်ထဲကတော့ ဘာပဲဖြစ်ဖြစ် သူ့သူငယ်ချင်း ပျော်ပျော်ရွှင်ရွှင် ဖြစ်နေသည်ကိုသာမြင်ချင်သည်။ ထို့ကြောင့်. . .

'' စိတ်ကိုဖြေပါ နေမျိုးရာ. . .။ ဖြစ်ပြီးခဲ့တာတွေ တွေးမနေနဲ့တော့။ ကိုယ့်ကျန်းမာရေးလည်း
ကိုယ်ဂရုစိုက်ပါဦးကွာ ''

ပုခုံးကို ပုတ်ပြီး ချော့လိုက်ကာမှ ငိုချင်လျက် လက်တို့ဆိုသလို ဖြစ်သွားသလားမသိ။ ပန်းချီဆရာက ရှိုက်ကြီးတငင် ငိုလေတော့သည်။ ငိုရင်းနှင့်ပင်. . .

'' ဟီး. . .ဟီး. . .မတွေးလို့ရမလားကွ။ ရွှတ်. . .။ တစ်သက်လုံး ငါ့မိန်းမ ငါ့ကို ပဲပြုတ်ရောင်းပြီး ကျွေးလာခဲ့တာ။ ဟင့်. . .ဟင့်. . .။ အခု သူသေသွားတော့ ဟောဒီကလေးကိုးယောက်နဲ့ ငါ့ကို ဘယ်သူလုပ် ကျွေးမှာလဲကွာ. . .။ ရွှတ်. . .ဟီး. . .ဟီး. . .။ ငါ့အဖြစ်ကို စဉ်းစားကြည့်ပါဦး။ အီး. . .ဟီး. . .ဟီး. . . ''
နရစိုး စိတ်ညစ်သွားသည်။ ခေါင်းကို ကုတ်လိုက်ရင်း. . .

'' အေးကွာ. . .။ မင်းမိန်းမက ကလေးတွေအများကြီး မွေးပစ်ခဲ့တာကလွဲရင် မင်းအပေါ် ကောင်းရှာပါတယ် ''
ဟုတ်တော့ ဟုတ်သည်။ သူတို့လင်မယားနှစ်ယောက်မှာ ကလေးတွေ များလွန်းသောကြောင့်အိပ်ရာဝင်ကြသည့်အခါ စောင်ပုံထဲတွင် ရာရလွယ်အောင် ကတ်ပြားတွေပေါ်မှာ နာမည်ရေးပြီး ထောင်ထားရ၏။
ပန်းချီဆရာက မျက်ရည်ကို သုတ်ကာ တဟင့်ဟင့်ရှိုက်ရင်း. . .

'' အခုဆို. . .အသုဘချပြီးရင် ရက်လည်ဆွမ်းသွတ်ဖို့တောင် ငါ့လက်ထဲမှာ ပိုက်ဆံမရှိတော့ဘူး သူငယ်ချင်းရာ. . .။ ငါ ဘယ်လောက် ဆင်းရဲတယ်ဆိုတာ မင်းလည်း အသိပဲ ''

နရစိုးက. . .

'' အေးပါ. . .နေမျိုးရာ။ မင်း ဆင်းရဲတာ ငါသိသားပဲ။ မင်းအိမ်က ကြွက်တွေတောင် ဗိုက်ဆာရင် အပြင်ကဆိုင်မှာ သွားပြီး ဝယ်စားရတယ်ဆို ''

နရစိုးက နောက်ရွှတ်ရွှတ်ပြောသော်လည်း သူ့ဟာသကို ပန်းချီဆရာက နားလည်ပုံ မပေါ်။တစ်ချီဟစ်၍ ငိုလိုက်ပြန်သည်။

'' အောင်မလေး. . .မိန်းမရဲ့။ သေရာက ထပြီး ပြန်လှည့်ကြည့်ပါဦး။ အီး. . .ဟီး. . .ဟီး. . . ''

ငိုတာက ကောင်းကောင်းမငို။ သူ့မိန်းမခမျာ သေနေပါပြီဆိုမှ ငြိမ်ငြိမ်ဆိမ်ဆိမ် မနေရ။

MMCYBERMEDIA
community for all

မသာကို ထပြီးတော့ပင် ကြည့်ခိုင်းနေသည်။ မသာက တကယ်ထကြည့်လျှင်တော့ သူ အရင်ဆုံး ထွက်ပြေးမည်ထင်သည်။ နရစိုးက ပန်းချီဆရာ၏ပုခုံးကို ပုတ်ကာ ချော့မော့ရင်း. . .

'' တိတ်ပါ သူငယ်ချင်းရာ။ ငွေရေးကြေးရေးက နောက်တော့ အဆင်ပြေသွားမှာပေါ့။ ဒါနဲ့. . .အရင်တုန်းက မင်းကို ပိုက်ဆံထောက်ပံ့နေတဲ့ မင်းဦးလေး ဦးစောဝေဆိုတာကော. . . ''

ပန်းချီဆရာက သူ့နှာခေါင်းမှ နပ်ကို ရှုံ့းခနဲမြည်အောင် ညှစ်ကာ ဖတ်ခနဲ ပစ်လိုက်ပြီးနောက်…

'' ငါ့ဦးလေးက အစက ထမင်းဆိုင်ဖွင့်ဖို့ ကြိုးစားတာ. . .အဆင်မပြေဘူး၊ နောက်. . .ရတနာဆိုင် ဖွင့်မလို့ လုပ်ပြန်ရော. . .။ ဒါလည်းမရဘူး။ ဒါနဲ့. . .နောက်ဆုံး ပုဂ္ဂလိကဘဏ်တွေ ခေတ်စားနေတယ်ဆိုပြီး ဘဏ်တစ်ခု ဖွင့်တယ်။ ဒါလည်း မအောင်မြင်ဘူးကွ ''
'

' ဟင်. . .ဒါဖြင့် မင်းဦးလေး အခု ဘာလုပ်နေလဲ ''
'' ဘာမှ လုပ်လို့မရတော့ဘူးလေကွာ။ အဲဒီဘဏ်ကို ဖွင့်နေတုန်း တန်းလန်းမှာ ရဲနဲ့ ပက်ပင်းတိုးတော့ ဖောက်ထွင်းမှုနဲ့ ထောင်ကျသွားပြီ။ အီး. . .ဟီး. . .ဟီး. . .အဖြစ်က ဆိုးပါတယ်ကွာ ''

ပန်းချီဆရာက ငို၍ကောင်းနေဆဲ နရစိုးက သက်ပြင်းတစ်ချက်ချလိုက်၏။ ဘာလုပ်ပေးရင်ကောင်းမလဲ. . .ဟု သူ စဉ်းစားနေသည်။

ဖြုန်းခနဲ အကြံတစ်ခု ရလိုက်၏။ ထို့ကြောင့်. . .

'' ကဲ. . .သူငယ်ချင်း မငိုနဲ့တော့။ တိတ်. . .တိတ်။ မင်း အခုခံစားနေရတဲ့ သောကတွေအားလုံး ပျောက်သွားပြီး ပျော်ရွှင်လာအောင် ငါလုပ်ပေးမယ် ''

'' ဟင်. . .မင်း. . .မင်း တကယ်ပြောတာလားဟင် ''

ပန်းချီဆရာက မျက်ရည်များကို ကမန်းကတန်းသုတ်ပစ်ပြီး နရစိုးကို အားကိုးတကြီးဖြင့် မော့ကြည့်သည်။ နရစိုးက ခေါင်းတစ်ချက် ညိတ်ပြပြီး. . .

'' တကယ်ပြောတာပေါ့ကွ။ မင်း လုံးဝ ပျော်သွားစေရမယ်ကွာ။ ငါ တာဝန်ယူတယ်။ ခဏလေးပဲစောင့်။ အခု ငါ အိမ်ပြန်လိုက်ဦးမယ်။ တော်တော်ကြာနေရင် ငါ ပြန်လာခဲ့မယ်. . .သူငယ်ချင်း ''

မျှော်လင့်ချက်တွေ တစ်ပုံကြီးပေးထားပစ်ခဲ့ပြီး နရစိုးက သူ့ကားဖြင့် ဝေါခနဲ ထွက်ခွာသွား၏။
နောက်ထပ် တစ်နာရီခန့်အကြာ. . .
နရစိုး၏ကားက အသုဘအိမ်ရှေ့သို့ ပြန်ရောက်လာသည်။ ကားထိုးဆိုက်ပြီးသည်နှင့် တစ်ပြိုင်နက် နရစိုးက ပျော်ရွှင်မြူးတူးစွာဖြင့် အိမ်ရှေ့မှ အော်ခေါ်လိုက်၏။

''ဟေ့ကောင်ကြီး နေမျိုး၊ ဟား. . .ဟား. . .ဟား. . .ထွက်ခဲ့တော့ဟေ့။ ငါပြန်လာပြီ. . .ဟဲ. . .ဟဲ. . .။ ဒီမှာ လာကြည့်စမ်းပါဦးကွ ''

'' အေး. . .အေး. . .ငါလာပြီ နရစိုးရေ ''

ပန်းချီဆရာက မျှော်လင့်တကြီးဖြင့် အိမ်ထဲမှ ပြေးထွက်လာသည်။ ပန်းချီဆရာ၏စိတ်ကူးထဲတွင်ကား `နရစိုးတစ်ယောက်တော့ ငါ့အတွက် ကူညီဖို့ ပိုက်ဆံထုပ်ကြီးပိုက်ကာ ပြန်လာလေပြီ ' . . .ဟုအားကိုးတကြီး မျှော်လင့်မြင်ယောင်ထား၏။

MMCYBERMEDIA
community for all

သို့သော်. . .

သူ့အိမ်ရှေ့မှ မြင်းကွင်းကို တွေ့လိုက်ရသော အခါတွင်ကား ပန်းချီဆရာခမျာ အံ့သြတကြီး ဟိုက်. . .' ခနဲဖြစ်သွားပြီး နားမလည်နိုင်စွာဖြင့်. . .

'' ဟေ့ကောင် နရစိုး။ မင်း. . .မင်း. . .ဒါ. . .ဘာလုပ်တာလဲ ''

'' ဟား. . .ဟား. . .ဒိုးပတ်ဝိုင်း ငှားလာတာလေ သူငယ်ချင်းရဲ့။ မင်းစိတ်ညစ်နေတာငါ မကြည့်ရက်လို့ ပျော်အောင်လုပ်ပေးမလို့ကွ ''

နရစိုး၏နောက်တွင်ကား အိုးစည်ဒိုးပတ်များ၊ လင်းကွင်းနှင့် နဲများ၊ ဝါးလက်ခုပ်များကိုယ်စီ
ကိုင်ဆောင်ထားကြသော လူတစ်စု. . .။

'' ဘုရား. . .ဘုရား. . . ''

ပန်းချီဆရာက ဘုရားတလိုက်မိသည်။ နရစိုးကတော့ မြူးတူးစွာဖြင့်. . .

'' ဟေ့ကောင်. . .နေမျိုး။ ဘာငိုင်နေတာလဲ။ စိတ်မညစ်ပါနဲ့ကွာ။ လာစမ်းပါ။ ဒိုးပတ်ဝိုင်းနဲ့ တစ်ချီလောက် ပျော်ပျော်ကြီး ကလိုက်ကြရအောင်။ မင်းအတွက် ငါ ရှာရှာဖွေဖွေ ငှားလာရတာကွ။ မင်းနယ်. . . ဒိုးပတ်သံဆိုတာ သိပ်မြူးတာ သူငယ်ချင်း။ ကိုင်း. . .ဘော်ဒါတို့ရေ. . .အဆင်သင့်ပဲလား ''

'' ဂျမ်း. . .ဇေထိ ''

လင်းကွင်းဆရာနှင့် ဒိုးဆရာတို့၏ အချက်ပေးသံ ထွက်ပေါ်လာပြီးသည်နှင့်တစ်ပြိုင်နက်. . .

'' ကိုင်း. . .ဆော်ထည့်လိုက်ကြရအောင်။ အို. . .ဘာတဲ့တုန်း. . .ဟေ. . . လာ. . .မောင်ရို့. . .
ဝါး ''

'' စိန်အိုးစည်. . .လွယ်သလေလေ. . .လွယ်သလေလေ ''

'' ဖိန်နှောင် ဖိန်နှောင် ချမ်း. . .ချမ်း. . .။ ဖိန်နှောင်. . .ဖိန်နှောင် ''

'' အို. . .ဘာတဲ့တုန်း ကောင်လေး. . .လုပ်ထား ''

'' တီး. . .တီး. . .တော်. . .တယ်. . .တယ်. . .တီ ''

အသုဘအိမ်ရှေ့တွင် အိုးစည်ဒိုးပတ်သံ တညံညံ၊ ရပ်ကွက်ထဲမှ လာရောက်ဝိုင်းအုံကြည့်ရှုသူတွေက တရှန်းရှန်း။ နဲသံက တတီတီ တတော်တော်၊ လင်းကွင်းသံ တဂျမ်းဂျမ်း။

လူတွေက ရတ်ရတ်သဲသဲ၊ ခွေးတွေက အလန့်တကြား ပြေးကြလွှားကြ။ ကလေးတွေက တိုးကြကြိတ်ကြ. . .နှင့်။

နောက်ဆုံး ရပ်ကွက်လူကြီးများ ရောက်လာပြီး ဟန့်တားတော့မှပင် လူစု ကွဲသွားလေတော့သည်။
ဘာပဲပြောပြော ပန်းချီဆရာ၏ဇနီး အသုဘကတော့ တော်တော်လူစည်ကားသွား၏။

MMCYBERMEDIA
community for all

## အခန်း(၅)



. . .

'အချစ်' သည် သင်၏ လက်ျာဘက်၌ရှိသော သင်ခိုလှုံရာအရိပ် ဖြစ်တော်မူ၏။
နေ့အချိန်၌ ` နေ ` အားဖြင့်လည်းကောင်း
ညအချိန်၌ ` လ ` အားဖြင့်လည်းကောင်း
အထိအခိုက် မရှိရာ။

. . .

ကက်သရင်း၏အခန်းထဲတွင်. . .၊ ဧည့်ခန်းတွင်. . .၊ ဘုရားစင်တွင်. . . ဆွတ်ဆွတ်ဖြူ နေသော ကံ့ကော်ပွင့်တွေ ဖွေးဖွေးလှုပ်အောင် ဝေနေသည်။

ဆည်းဆာသည် ကံ့ကော်ရနံ့ဖြင့် သင်းပျံ့နေ၏။
သတိရခြင်းဆိုသည်မှာလည်း ဝတ်ဆံဝတ်မှုန်လို သင်းပျံ့တတ်သည် မဟုတ်ပါလား။
ကက်သရင်းက တယ်လီဖုန်းနံပါတ်ခလုတ်ကလေးကို နှိပ်ပြီး ဝတ်မှုန်ရှိနေမည့် ဂျာနယ်တိုက်ဆီသို့ လှမ်းဆက်လိုက်၏။

'' ဟဲလို. . .ဝတ်မှုန်နဲ့ စကားပြောချင်လို့ပါရှင်။ ကက်သရင်းက ဆက်တယ်လို့ ပြောပေးပါ ''
ခဏအကြာတွင် ဝတ်မှုန်က တယ်လီဖုန်းလာကိုင်သည်။
'' ဟဲလို. . .ကက်သရင်းလား။ ရှင်က ဒီတစ်ခါ ထူးထူးခြားခြား ကျုပ်ဆီကို ဖုန်းတွေဘာတွေ ဆက်လို့ပါလား။ ပြောစမ်း. . .ပြောစမ်း။ ဘာတွေထူးသလဲ ''
ကက်သရင်းက စကားစရ ခက်သလိုဖြစ်နေ၏။ ပြီးမှ. . .သာမန်အကြောင်းကိစ္စတစ်ခုကို ပြောသောလေသံမျိုးဖြင့်. . .

'' နင်. . .ကိုနရစိုးအကြောင်း သိပြီးပြီလား။ တော်တော်ဘာရုတ်ကျတဲ့ လူပဲဟာ။ ငါတို့ ရပ်ကွက်ထဲက ဟို အသုဘအိမ်မှာလေ. . . ''
'' ဩော်. . .မိကက်သရင်း။ လက်စသတ်တော့ ညည်းက ကိုနရစိုးအကြောင်း ပြောချင်လို့ ဖုန်းဆက်တာကိုး။ သိပြီးပါပြီတဲ့ရှင်။ အဲဒီနေ့က အသုဘပို့ဘို့ ဂျာနယ်လစ်သုံးလေးယောက်လောက် ရောက်နေကြတယ်လေ။ ငါတို့ဂျာနယ်မှာတောင် အဲဒီကို သတင်းရေးပြီး ထည့်မလို့ စိတ်ကူးထားတာ။ အခု ဖောင်ပိတ်တော့မှ နေရာမလောက်လို့ ချန်ပစ်ခဲ့ရတယ်။ ဘာလဲ. . .ညည်းက သူနဲ့ပတ်သက်သမျှ အားလုံးကို စိတ်ဝင်စားနေပြီပေါ့။ ဟုတ်လား. . .''

ဝတ်မှုန်၏စကားကြောင့် ကက်သရင်း ရှက်သွား၏။ တယ်လီဖုန်းထဲမှဖြစ်၍ တစ်ယောက် မျက်နှာ တစ်ယောက်မမြင်ရသောကြောင့်သာ တော်ပါသေးရဲ့. . .ဟု ကက်သရင်း တွေးလိုက်မိ၏။
သူမက. . .
'' အောင်မယ်. . .ကောင်မစုတ်။ ညည်းပဲ သူ့ကို အင်တာဗျူးလုပ်ချင်ရတာနဲ့ ဘာနဲ့ ရေးကွက်ရှာနေတော့ ညည်းအတွက် သတင်းလေး ဘာလေး ရပါစေတော့ဆိုပြီး ပြောတာဟဲ့. . .။ဟွန်း. . .အဲဒီလူကပေါက်တတ်ကရတွေ လျှောက်လုပ်နေတာများ ငါက ဘာကိစ္စ စိတ်ဝင်စားရမှာလဲ ''

တယ်လီဖုန်းထဲတွင် ဝတ်မှုန်၏ တခစ်ခစ်ရယ်သံကို ကြားရ၏။ ထိုရယ်သံကြောင့် သူမ အနေရခက်သလို ဖြစ်လာသည်။ နောက်. . .ဝတ်မှုန်က. . .

''အောင်မယ်. . .။ သူလုပ်တဲ့ ပေါက်တတ်ကရတွေက ပရမ်းပတာ အဓိပ္ပာယ်မရှိတာတွေတော့မဟုတ်ဘူးနော်. . .ကက်သရင်း။ အဲဒီနေ့က ဒိုးပတ်ဝိုင်းကို အတင်းရပ်ခိုင်းတော့ ကိုနရစိုးက ဘာပြောသလဲ. . .သိလား။

'ဒိုင်ယာနာမင်းသမီးရဲ့ အသုဘမှာ ကမ္ဘာကျော် ဆိုတော်အယ်လ်တန်ဂျွန်က လေထဲကဖယောင်းတိုင် သီချင်းဆိုတာကျတော့ ခင်ဗျားတို့က လက်ခံတယ်။ ဆင်းရဲသား အသုဘမှာ ဒိုးပတ်တီးတာကို ကျတော့ လက်မခံဘူးလား '. . .တဲ့ ''

ထိုစကားကြောင့် ကက်သရင်းက တွေတွေငေးငေးဖြစ်သွားပြီး. . .
'' အင်း. . .သူပြောတာလည်း ဟုတ်တော့ ဟုတ်တာပဲ ဝတ်မှုန်ရယ် ''
'' ခစ်. . .ခစ်. . .။ ဟော. . .ညည်း စိတ်ဝင်စားနေပြီ မဟုတ်လား ကက်သရင်း ''
'' အို. . .တော်စမ်းပါ ''

ကက်သရင်း ရှက်ရှက်ဖြင့် ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်သည်။ ဝတ်မှုန်ကတော့. . .

"အကောင်းပြောတာပါ။ သူ့ပုံစံက ဘယ်သူဘာပြောပြော ဂရုမစိုက်ဘဲ စိတ်ထဲ ထင်ရာမြင်ရာ စွတ်လုပ်မယ့်လူ။ သူ့ကိုသာ အင်တာဗျူးခွင့်ရရင် သူ့အတွေးတွေ၊ သူ့စိတ်ကူးတွေကို အများကြီး နှိုက်ထုတ်ယူလို့ ရနိုင်တယ် သိလား. . .။အဲဒါ. . .နင်ကလည်း သူ့ကို ငါနဲ့ အင်တာဗျူးလုပ်ဖို့ နည်းနည်းပါးပါး တိုက်တွန်းပေးစမ်းပါဟာ "

" အောင်မယ်. . .အောင်မယ်. . .။ သူနဲ့ငါနဲ့က ဘာဆိုင်လို့လဲ။ ဟွန်း. . .နင်ပြောပုံက. . .၊ ကောင်မစုတ်နော် "

"ဩော်. . .မသိပါဘူး ကက်သရင်းရယ်။ ငါက မကြာခင် တစ်ချိန်ချိန်မှာ သက်ဆိုင်သူတွေ ဖြစ်လာကြတော့မယ် ထင်လို့ပါ. . .ဟဲ. . .ဟဲ။ ငါ့ဗိုက်ထဲမှာက ပုဏ္ဏားလေး ရှိရုံတင်မကဘူး စံဇာဏီဘိုကော. . .၊ ဟိန်းလတ်ကော. . .၊ မင်းသိခ်ကော ရှိတယ်ဟ "
" တော်ပြီ. . .တော်ပြီ. . .။နင်ဟာလေ စကားအကောင်းကို ပြောလို့မရဘူး "
" ဘိုင့်ဘိုင်. . . "
ဝတ်မှုန်က တခစ်ခစ်ရယ်မောသံနှင့်အတူ ဖုန်းချသွား၏။ ကက်သရင်းရင်ထဲမှာ မောလိုက်ပြီး ကျန်ရစ်ခဲ့သည်။
အို. . .ငါ ဘာလို့ စိတ်လှုပ်ရှားနေပါလိမ့်။
ဝတ်မှုန်ပြောလိုက်တဲ့ စကားတွေကြောင့်လား. . .။ ဒါမှမဟုတ် ငါ့ရဲ့ မသိစိတ်က မျှော်လင့်တမ်းတမှု တစ်ခုကြောင့်လား. . .။ ဒါမှမဟုတ် ကံ့ကော်ပွင့်တွေရဲ့ ဖျားယောင်းမှုကြောင့်လား. . .။

ထိုစဉ်မှာပင် အိမ်ရှေ့ဆီက ကားဟွန်းသံကြောင့် သူမ ရင်ခုန်သွား၏။

သူ. . .သူ. . .ရောက်လာတာများလား။
နာကျင်မှု အနည်းငယ်ကြွင်းကျန်နေသေးသော ခြေထောက်ကိုပင် ဂရုမစိုက်နိုင်ဘဲ အိမ်ရှေ့ဆီသို့ အပြေးကလေး ထွက်ခဲ့မိသည်။
သေသေချာချာ နားထောင်ကြည့်လိုက်တော့ ဟွန်းသံက နှစ်မျိုး၊ ကားနှစ်စီး ပြိုင်တူဟွန်းတီးနေခြင်း ပြိုင်တူဟွန်းတီးနေခြင်း ဖြစ်၏။
နရစိုးက တမင်ညစ်ချင်စိတ်ဖြင့် သူ့ကားကို ကက်သရင်း၏ ခြံရှေ့မှာပင် ကန့်လန့်ပိတ်ကာ ရပ်ပစ်လိုက်၏။
မျက်နှာချင်းဆိုင်ရှိ ပရာဒို (PARADO) ကားပေါ်မှ ရဲတင့်ကလည်း သူတမင်ညစ်မှန်းသိ သဖြင့် ဒေါပွကာ ဟွန်းကိုတတီတီ တီးနေသည်။

နရစိုး ဂရုစိုက်မနေတော့။ (ကက်သရင်းနှင်းဆီ အိမ်ရှေ့တည့်တည့်သို့ သူရောက်ခါမှ) တိုက်တိုက်ဆိုင်ဆိုင် ရဲတင့်ဆိုသော ငမျောက်သားနှင့် မျက်နှာချင်းဆိုင် ပက်ပင်းတိုးနေသောကြောင့် သူ အနည်းငယ် စိတ်ဆင်းရဲသွား၏။
အခုနေ ဒီငနဲကို ပြုန်းခနဲ မြေမျိုသွားရင် ကောင်းမှာပဲ. . .ဟု သူစိတ်ထဲက ကျိတ်ပြီး ဆုတောင်းနေမိ၏။

သို့သော်. . .သူ ဆုတောင်းမပြည့်။ ရဲတင့်က ကားပေါ်မှဆင်းကာ ဗိုက်ပူပူကြီး ကော့လန်ကော့လန်နှင့် သူ့ဆီသို့ဦးတည်လျှောက်လာသည်။ မျက်နှာကြီး ရှုံ့မဲ့ကာ ဝမ်းဗိုက်က စူထွက်နေသောကြောင့် ကိုယ်ဝန်ဆောင်ထားသော မျောက်ဝံမကြီးနှင့် တူနေ၏။

ရဲတင့်၏ လက်ထဲတွင်ကား အဝါရောင် နှင်းဆီပန်းတစ်စည်း၊ ရဲတင့်ကလည်း နရစိုး၏လက်ထဲမှ စက္ကူအိတ်ဖောင်းဖောင်းကြီးဆီသို့ ဖျတ်ခနဲ လှမ်းကြည့်ရင်း မသင်္ကာစွာ အကဲခတ်နေသည်။

သူတို့ နှစ်ယောက်သား စီးချင်းထိုးကြတော့မည့် သူတွေလို ဖြစ်နေ၏။

MMCYBERMEDIA
community for all

ရဲတင့်က နရစိုးလက်ထဲတွင် ကိုင်လာသော စက္ကူအိတ်ကြီးကို တစ်ချက်ထပ်ကြည့်လိုက်ရင်း. . .

'' မင်းက. . .ဒီအိမ်ကို ဘာလာလုပ်ပြန်တာလဲ ''

နရစိုးက မခိုးမခန့်အမူအယာဖြင့် အံ့ဩသွားချင်ယောင်ဆောင်လိုက်ရင်း. . .

'' ဗျာ. . .။ ဒီအိမ်ကို လာရင် ပုံစံဖြည့်ရသလား။ ဒါမှမဟုတ် ခင်ဗျားက လမ်းကြေး၊ ဂိတ်ဝင်ကြေး၊ ကောက်ချင်လို့လား ''

ခပ်တည်တည်နှင့် ပြန်မေးလိုက်တော့ ရဲတင့်က မျက်လုံးကလေး ပြာလတွတ် ပြာလတွတ် လုပ်နေသည်။ တကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင် ပြဿနာရှာကြစတမ်း ဆိုရင် ထိုင်နဲက သတ္တိရှိပုံ မပေါ်။

ဒါကို ရိပ်မိသော နရစိုးက ခပ်တည်တည်ဖြင့် ခြောက်လုံးလှန့်လုံးသုံးပြီး. . .

''ဘာလာလုပ်တာလဲ. . .ဆိုတဲ့ မေးခွန်းကို ကျုပ်က မေးရမှာဗျ. . .ကိုရဲတင့်။ ဒါ. . .ကျုပ်နေတဲ့ ရပ်ကွက်။ဒီလမ်းထဲမှာလည်း ကျုပ်သူငယ်ချင်းတွေချည်းပဲ။ အနေအထိုင်မတတ်ရင် ခင်ဗျား နာသွားမယ်။ သဘောပေါက်လား ''

ရဲတင့်၏မျက်နှာ ငိုမဲ့မဲ့ဖြစ်သွား၏။ စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ချာခနဲလှည့်ပြီး ခြံထဲသို့ ဝင်သွားတော့သည်။

နရစိုးက စိတ်ထဲမှ ကြိတ်ပြီး ပြုံးလိုက်သည်။

ညှော့ခန်းထဲတွင် ထိုင်မိလျှင် ထိုင်မိချင်း ရဲတင့်က သူ့လက်ထဲမှ နှင်းဆီပန်းများကို ကက်သရင်း၏ လက်ထဲသို့ ထိုးပေးရင်း. . .

'' ကက်သရင်းအတွက် ကိုကိုတင့် ပန်းတွေ ဝယ်လာတယ် ''

ကက်သရင်းက ပန်းစည်းကို လှမ်းယူရင်း နရစိုးဘက်သို့ ဖျတ်ခနဲ တစ်ချက်ဝေ့ကြည့်၏။ နရစိုးက. . .

'' မနှင်းဆီ ပန်းကြိုက်တတ်တယ်ဆိုလို့ ကျွန်တော်လည်း ပန်းတွေဝယ်လာပါတယ်. . .ရော့ ''

နရစိုးက သူ့လက်ထဲမှ စက္ကူအိတ်ကြီးကို လှမ်းပေးလိုက်သည်။

'' ဟင်. . .ပန်းဂေါ်ဖီတွေ ''

စက္ကူအိတ်ကို ဖွင့်ကြည့်ပြီး ကက်သရင်းက လွှတ်ခနဲ ပြောသည်။

'' ပန်းဂေါ်ဖီလည်း ပန်းမဟုတ်ဘူးလား မနှင်းဆီ။ အဲ. . .ပန်မယ်ဆိုရင်တော့ နည်းနည်း အခက်အခဲရှိမှာပေါ့ ''

နရစိုး၏ စကားကြောင့် ကက်သရင်းနှင်းဆီက မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး. . .

'' ဒါတွေက ပန်ရတဲ့ ပန်းမှ မဟုတ်ဘဲ. . .။ ချက်စားရတာပဲဥစ္စာ ''

'' အဲဒါဆိုလည်း ချက်စားလိုက်ရုံပေါ့. . .မနှင်းဆီရဲ့။ အခုလည်းတစ်အိမ်လုံး ကုံ့ကော်ပန်းတွေ ဖွေးနေတာပဲဥစ္စာ။ နောက်ထပ် ပန်းတွေထားဖို့နေရာ ရှိတော့မယ် မထင်ပါဘူး။ ဒီတော့ ကျွန်တော့်ပန်းဂေါ်ဖီတွေ ကို ချက်စားပစ်လိုက်။ အဲ. . .ဒီနှင်းဆီတွေကျတော့ ချက်စားဖို့လည်း အသုံးဝင်မှာ မဟုတ်တဲ့အတူတူ အမှိုက်ပုံးထဲသာ ပစ်လိုက်ပါတော့ ''

သူ့စကားကြောင့် ရဲတင့်က (ထုံးစံအတိုင်း စားပွဲကို လက်ချောင်းကလေးများဖြင့် တဒေါက်ဒေါက်ခေါက်နေရာမှ) ဒေါသဖြင့် အံကြိတ်သံပြု၏။

ထိုင်မျောက်သားခမျာ ယခုမှပင် ဘုရားပန်းအိုးတွေမှာကော၊ ညှော်းခန်းထဲရှိ ပန်းအိုးတွေမှာပါ အဖြူရောင် ကုံ့ကော်ပွင့်တွေ ပြည့်နေသည်ကို သတိထားမိသွားပုံ ပေါ်၏။

ရဲတင့်က. . .

'' ဟုတ်ပါရဲ့။ ကုံ့ကော်ပန်းတွေ များလှချည်လား။ ဘယ်ကလည်းဟင်. . . ''

ကက်သရင်းက မျက်မှောင်နှစ်ဖက်ကို ထိလုနီးပါး လုပစ္စာကြုတ်ထားရင်း. . .

'' ဟင့်အင်း. . . ။ ကျွန်မလည်း မသိဘူး။ မနက်စောစောကပဲ ကလေးလေးတစ်ယောက် လာပို့သွားတာ။

MMCYBERMEDIA
community for all

အဲဒီကုံကော်ပန်တွေကို ဘယ်သူပို့ခိုင်းလိုက်သလဲလို့ မေးတော့လည်း မပြောဘူး။ မသိဘူး. . .တဲ့ ''
စကားအဆုံးတွင် ကက်သရင်း၏အကြည့်က နရစိုးဘက်သို့ ဝေ့ဝဲလာသည်။ သူမ၏ အကြည့်က နရစိုးကို ' ရှင်ပို့ခိုင်းလိုက်တာ မဟုတ်လား ' ဟု မသင်္ကာသည့် မေးခွန်းမျက်ဝန်း. . .။

နရစိုးက ခပ်တည်တည်ဖြင့် ကက်သရင်းနှင်းဆီ၏ အကြည့်ထံမှ မျက်နှာလွှဲလိုက်သည်။ ဒီဘက်တွင်တော့ သူ့ကို စားမလို ဝါးမလို စိုက်ကြည့်နေသော ရဲတင့်၏ ဘီလူးသဘက်မျက်လုံးများ. . .။

ရဲတင့်ကလည်း နရစိုး၏လက်ချက်မှန်း ခန့်မှန်းမိသွားပုံ ရ၏။ ရဲတင့်က. . .

'' ကိုကိုတင့်လည်း မနက်စောစောကတည်းက လာမလို့ပဲ။ ကားအသစ်တစ်စီး တွေ့ထားတယ် ဆိုပြီး ပွဲစားက ဖုန်းဆက်တာနဲ့ မင်္ဂလာဒုံအထိ သွားကြည့်တာ။ စောစောကလေးတင်မှ ပြန်ရောက်လို့. . .''

ရဲတင့် မချိတင်ကဲ ပြောနေပုံက ဘုရားရောင်ခြည်တော်လွှတ်သည်ဟု သတင်းရသည်ကို နောက်ကျပြီးမှ ရောက်သွားသဖြင့် မဖူးလိုက်ရသောကြောင့် ယူကျုံးမရ ဖြစ်နေသည့်အသံမျိုး။
နရစိုးက သူ့ကို နောက်ပြောင်ချင်သဖြင့်. . .

'' ကိုရဲတင့်က ကားတွေ တစ်စီးပြီးတစ်စီး အမျိုးမျိုးစီးနိုင်တာပဲ ဗျနော်။ ဘာလဲ. . .ဝပ်ရှော့မှာ အလုပ်လုပ်တာလား. . .ဟင် ''

'' ဒီမှာ. . .ဟော့ကောင်။ ငါ့မျက်နှာကို သေသေချာချာကြည့်ထား။ ဒါ. . .ဝပ်ရှော့အလုပ်သမား ရုပ် လားလို့။ အိမ်မှာ ငါတစ်ယောက်တည်းသုံးဖို့ချည်းပဲ ကားသုံးစီးရှိတယ်ကွ။ ဟိုင်းဝေးသွားရင် လင်ခရူဇာနဲ့။ မြို့ထဲသွားရင် မာ့ခ်တူးနဲ့။ ဟိုနားဒီနားသွားရင်တော့ ပရာဒိုလောက်ပဲ စီးတယ် ''

နရစိုးက အထင်သေးသလို ပခုံးတွန့်ပြီး ပြုံးလိုက်ရင်း ကက်သရင်းဘက် လှည့်ကာ. . .

'' ကျွန်တော်ကတော့ ဟိုနားဒီနားသွားတဲ့အခါ ပရာဒို မစီးဘူးဗျ ''
သူ့စကားကြောင့် ရဲတင့် ပြုံးပြုံးပြာပြာဖြစ်သွားပြီး. . .

'' ဘာလဲ. . .ဘာ စီး သ လဲ ''
'' ခုံဖိနပ်ပဲ စီးတယ် ''
နရစိုး၏စကားကြောင့် ကက်သရင်းက နှုတ်ခမ်းကို ဖွဖွကိုက်ပြီး ရယ်သည်။
ရဲတင့်မျက်နှာကတော့ မည်းခနဲ ဖြစ်သွား၏။ နောက်. . .သူက

'' မင်း ပြောတာဆိုတာ တော်တော်အဆင့်အတန်း နိမ့်တာပဲ ''
'' ဗျာ. . .။ ဒါဆို အဆင့်အတန်းမြင့်တယ်တယ်ဆိုတာ ဘယ်လိုလူမျိုးကို ခေါ်တာပါလိမ့်. . . ကိုရဲတင့်။ လုပ်စမ်းပါဦးဗျ ''

'' ဟ. . .ရှင်းနေတာပဲ။ အပြောအဆို အနေအထိုင်က လူကြီးလူကောင်း ဆန်ရမယ်ကွာ။ သူများထက် သာတဲ့ အရည်အချင်း ရှိရမယ်ကွာ။ ပြီးတော့. . .အင်း ''
နရစိုးက ချောင်းတစ်ချက်ဟန့်ရင်း. . .
'' သူများထက်သာတဲ့အလုပ်မျိုး ခင်ဗျားလုပ်ချင်တယ်ဆိုရင် ဆံပင်ညှပ်ဆရာ လုပ်ပါလား ကိုရဲတင့်။ လူတိုင်းရဲ့ ဦးခေါင်းကို ကိုင်ရတယ်ဗျာ။ ဒီထက်ပိုပြီး သြဇာကြီးတဲ့ အလုပ်မျိုး မရှိတော့ဘူး ''

'' ဘာကွ ''

MMCYBERMEDIA
community for all

" သြော်. . .ဆောရီး။ မေ့သွားလို့။ ရှိသေးတယ်ဗျ။ ဆံပင်ညှပ်ဆရာ မလုပ်ချင်ရင် အနုပ်သည်
လုပ်ဗျာ။ လူတကာရဲ့ အပေါ်ကနေပြီး ကိုယ်က ခြေထောက်နဲ့ တက်နင်းရတာ။ ခင်ဗျားပြောသလိုဆို အဆင့်အတန်းမြင့်တဲ့ အလုပ်ပဲပေါ့ "
ရဲတင့်က သူ့ကို မျက်ထောက်နီကြီးများဖြင့် ကြည့်ရင်း. . .။

" မင်း. . .လူကပ်ပဲ "
" ဟာ. . .မဟုတ်ပါဘူးဗျာ။ ' လူကပ် ' ဆိုတာ ယပ်တောင်လုပ်တဲ့ မိန်းမတွေကို ခေါ်တာဗျ။
မယုံရင်သွားကြည့်ပါလား။ တစ်နေ့လုံး စက္ကူတွေကို ကော်နဲ့ ကပ်နေတာပဲ "
တက်ခေါက်သံနှင့်အတူ ရဲတင့်က ကက်သရင်းဘက်သို့ လှည့်ပြီး
" ဘယ်လိုကောင်စားမျိုးနဲ့များ မိတ်ဆွေဖြစ်နေရတာလဲ ကက်သရင်းရာ "
" ခင်ဗျားကိုယ်ခင်ဗျားကော ဘယ်လိုကောင်စားဆိုတာ သိရဲ့လား ကိုရဲတင့် "
နရစိုး၏စကားကြောင့် ရဲတင့်က မျက်လုံးကြီးများ ပြူးထွက်လာအောင် အံကိုကြိတ်ရင်း. . .
" မင်း. . .မင်း. . .ရန်စကားပြောတာလား ဟေ့ကောင် "
" မဟုတ်ဘူး. . .ကိုရဲတင့်။ ကျွန်တော်ပြောတာကို ခင်ဗျား စိတ်အေးအေးထားပြီး တစ်ချက် လောက်စဉ်းစားကြည့် "
" ဘာလဲကွ "
နရစိုးက မျက်နှာထားကို တည်လိုက်သည်။ ထို့နောက်. . .ရဲတင့်၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး. . .

" ဒီမှာ ကိုရဲတင့်။ ခင်ဗျား မျက်စိနှစ်လုံးကို မှိတ်လိုက်။ ပြီးရင် အာရုံထဲမှာ ခင်ဗျားရဲ့ရုပ်ကို
ခင်ဗျား ပြန်ပြီး မြင်ယောင်ကြည့်စမ်းဗျာ။ မြင်အောင်ကြည့်လို့ရရဲ့လား. . ."

ရဲတင့်က အဖြေမပေးသေးဘဲ ခဏဆိုင်းငံ့ပြီး စဉ်းစားနေသည်။ ပြီးမှ. . .
" မရဘူး "

" ဒါဆို. . .ခင်ဗျားရဲ့အသံကို ခင်ဗျား ပြန်ပြီး ကြားယောင်ကြည့်ဦးဗျာ. . .။ ရရဲ့လားလို့ "
စောစောလောက်ကပင် မကြာ။ ရဲတင့်က ခေါင်းခါ၏။ နရစိုးက သူ့ထံမှ မျက်နှာလွှဲပြီး အဝေးသို့ငေးရင်း. . .

"ကျွန်တော်ပြောချင်တာ အဲဒါပဲ။ လူတိုင်းလူတိုင်းမှာ ကိုယ့်ကိုယ်ကို ပြန်မမြင်နိုင်၊ ပြန်မကြား နိုင်အောင် မျက်စိတွေ နားတွေကို အလွှာတစ်ခုက ပိတ်ဆို့ထားတယ်။ အဲဒီအလွှာကို အတ္တလို့ ခေါ်တယ် "
နရစိုး ပြန်ဖို့ထသောအခါ ကက်သရင်းက အိမ်ရှေ့တံခါးဝအထိ လိုက်ပို့သည်။ နရစိုးက. . .

" ရပါတယ်. . .မနှင်းဆီ လိုက်မပို့ပါနဲ့။ ခြေထောက်ကလည်း ကောင်းကောင်းလျှောက်နိုင်သေးတာမှ မဟုတ်ဘဲ "
" ကျွန်မ ရှင့်ကိုမေးစရာရှိလို့ "
" ဗျာ. . .ဘာများလဲ "
နရစိုးက မသိသလို၊ နားမလည်သလို အူကြောင်ကြောင် လုပ်နေသည်။
ကက်သရင်းနှင်းဆီက. . .
" မနက်က ကုံကော်ပန်းတွေ ပို့လိုက်တာ ရှင်ပဲ မဟုတ်လား "
နရစိုးက ဘယ်လိုပြန်ဖြေရင် ကောင်းမလဲဟု ခဏကြာအောင် စဉ်းစားနေသည်။ ပြီးမှ. . .
" အဲ. . .ဟိုဒင်း. . .။ သြော်. . .ဒါနဲ့ Gift and Denotations (လက်ဆောင်ပစ္စည်းတွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များ) ဆိုတဲ့ စာအုပ်ကို မနှင်းဆီ ဖတ်ဖူးလား မသိဘူး "
" ဟင့်အင်း "
"ဒါဆို. . .ကျွန်တော် နောက်တစ်ခေါက်လာတဲ့အခါကျရင် မနှင်းဆီကို အဲဒီစာအုပ် ငှားဦးမယ်။ အဲဒီစာအုပ်ထဲမှာ ရေးထားတယ် သိလား။ နေမကောင်းဖြစ်နေတဲ့ ကောင်မလေးတစ်ယောက်ကို မြန်မြန်နေကောင်းလာပါစေ. . .လို့ ဆုတောင်းပေးတဲ့

MMCYBERMEDIA
community for all

အခမ်ိပ္ပာယ္ဆိုရင္ အျဖဴေရာင္ပန္းေတြ လက္ေဆာင္ေပးရတယ္...တဲ့ ''

အခန္း(၆)

ေနာက္တစ္ရက္တြင္. . .

ကက္သရင္းနင္းဆီသို႔ နရစ္မ္းကိုယ္တိုင္ေတာ့ ေရာက္မလာ။ အဂၤလိပ္ဘာသာျဖင့္ ေရးထားေသာ စာအုပ္တစ္အုပ္ကိုေတာ့ ကေလးတစ္ေယာက္ျဖင့္ ပို႔ခိုင္းလိုက္၏။

စာအုပ္၏အမည္ကား '' Gift and Denotations ''

တစ္စုံတစ္ေယာက္ထံသို႔ လက္ေဆာင္ပစၥည္းေပးပို႔ရာတြင္လည္းေကာင္း၊ မိမိကို လက္ေဆာင္ေပးလွ်င္ေသာ္ လည္းေကာင္း မည္သည့္ရည္ရြယ္ခ်က္၊ မည္သည့္အဓိပၸာယ္ျဖင့္ ေပးပို႔ျခင္းျဖစ္သည္ကို အဓိပၸာယ္ဖြင့္ဆိုထားေသာ စာအုပ္ျဖစ္၏။ ကက္သရင္းနင္းဆီက စာအုပ္ကို ဟိုလွန္ဒီလွန္ေလွ်ာက္ၿပီး ဖတ္ၾကည့္လိုက္သည္။

. . . . . . . . .

' ကိုယ့္ကို အၿမဲတမ္း သတိရေနပါ. . . ' ဟူသည့္ အဓိပၸာယ္ျဖင့္ ေပးေသာလက္ေဆာင္ ပစၥည္းမွာ-

- အလုပ္စိုက္သစ္ပင္ (ေယာက္်ားေလးမွ မိန္းကေလးသို႔ေပးရန္)

- ဦးထုပ္ (မိန္းကေလးမွ ေယာက္်ားေလးသို႔ေပးရန္)

. . . . . . . . .

. . . . . . . . .

MMCYBERMEDIA
community for all

' မင်းရဲ့ရည်မှန်းချက်တွေ အောင်မြင်အောင် ဆုတောင်းပေးနေမယ်. . . ' ဟူသည့် အဓိပ္ပာယ်ဖြင့်ပေးသော လက်ဆောင်ပစ္စည်းမှာ. . .



- စက္ကူကြိုးကြာရုပ်တစ်ထောင် (ယောကျ်ားလေးမှ မိန်းကလေးသို့ပေးရန်)

- စက္ကူရောင်စုံကြယ်ပွင့်တစ်ထောင် (မိန်းကလေးမှ ယောကျ်ားလေးသို့ပေးရန်)

. . . . . . . . .

. . . . . . . . .

' ကိုယ့်ကိုမေ့ပစ်လိုက်ပါတော့ ' ဟူသည့်အဓိပ္ပာယ်ဖြင့် ချစ်သူအဖြစ်မှ ပြတ်စဲလိုသောအခါ -

- မီးခြစ် (ယောကျ်ားလေးမှ မိန်းကလေးသို့ပေးရန်)

- ပြာခွက် (မိန်းကလေးမှ ယောကျ်ားလေးသို့ပေးရန်)

. . . . . . . . .

. . . . . . . . .

ရက်ရှည်လများ ခွဲခွာရခါနီးတွင် ' အနေဝေးလို့ မေ့မသွားနဲ့နော် ' ဟူသည့်အဓိပ္ပာယ်ဖြင့် ပေးသော လက်ဆောင်ပစ္စည်းမှာ -

- ဒိုင်ယာရီစာအုပ် (ယောက်ျားလေးမှ မိန်းကလေးသို့ပေးရန်)

- ဖောင်တိန်၊ ဘောပင် (မိန်းကလေးမှ ယောက်ျားလေးသို့ပေးရန်)



... ... ...

... ... ...

ကိုယ့်ချစ်သူ၏ အောင်မြင်မှုတစ်ခုခုအတွက် ' ဂုဏ်ယူပါတယ် ' ဟု ချီးကျူးလိုသည့်အခါ -

- ဓါတ်ပုံမှန်ဘောင်လှလှလေး (ယောက်ျားလေးမှ မိန်းကလေးသို့ပေးရန်)

- ဝိုင်ပုလင်း (မိန်းကလေးမှ ယောက်ျားလေးသို့ပေးရန်)

... ... ...

... ... ...

ကွဲကွာနေရာမှ ပြန်လည်ဆုံတွေ့ကြရသည့်အခါ၊ ကတောက်ကဆဖြစ်ပြီး ပြန်ပြေလည်သွားသည့်အခါ ' လွမ်းခဲ့ရသမျှတွေ မေ့ပစ်လိုက်ကြစို့ ' သို့မဟုတ်... ' ငိုကြွေးခဲ့ရသောကာလများ ပြီးဆုံးပြီ ' ဟူသည့်အဓိပ္ပာယ်ဖြင့် ပေးသည့်လက်ဆောင်မှာ -

- လက်ကိုင်ပုဝါ (ယောက်ျားလေးမှ မိန်းကလေးသို့ပေးရန်)

- စားပွဲတင်ပြက္ခဒိန် (မိန်းကလေးမှ ယောက်ျားလေးသို့ပေးရန်)

MMCYBERMEDIA
community for all

. . .    . . .  . . .

. . .    . . .  . . .

ချစ်သူနှစ်ဦး စိတ်ကောက်ပြီး မခေါ်မပြောဖြစ်နေရာမှ စိတ်ဆိုးပြေအောင် ချော့မော့လိုသည့်
အခါ -

- အဝါရောင်ပန်းပွင့်၊ ပန်းစည်း    (ယောက်ျားလေးမှ မိန်းကလေးသို့ပေးရန်)

- သီချင်းဓာတ်ပြားအယ်လ်ဘမ်    (မိန်းကလေးမှ ယောက်ျားလေးသို့ပေးရန်)

. . .    . . .  . . .

အင်္ဂလိပ်အက္ခရာစဉ်အလိုက် (A) မှ (z) အထိ အကြောင်းအရာပေါင်းစုံနှင့် လက်ဆောင်ပစ္စည်း အမျိုးမျိုးကို အဘိဓါန်သဖွယ် အစဉ်လိုက် ရေးထားသည်ကို တွေ့ရ၏။
ကက်သရင်းက ' နေမကောင်းသည့် မိန်းကလေး ' အတွက်ဟူသော ခေါင်းစဉ်ဖြင့် ပေးရမည့် လက်ဆောင်ကိုပစ္စည်းကို ရှာကြည့်လိုက်၏။

နေထိုင်မကောင်းဖြစ်နေသော အမျိုးသမီး - ဟူသည့် ဝါကျနှင့်တွဲလျက် ပေးရမည့် လက်ဆောင်ပစ္စည်းနေရာတွင် ' သစ်သီးနှင့် စိတ်ရွှင်လန်းမည့် ပန်းများ ' ဟု ဖော်ပြထားသည်ကိုသာ တွေ့
ရသည်။

ကက်သရင်း မျက်မှောင်ကြုတ်လိုက်၏။ နရစိုးပြောသွားသလို ' အဖြူရောင်ပန်းများ ' ဟု ဖွင့်ဆိုထားခြင်း မရှိချေ။

တစ်ခုခုတော့ မှားယွင်းနေလေပြီ။

ဖျားနာခြင်း၊ နေမကောင်းခြင်းအတွက် အခြားဝေါဟာရများ illness.....unhealthy တို့ဖြစ်သောကြောင့် သူမက အိုင်(I)နှင့် စတင်သည့် စာမျက်နှာ၊ ယူ(U)နှင့် စတင်သည့် စာမျက်နှာများကိုပါ ရှာကြည့်သည်။

မတွေ့. . .။

MMCYBERMEDIA
community for all

နောက်ဆုံး သူမက အယ်လ်(L)နှင့်စတင်သည့် စာမျက်နှာကိုလှန်လိုက်ရာ. . .
Lover's Gift (ချစ်သူ့လက်ဆောင်) ဟူသော ခေါင်းစဉ်အောက်တွင် ' ချစ်သူမိန်းကလေးနေထိုင်မကောင်းဖြစ်လျှင် ' . . . .
' အဖြူရောင်ပန်းများ ' လက်ဆောင်ပေးရန်. . .ဟု ဖွင့်ဆိုထားသည်ကို တွေ့လိုက်ရလေသည်။

. . .  . . .  . . .

နရစိုးက ကံ့ကော်ပွင့်တွေ ပေးပို့လိုက်သည့်ကိစ္စကို ဝန်မခံဘဲ ဝေ့လည်ကြောင်ပတ်လုပ်နေတာဘာကြောင့်လဲ. . .ဆိုသည်ကို သူမ သဘောပေါက်စ ပြုလာသည်။

ဘုရားရေ. . .။
ရှင်ဟာ တော်တော်မပွင့်လင်းတဲ့ လူပါလား. . .။

မချင့်မရဲစိတ်ဖြင့် သူမ၏နှုတ်ခမ်းကိုသာ အသာဖွဖွ ကိုက်ထားလိုက်မိသည်။

သူမ၏အချစ်ကို တရားဝင်တောင်းဆိုလာခြင်း မရှိဘဲ ဝေ့လည်ကြောင်ပတ် လုပ်နေမှတော့ သူမဘက်ကကော . . . ဘယ်လိုလုပ်ပြီး ' အဖြေပေးနိုင်ခွင့် ' ရှိနိုင်ပါဦးမည်နည်း. . .။

တွေးရင်းနှင့်ပင် သူမ စိတ်တိုချင်သလိုလို ဖြစ်လာ၏။

MMCYBERMEDIA
community for all

# အခန်း(၇)

ရဲတင့်က သူ့ကားကို မြန်ဒီစားတော်ဆက်ရှေ့တွင် ထိုးရပ်လိုက်သည်။ ဒီအချိန်လောက်ဆိုလျှင် သူ့သူငယ်ချင်း ဆန်နီတစ်ယောက် ဒီဆိုင်တွင် လာသောက်နေကျ။

ဆန်နီက မကောင်းသည့်နေရာတွင် ဉာဏ်နီဉာဏ်နက် အလွန်များသူဖြစ်၏။ လောလောဆယ်မှာလည်း သူ့အတွက် ဆန်နီ၏ ဉာဏ်နီဉာဏ်နက်များကို အသုံးချဘို့ လိုအပ်နေပြီဟု သူထင်သည်။

ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့်. . .

' ဟေ့ကောင်ကြီး ရဲတင့်။ တစ်ယောက်တည်းလားကွ. . .။ ဘာလာလုပ်တာလဲ ''
ဆိုင်ထောင့်ဘက်စွန်းဝိုင်းမှ လှမ်းအော်ပြီး နှုတ်ဆက်သော ဆန်နီကို တွေ့လိုက်ရသည်။
'' ဟား. . .အတော်ပဲ ဆန်နီရာ။ မင်းကို တွေ့ချင်လို့ တမင်လာရတာကွ ''
ရဲတင့်က ပြောပြောဆိုဆိုနှင့် ဆန်နီထိုင်နေသော စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဆန်နီက စားပွဲထိုးဆီမှ ဖန်ခွက်တစ်ခွက်တောင်းပြီး ရဲတင့်အတွက် ပုလင်းထဲမှ ဝီစကီကို ငှဲ့ပေး၏။
ရဲတင့်က ဝီစကီဖန်ခွက်ထဲသို့ ရေခဲတုံးလေးများ ထည့်လိုက်ရင်း
'' ငါ့မှာ မင်းရဲ့အကူအညီကို အသည်းအသန်လိုအပ်နေပြီ. . .ဆန်နီ ''
ထိုစကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဆန်နီ့မျက်နှာက အကုသိုလ်တွေ အစုလိုက်၊ အပြုံလိုက် ပွဲတော်လှည့်လာသည်ကို မြင်တွေ့လိုက်ရသကဲ့သို့ မျက်နှာတစ်ခုလုံး ရှုံ့မဲ့ တွန့်လိမ်သွား၏။

ထို့နောက်. . .လေသံပျော့ပျော့ကလေးဖြင့်. . .

'' ငါကတော့ မင်းစကားကြားရတာ မျက်ခုံးခပ်လှုပ်လှုပ်ပဲ ရဲတင့်။ စာကလေးဗေဒင်ကလည်း ဟောထားတယ်။ ခြေနစ်ချောင်းကို မကယ်နဲ့. . .တဲ့ ''

'' မင်းကလည်းကွာ. . .။ ငါ့ကိစ္စက မင်းမှမကူညီရင် မဖြစ်လို့ပါ ဆန်နီရာ. . .။ ဒီလိုကွ. . .။ အခု ငါ့နှလုံးသားနဲ့ ငါ့ဂုဏ်သိက္ခာကို စစ်ခင်းပြီး ယူရမယ့်အခြေအနေ ဖြစ်နေပြီကွ။ သိလား. . .''

ဆန်နီကတော့ မျက်လုံးကလေး ပေကလပ်ပေကလပ်လုပ်ကာ ရဲတင့်ပြောသမျှကို ကြောင်စီစီ နားထောင်နေ၏။
ရဲတင့်က ဆန်နီ့မျက်နှာကို တစ်ချက်အကဲခတ်ရင်း မိန့်မိန့်ကြီး ပြုံးလိုက်ပြီး. . .

'' ငါပြောတဲ့ စကားရဲ့အဓိပ္ပာယ်ကို မင်း နားမလည်ဘူးထင်တယ် ဆန်နီ ''
'' ဟင်. . .အစကတည်းကကော မင်းက ငါ့ကို နားလည်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြောတာဟုတ်လို့လားကွ ''
ရဲတင့်က ပညာရှိအိုက်တင်ဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း. . .
'' အေးလေ. . .။ ငါ့စကားလုံးတွေက နည်းနည်းမြင့်သွားတာကိုး။ ဆောရီးကွာ. . .ဆန်နီ။ မင်းကိုငါ ရှင်းပြမယ် ''

'' ဟိုလေ. . . မရှင်းပြဘဲ နေလို့ရရင် နေပါလားကွာ. . . ။ ငါနားမလည်ရင်လည်း ငါ့ထိုက်နဲ့ ငါ့ကံပဲ ရှိပါစေတော့။ ငါ့ကို

MMCYBERMEDIA
community for all

ပစ်သာထားလိုက်နော်. . .သူငယ်ချင်း။ ကဲ. . .ကဲ. . .အရက်သောက်ပြီး ပြန်ကြစို့ကွာ. . .နော် ''
ဆန်နီက တောင်းတောင်းပန်ပန် ပြောသည်။ သို့သော်လည်း ရဲတင့်က. . .

'' ဟာ. . .မဖြစ်ဘူးကွ။ မင်း နားလည်တဲ့အထိ ငါ ရှင်းပြမှ ဖြစ်မယ်။ ဒါမှ မင်းက ငါ့ကို ကူညီဖို့ အကြံကောင်း ဉာဏ်ကောင်းပေးနိုင်မှာ ''

'' ကဲ. . .ဒါဆိုလည်း ပြောကွာ။ နားထောင်ရတော့မှာပေါ့ ''

ဆန်နီက အသံကလေး ညောင်နာနာဖြင့် အားလျော့စွာ ပြော၏။ ရဲတင့်၏မျက်နှာက ချက်ချင်းပင် စစ်ကြိုခေတ်က ဓါတ်ရှင်မင်းသား အိုက်တင်မျိုး ပစ်စလက်ခတ် ကြေကွဲသွားပြီး. . .

'' အဓိကအကြောင်းရင်းကတော့ ငါ သိပ်ချစ်ရတဲ့ ကက်သရင်းပေါ့ကွာ. . .။ ဩော်. . .အချစ်. . .အချစ် ''
ညည်းညည်းတွားတွားပြောပြီး သူ့ရှေ့မှ အရက်ဖန်ခွက်ကို ကောက်ယူကာ တဂွပ်ဂွပ် မော့ သောက်လိုက်သည်။ ထို့နောက် ဖန်ခွက်ကို စားပွဲပေါ်သို့ ဒေါက်ခနဲ ပြန်ချလိုက်ပြီး. . .

'' အခု. . .ငါ့ရင်တွေ ပူလောင်နေပြီကွ ဆန်နီရဲ့. . .။ ပူလောင်နေပြီ ''
'' အေး. . .ငါလည်း အစကတည်းက ထင်တော့ ထင်သားပဲကွ။ ဒီဆိုင်က အရက်တွေက မက်သနော ရောထားတယ်နဲ့ တူတယ်။ ငါလည်း ရင်ပူသလိုလိုပဲ ''

'' ငါ့လခွေး. . .အရက်ကြောင့် ရင်ပူတာကို ပြောတာမဟုတ်ဘူးကွ။ အချစ်ကြောင့်. . .အချစ် ကြောင့်၊ အခု ငါ့အချစ်ကို ဝင်လုမယ့်ကောင် တစ်ကောင်ရှိနေပြီကွ. . .သိလား ဆန်နီ။ ဒီကောင်နာမည်က နရစိုး. . .တဲ့ ''

ဆန်နီက မျက်လုံးထောင့်ကပ်ကာ စွေကြည့်ရင်း. . .'' နရစိုး. . .နရစိုး. . .။ ဒီနာမည်က ကြားဖူးသလိုပဲ ''
'' အဲဒီကောင်က ဟိုတုန်းက ရုပ်ရှင်ကားတစ်ကား ရိုက်ဖူးတယ်လို့ ပြောတယ်ကွ ''
'' ဩော်. . .ဟုတ်ပြီ. . .ဟုတ်ပြီ။ သူကိုး. . .''
ရဲတင့်က ဝီစကီကို ဖန်ခွက်ထဲသို့ ထပ်လောင်းငှဲ့လိုက်ရင်း. . .
'' အခု. . . ကက်သရင်းကိုယ်တိုင်ကလည်း ဒီကောင့်ဘက်ကို တော်တော်ကြွေနေပုံရတယ်။ အဲဒီကောင်ကလည်း လုံးဝအချိုးမပြေဘူး။ ကက်သရင်းရှေ့ကျရင် ငါ့ကို အမျိုးမျိုးဖဲ့နေတာ။ ငါ ရေရေလည် လည် သိက္ခာကျတယ်ကွာ. . .''

ဆန်နီက သူ့ကို မျက်လုံးပြူးကြည့်ရင်း. . .
'' အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ။ ဒီကောင် ကက်သရင်းအိမ်ကို မလာနိုင်အောင် ခြေထောက်ကို ရိုက်ချိုးပေးရမလား။ မှတ်လောက်သားလောက် ခေါင်းရိုက်ပစ်လိုက်ရမလား. . .။ ဒါမှမဟုတ် တစ်ခါတည်း ကိစ္စတုံးသွားအောင် ဓါးနဲ့ ထိုးပေးရမလား။ အေး . . . မင်း သိထားဖို့က အဲဒီသုံးခုမှာ ငါတစ်ခုမှ မလုပ်ရဲဘူးနော် ''

ရဲတင့်က ခေါင်းကို တဖြင်းဖြင်း ကုတ်သည်။ ထို့နောက်. . .
'' အေးပါကွာ. . .။ မင်းသတ္တိကို ငါ သဘောပေါက်ပါပြီ ဆန်နီရာ ''

စိတ်ပျက်စွာ ညည်းတွားလိုက်ရာ ဆန်နီက မခံချင်စိတ်ဖြင့် နည်းနည်းလည်း မူးနေပြီ ဖြစ်သောကြောင့်. . .

'' အောင်မာ. . .ရဲတင့်။ မင်းက အထင်သေးတာလား။ ငါတို့က မျိုးနဲ့ ရိုးနဲ့ သတ္တိကောင်းတာကွ။
အိမ်က ငါ့အဖိုး ရှေ့သွားလေးချောင်းကျိုးနေတာ ဘာကြောင့်လို့မင်းထင်သလဲ. . .။ ဟင်း. . .အဲဒါ ဒုတိယကမ္ဘာစစ်တုန်းက ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်ရင်း သူ့ပါးစပ်ကို တင့်ကားဖြတ်ကြိတ်ခံထားရလို့ကွ. . .။ သိလား. . .။ နယ်နယ်ရရ သတ္တိမှတ်သလား ''

MMCYBERMEDIA
community for all

" အေးပါကွာ. . .။ အခုကိစ္စကတော့ မင်း လုပ်ရဲရင်တောင် ငါက ထောင်ကျခံဝံ့တဲ့ သတ္တိမရှိလို့ပါ။ အကြံဉာဏ်လေးပဲ မစရင် တော်ပါပြီ ဆန်နီရယ် "
ဆန်နီက အရက်ကို ဂလုဂလုမြည်အောင် မော့သောက်လိုက်ပြီး

" ဆိုစမ်းပါဦး. . .ဘယ်လိုအကြံဉာဏ်များလဲ "
" ကက်သရင်းက အဲဒီကောင်ကို ခါထုတ်အောင် ဘယ်လိုလုပ်ရမလဲ ဆိုတာပေါ့ "
" အင်း. . .အဲ. . .ငါမကူညီလို့ မဖြစ်ဘူးလား ရဲတင့်ရာ. . . "
ရဲတင့်က မျက်နှာပျက်သွားပြီး. . .

" ဟာ. . .ဒီလိုတော့ မငြင်းသင့်ပါဘူး ဆန်နီရာ. . .။ တခြားလူကို မင်း မကူညီချင်နေပါ။ ငါ့ကိုတော့ ကူညီသင့်တာပေါ့ကွာ. . .။ မင်းအပေါ်မှာ ငါ့ကျေးဇူးတွေ အများကြီးရှိတယ်ဆိုတာလည်း သတိရပါဦး "

" ဟမ်. . .ဟမ်. . .။ ဘယ်တုန်းက မင်းက ငါ့ကျေးဇူးရှင် ဖြစ်သွားရတာလဲ "

" ဩော်. . .အခုတော့ မင်းက မေ့နေပြီပေါ့လေ။ ဟုတ်လား. . .ဆန်နီ။ မင်းနဲ့ငါ ငယ်ငယ်တုန်းက ကျောင်းပြေးပြီး ရေသွားကူးကျတာလေ. . .။ အဲဒီ ကန်တော်ကြီးမှာ မင်း ရေနစ်တုန်း ငါက ဆယ်ခဲ့ရတာပဲဥစ္စာ။ ငါဟာ မင်းရဲ့အသက်သခင် ကျေးဇူးရှင်ပါကွ "

ဆန်နီက မျက်နှာကြီးရှုံ့မဲ့သွားပြီး ခေါင်းခါရင်း. . .

" ဖွီး. . .ပေါက်ကရတွေ။ ငါ. . .ရေမကူးတတ်လို့ တစ်ခါမှ ရေထဲ မဆင်းဖူးဘူး "
" ဟေ. . .ဟုတ်လား။ ဒါဆို ငါလူမှားနေပြီ။ အို. . .ဘာပဲဖြစ်ဖြစ်ကွာ။ လေးတန်းကျောင်းသားဘဝတုန်းက အတန်းထဲမှာ မင်း အိမ်သာအရမ်းတက်ချင်နေတာ ဘယ်လိုလုပ်ရမှန်းမသိလို့ ဒုက္ခရောက်နေတာကော မှတ်မိလား. . . ဆန်နီ။ အေး. . .အဲဒီတုန်းက မင်း အိမ်သာသွားဖို့ စက္ကူရှာပေးခဲ့တာ ငါပဲကွ။ ဒီကျေးဇူးတရားကိုတော့ မင်းဆပ်သင့်ပါတယ်ကွာ "

ထိုစကားကြောင့် ဆန်နီ မျက်ဖြူလန်ကာ ' ဟိုက် ' ခနဲ ဖြစ်သွား၏။ ထို့နောက် စိတ်မသက်သာစွာဖြင့်. . .

" အေးပေါ့ကွာ. . .။ ဒီလောက်ကြီးမားတဲ့ ကျေးဇူးကို ပြန်ဆပ်ခွင့်ရတာကိုက ငါ့ကုသိုလ်ကံကောင်းလွန်းလို့ပဲ မှတ်ပါ့မယ်ကွာ။ ကဲ. . .ကဲ မင်းရယ်. . .၊ မင်းကောင်မလေး ကက်သရင်းရယ်. . .၊ ဟို. . .နရစိုးဆိုတဲ့လူရယ် သုံးပွင့်ဆိုင် ဘယ်လိုဖြစ်ကြပျက်ကြတယ်ဆိုတာကိုသာ ငါ့ကို ပြည့်ပြည့်စုံစုံ ပြောပြပေတော့ ရဲတင့်ရာ. . ."

ထိုစကားကို ကြားလိုက်ရတော့မှပင် ရဲတင့်က အားတတ်သွားပြီး ' ဒီလိုကွ . . . ' ဟု အစချီကာ ဝီစကီ တစိမ့်စိမ့်သောက်ရင်း သူ့ဒုက္ခကို အစအဆုံး ရင်ဖွင့်တော့သည်။ သူ့စကား ဆုံးသောအခါ ဆန်နီက မျက်လုံးအစုံကို မှေးစင်းလျက် အကြံထုတ်နေရာမှ. . .

" အင်း. . .အသုံးတည့်မယ့် ဟာကွက်လေးတစ်ကွက်တော့ စဉ်းစားမိပြီကွ "
" ဟင်. . .ဘယ်လိုဟာကွက်လဲ။ လုပ်စမ်းပါဦး. . .ဆန်နီရ "
" ဒီလိုကွာ. . .။ နရစိုးက ရုပ်ရှင်တစ်ကားတည်း ရိုက်ပြီး ထပ်မရိုက်တော့ဘူးလို့ မင်းပြောတယ် နော်။ အဲဒါ ဘာကြောင့်လဲ. . .မင်းသိလား ရဲတင့် "

MMCYBERMEDIA
community for all

ရဲတင့်က အူကြောင်ကြောင်ဖြင့် ခေါင်းခါရင်း. . .
'' ဟင့်အင်း. . .မသိဘူး။ နေစမ်းပါဦး. . .အဲဒါနဲ့ ဘာဆိုင်လို့လဲကွ ''
'' ငါ့စိတ်ထင်တော့ အဲဒီနေရာမှာ အရေးကြီးတဲ့ မြုပ်ကွက်တစ်ကွက် ရှိလိမ့်မယ်ကွ။ ဆိုလိုတာက. . .နရစိုးဟာ ရုပ်ရှင်လောကထဲမှာ ရှုပ်ရှုပ်ယှက်ယှက် ပြဿနာတစ်ခုခု ရှိကောင်း ရှိခဲ့လိမ့်မယ်။ ဒါကြောင့်သာ အဲဒီရုပ်ရှင်နယ်ပယ်ကို လုံးဝကျောခိုင်းလိုက်ရတာ ဖြစ်မှာပေါ့ ''

ဆန်နီ၏ မှန်းဆချက်ကြောင့် ရဲတင့်၏မျက်လုံးများ ဝင်းလက်တောက်ပလာကြပြီး. . .

'' အဲ. . .ဟုတ်ပြီ။ မင်းပြောတာ ငါသဘောပေါက်လာပြီ ဆန်နီ။ လုပ်. . .လုပ်စမ်းပါဦးကွ ''

'' နရစိုး ဘာကြောင့် ရုပ်ရှင်နယ်ထဲက ထွက်သွားရသလဲဆိုတဲ့ အချက်ကို ငါတို့ သိအောင်စုံစမ်းရလိမ့်မယ် ရဲတင့်။ အဲ. . . သူ့ပြဿနာဟာ မိန်းမတစ်ယောက်ယောက်နဲ့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်ခဲ့တယ် ဆိုရင်တော့ ဒါဟာ မင်းအတွက် အခွင့်ကောင်းပဲ'

'' ဟာ. . .ဟုတ်လိုက်လေ ဆန်နီရာ. . .။ ကမ်းမွန်၊ ရှိတ်ဟင်း ''

ရဲတင့်က ဝမ်းသာအားရထခုန်ပြီး ဆန်နီ့ကို လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက်. . .
'' ညဏ်ကောင်းအောင် ငါးများများ စားရတယ်ကွ ဆန်နီရဲ့။ မင်း ဒီလောက် ညဏ်ရွှင်အောင် တစ်နေ့တစ်နေ့ ငါး ဘယ်နကောင်လောက် စားသလဲကွ. . .ဟင်။ ငါလည်း မင်းကို အတုခိုးပြီး စားရင် ကောင်းမလားလို့ ''

'' မင်းအတွက်ဆိုရင်တော့ နေ့တိုင်း ဝေလငါး အလတ်စား နှစ်ကောင်လောက် စားပေးမှ တော်ရုံကျမယ် ထင်တယ် ''
ရဲတင့်၏မျက်နှာက ရှုံ့မဲ့သွားပြီး. . .

'' ငါ့လခွေး. . .။ မင်းကလည်းငါ့ဆိုရင် နှိမ်လိုက်တာ ဆန်နီရာ။ ဩော်. . .ဒါနဲ့တစ်လက်စတည်း အဲဒီ နရစိုးကိစ္စကို မင်းပဲ စုံစမ်းပေးပါလားကွာ. . .နော် ''
'' ဟော့ကောင် ရဲတင့်။ ကက်သရင်းကို လိုချင်တာ မင်းနော်. . .။ ငါမဟုတ်ဘူး ''
'' လုပ်ပါ . . . ဆန်နီရာ။ ဒီတစ်ခါတော့ ကူညီစမ်းပါ။ ငါက မင်းလောက် အစွမ်းအစမရှိလို့ပါ။ ပြီးတော့ အခုကိစ္စမှာ ဟိုကောင် နရစိုးရဲ့ အသွားအလာ အဆက်အသွယ်တွေကို စုံစမ်းဖို့၊ စောင့်ကြည့်ဖို့ လိုလာပြီကွ။ အဲဒါတွေကို ငါကိုယ်တိုင်လုပ်လို့ ဘယ်ဖြစ်မလဲ။ သူ့ကို ငါလိုက်ချောင်းနေတာ မြင်သွားရင် ရိပ်မိသွားမှာပေါ့ ''

ရဲတင့်၏ အကြောင်းပြချက်ကြောင့် ဆန်နီမငြင်းနိုင်တော့ဘဲ သက်ပြင်းကိုသာ ချလိုက်ရတော့သည်။ ရဲတင့်က ငါးရာတန်အုပ်တစ်အုပ်ကို ထုတ်ယူကာ စားပွဲပေါ်ပစ်ချလိုက်ပြီး. . .

''ဒီလိုလုပ်ကွာ. . .ဆန်နီ။ မင်းက အဲဒီကောင်ကို မျက်ခြေမပြတ် စောင့်ကြည့်ပေး။အခြေအနေထူးခြားရင် ငါ့ဆီ ဖုန်းဆက်ကွာ။ ရော့. . .ဒီကိစ္စအတွက် သုံးဖို့ဆွဲဖို့ လိုရင်လိုမှာ. . .။ ပိုက်ဆံယူထား ''

ဆန်နီက မျက်နှာကို ရှုံ့မဲ့ပြီး ပိုက်ဆံအုပ်ကို လှမ်းယူလိုက်သည်။ ရဲတင့်က. . .
' ဩော်. . .ဒါနဲ့ မင်း ငါ့ဆီကိုဖုန်းဆက်ရင် ဒီကောင့်နာမည် မသုံးနဲ့နော် ''

'' ဘာဖြစ်လို့လဲကွ ''

''မင်း ငါ့ဆီဖုန်းဆက်ရင် လမ်းဘေးဖုန်းက ဆက်ရမှာ မဟုတ်လား။ နရစိုးဆိုတဲ့ နာမည်က လူသိများတဲ့ နာမည်။ကြားလိုက်ရုံနဲ့ ဒီကောင်မှန်းတန်းသိနိုင်လောက်အောင်ထူးထူးခြားခြားဖြစ်နေတယ်။မင်းဖုန်းပြောနေတာကိုဘေးကလူတွေသွားရင်းလာရင်း

MMCYBERMEDIA
community for all

ကြားရင် စပ်စုချင်တာနဲ့ ဘာနဲ့ ပြဿနာရှိနိုင်တယ်ကွ ''

'' အဲဒီတော့. . . ''
ရဲတင့်က စားပွဲခုံကို လက်ချောင်းကလေးများဖြင့် တဒေါက်ဒေါက် ခေါက်ရင်း အတန်ကြာအောင်စဉ်းစားနေပြီး. . .
'' ဒီလိုလုပ်ကွာ. . .။ မင်း ငါ့ဆီကို ဖုန်းဆက်ရင် ပြောင်မပြောနဲ့ ''
'' ဗုဒ္ဓေါ. . .။ ငါက ပုဆိုးလေး ခေါင်းမြီးခြုံပြီး ဖုန်းဆက်ရမှာလား။ မဖြစ်ဘူးထင်တယ် ရဲတင့်။အဲဒီလိုလုပ်ရင် လမ်းလယ်ခေါင်မှာ ငါက ဖင်ပြောင်လေးနဲ့ ရပ်ပြီး ဖုန်းဆက်သလို ဖြစ်နေမှာပေါ့ ''

ရဲတင့်က စိတ်ပျက်လက်ပျက်ဖြင့် အရက်ကို ထပ်ငှဲ့ပြီး သောက်လိုက်ပြန်သည်။ အရက်မူးသည့် အရှိန်ကလည်း တော်တော်ယစ်ထွေနေပြီဖြစ်ရာ. . .

'' မဟုတ်ဘူးလေကွာ. . .။ ဒီကောင့်နာမည်အစား စကားဝှက်နဲ့ ပြောကွာ။ အဲ. . .စကားဝှက်က ဟုတ်ပြီ. . .။ ဒီကောင်က ငါ့ကို အန္တရာယ် ပေးမယ့်ကောင်ဆိုတော့ ' မြွေပွေး ' ဆိုတဲ့ စကားဝှက်သုံးမယ် ''


'' ဟေ့ကောင် ရဲတင့်။ မင်းလုပ်နေပုံက စပိုင်ဝတ္ထုရေးတာနဲ့ တူနေပြီ။ မင်း တော်တော်မူးနေပြီနဲ့ တူတယ် ''

ရဲတင့်ကတော့ သူ့စိတ်ကူးနှင့်သူ ကျေနပ်စွာပြုံးရင်. . .
'' ငါ့ နာမည်ကတော့ အင်း. . .မြွေကို နိုင်မယ့်ဌက်ဆိုတော့ ပေးရင်ကောင်းမလဲ. . .။
အဲ. . .ဟုတ်ပြီ. . .။ ' လင်းယုန် ' ။ ငါ့နာမည်က လင်းယုန်။ မင်းကတော့ ' ကျား ' ကွာ. . .။ ဟုတ်ပြီလား ''

ဆန်နီက သက်ပြင်းကိုချလိုက်ရင်း. . .
'' ငါမှားသွားတယ် ရဲတင့်ရာ. . . ''
'' ဟင်. . .ဘာမှားတာလဲ ''
'' တကယ်တော့ မင်းအတွက် အနည်းဆုံး ဝေလငါး ခပ်ကြီးကြီး သုံးကောင်လောက်လိုတာကွ ''

MMCYBERMEDIA
community for all

အခန်း(၈)



... ... ...

ချစ်သူ. . . ။
အကျွန်ုပ်စကားကို မျက်နှာပြု၍ နားထောင်တော်မူပါ
အကျွန်ုပ် မျက်စိကို လင်းစေတော်မူပါ။

... ... ...

မနက်စောစောစီးစီးပင် ရှိသေးသည်။

ကက်သရင်းနှင်းဆီက မနက် (၆း၀၀)နာရီထိုးသည်နှင့် ဘုရားဆွမ်းတော်ကပ်၊ ဘုရား ရှိခိုးပြီးနောက် ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်သည့်အကျင့် ရှိသည်။

နာရီဝက်၊ လေးဆယ့်ငါးမိနစ်ခန့်မျှ ကြာအောင် လမ်းလျှောက်ရာမှ မိခင်ဖြစ်သူ စားသောက်ဖို့ တစ်ခုခုဝယ်ပြီး အိမ်ပြန်လေ့ရှိ၏။

ဒီနေ့မနက် အိမ်ပြန်အလာတွင် သူမ၏ခြံရှေ့တွင် နရစိုး၏ကားကို တွေ့လိုက်ရသောကြောင့် အံ့သြသွားသည်။

နရစိုးက ခြံထဲသို့မဝင်။ ကားပေါ်မှာပင် ထိုင်နေခြင်းဖြစ်၏။ ကက်သရင်းနှင်းဆီက. . .

'' ဟင်. . .ကိုနရစိုး၊ စောစောစီးစီးပါလား ''
'' ဟုတ်တယ်။ မနှင်းဆီကော ဘယ်ကပြန်လာတာလဲ ''
''ကျွန်မက မနက်တိုင်း စောစောထပြီး လမ်းလျှောက်ထွက်တယ်။ ရှင်ကော အစောကြီးထပြီး ကားလျှောက်မောင်းနေတာလား ''

နရစိုးက ရယ်ရင်း. . .
'' ကျွန်တော်က စောစောထတာ မဟုတ်ဘူး။ အခုထိ မအိပ်ရသေးတာ ''
'' ဘာရယ်. . . ''
'' ဟုတ်တယ်။ ကျွန်တော်က မနက်စောစော အိပ်ယာထလေ့ မရှိဘူး။ ညဥ့်နက်အောင် နေတယ်။
စာဖတ်တယ်။ များသောအားဖြင့် အရုဏ်တက်ချိန်လောက်မှ အိပ်ဖြစ်တာများတယ်။ အဲ. . .အိပ်ယာထရင်တော့
နေမြင့်တာပေါ့။ တစ်ခါတစ်လေ နေ့လည် ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီလောက်မှ နိုးတာ ''

MMCYBERMEDIA
community for all

ကက်သရင်းက မျက်မှောင်ကြုတ်၍ နှုတ်ခမ်းကို စူလိုက်ရင်. . .
'' ဟင်. . .ဘယ်လိုကြီးလဲ။ ကျန်းမာရေးကို ဂရုစိုက်မှပေါ့။ မနက်စောစော ထပြီး လမ်းလျှောက်တဲ့ အကျင့်လုပ်ကြည့်ပါလား။ ကိုနရစိုး။ အဲဒါ ကျန်းမာရေးအတွက် သိပ်ကောင်းတယ် ''

'' မနက်စောစောထပြီး လမ်းလျှောက်တိုင်းသာ ကျန်းမာစတမ်းဆိုရင် ပဲပြုတ်သည်တွေဟာ အသက်တစ်ရာကျော် နေရမှာပဲနော် ''

နရစိုး၏ စကားကြောင့် ကက်သရင်း စိတ်တိုချင်သွား၏။

'' ရှင်ဟာလေ. . .စကားပြောရင် ကပ်တီးကပ်ဖဲ့နဲ့ ''

''ကျွန်တော်က စကားကို တမင်ကပ်ပြောတာ မဟုတ်ပါဘူး။ လူတွေလိုက်နာနေတဲ့ ဆေးပညာ ဗဟုသုတတွေ ထုံးတမ်းစဉ်လာ ယုံကြည်မှုတွေကို စွန့်လွှတ်ထားတာပါ ''

'' အို. . .ဒါက ယုံကြည်မှုမှ မဟုတ်ဘဲ။ တကယ့်အစစ်အမှန် အရှိတရားပဲဥစ္စာ ''
နရစိုးက ခေါင်းကို ခါယမ်းလိုက်ပြီး. . .

'' တစ်ချို့က ထုံးတမ်းစဉ်လာတွေကို ယုံကြည်ကြတယ်။ တစ်ချို့က သိပ္ပံပညာတို့၊ ဆေးပညာတို့ကို ယုံကြည်ကြတယ်။ တစ်ချို့က ဘုရားသခင်ကို ယုံကြည်ကြတယ်။ အားလုံးဟာ ယုံကြည်မှုတွေချည်းပါပဲ ''

'' ရှင်ကကော ဘာကိုမှ မယုံကြည်ဘူးလား ''
' ကျွန်တော်က ယုံကြည်ခြင်း. . .မယုံကြည်ခြင်းဆိုတဲ့ အစွန်းနှစ်ဘက်စလုံးနဲ့ လွတ်အောင်နေတယ်...မနင်းဆီ။ သိပ္ပံပညာမထွန်းကားခင်အချိန်က ဗာတီကန်ဘာသာရေးသမား တွေက ဘုရားသခင်ကို ယုံကြည်ကြတယ်။

ဘုရားသခင်ကဘဲ ကမ္ဘာကြီးကို ဖန်ဆင်းပေးခဲ့တယ် ဆိုပြီးတော့ပေါ့။ နောက်ပိုင်း. . .သိပ္ပံပညာရှင်တွေက ကမ္ဘာကြီးကို ဘုရားသခင်ဖန်ဆင်းခဲ့တာ မဟုတ်ဘူးဆိုပြီး သိပ္ပံပညာနဲ့ တွက်ချက်ခဲ့ကြတယ်။

ဗာတီကန်ဘာသာရေးအယူအဆနဲ့ သိပ္ပံပညာဟာ အဲဒီကတည်းက စပြီး တိုက်ပွဲဖြစ်ခဲ့ကြတာပဲ မနင်းဆီ။ တစ်ချို့က ဘုရားသခင်ကိုယုံကြည်ကြတယ်။ တစ်ချို့က သိပ္ပံပညာကို ယုံကြည်တယ်။ သိပ္ပံပညာသာလျှင် ဖန်ဆင်းရှင်(God) အသစ်ဖြစ်တယ်. . .လို့ ကြွေးကြော်လာတဲ့ အထိပဲ ''

'' အဲဒီလို ကြွေးကြော်တဲ့လူတွေ တကယ်ရှိခဲ့လို့လား. . .ဟင် ''

'' အင်း. . .ရှိတယ်။ ပါရမီဉာဏ်အလင်းတော်ဂိုဏ်း (Illuminiti) လို့ခေါ်တဲ့ အဖွဲ့အစည်းပေါ့။ စပြီးတည်ထောင်တဲ့လူကတော့ ဂါလီလီယို ကိုယ်တိုင်ပဲလေ. . .။ သူတို့ဟာ ရောမနဲ့ ဗာတီကန် R.C ဝတ်ဘုရားကျောင်းတော်တွေကို စိန်ခေါ်ခဲ့ကြတဲ့ လျှို့ဝှက်အဖွဲ့အစည်းပေါ့ ''
'' ဟင်. . .ကျွန်မလည်း တစ်ခါမှ မကြားဖူးဘူး ''

'' သြော်. . .လျှို့ဝှက်အဖွဲ့အစည်းပါ ဆိုနေမှ။ ဉာဏ်အလင်းတော်ဂိုဏ်းကို မကြားဖူးပေမဲ့ အဲဒီဂိုဏ်းရဲ့ မသိမသာ ထိုးဖောက်စိမ့်ဝင်ခံနေရတဲ့ အဖွဲ့အစည်းကြီးကိုတော့ ကြားဖူးမှာပါ ''

MMCYBERMEDIA
community for all

" ဘာလဲဟင် "
" ဖရီမေဆင်ဂိုဏ်းလေ "
" ရှင်. . . "
ကက်သရင်း အရမ်းအံ့သြသွားပြီး. . .
" အဲဒါ. . .အဲဒါ. . .ဒဏ္ဍာရီထဲက ယုံတမ်းစကားတွေ မဟုတ်ဘူးလား။ တကယ်ရှိခဲ့လို့လားဟင် "
" တကယ်ရှိခဲ့တဲ့ အဖွဲ့အစည်းပါ မနင်းဆီ. . .။ ခုထိလည်း ရှိနေတုန်းပါပဲ။ ကျွန်တော် သက်သေပြမယ်။ တစ်ဒေါ်လာတန် ငွေစက္ကူကို မြင်ဖူးသလား မနင်းဆီ "
" အင်း "
နရစိုးက သူ့ပိုက်ဆံအိတ်ထဲမှ တစ်ဒေါ်လာတန် ငွေစက္ကူကို ထုတ်ကာ ကက်သရင်းနင်းဆီထံသို့ လှမ်းပေးလိုက်ပြီး. . .
" အဲဒီပိုက်ဆံရဲ့ နောက်ကျောဘက်မှာပါတဲ့ အမှတ်အသားတစ်ခုကို သတိထားမိသလား "
" ပိရမစ်ထဲမှာ မျက်လုံးနဲ့. . .ဟုတ်လား။ ဒီတံဆိပ်ကို ပြောတာလား "
" ဟုတ်တယ်. . . မနင်းဆီ။ တကယ်ဆိုရင် အမေရိကန်ဒေါ်လာမှာ ပိရမစ်ပုံ ပါလာစရာ ဘာအကြောင်းမှ မရှိဘူး။ ပိရမစ်ပုံ. . .ဒါမှမဟုတ် တြိဂံအချွန်ဟာ ရှေးဟောင်း ကိုးကွယ်မှု သင်္ကေတပဲ။ သချာင်္သင်္ကေတ အနေနဲ့တော့ ဒယ်(လ)တာ လို့ခေါ်တယ်. . .။ အဓိပ္ပာယ်က ' ပြောင်းလဲခြင်း ' . . .တဲ့ "

" ဟင်. . .ဒါဆို မျက်လုံးကကော "
" မျက်လုံးက 'သိမြင်ခြင်း'ဆိုတဲ့ ဉာဏ်ပညာအလင်းကို ကိုယ်စားပြုတာ။ ဟောဒီ မျက်လုံးနဲ့ ပိရမစ်ပုံတံဆိပ်ကို Trinacria လို့ခေါ်တယ်။ ဒါဟာ ဉာဏ်အလင်းတော်ဂိုဏ်းရဲ့ သင်္ကေတတစ်ခုပေါ့။ အမေရိကန်ဒေါ်လာ စက္ကူဒီဇိုင်းကို ရေးဆွဲခဲ့တုန်းက အဲဒီတံဆိပ်ကို ထည့်ဖို့ ဒုတိယသမ္မတ ဟင်နရီဝေါလေ့(စ်)က အမေရိကန်သမ္မတကြီး ရုစဗဲ့(Franklin D.Roosevelt)ကို တိုက်တွန်းခဲ့တာ လူတိုင်းသိတာပဲ "

ကက်သရင်းက လက်မခံချင်ဟန်ဖြင့်. . .
" မဟုတ်နိုင်တာဘဲရှင်. . .။ အမေရိကန်သမ္မတကြီးက ဒီတံဆိပ်ရဲ့ အဓိပ္ပာယ်ကို နားမလည်ဘူးလား "
နရစိုးက ပြုံးလိုက်သည်။ ထို့နောက်. . .
" အမေရိကန်သမ္မတ ရုစဗဲ့ကိုယ်တိုင်က အဲဒီလျှို့ဝှက်ဂိုဏ်းဝင်ပဲ. . .မနင်းဆီ "
Pizza ဆိုင်သို့ ရောက်သောအခါ ကက်သရင်းက သူမ၏မိခင်အတွက် မုန့်ဝယ်သည်။ထို့နောက်. . .ဆိုင်ထဲမှ ပြန်ထွက်လာကြရင်း. . .

" အဲဒီဂိုဏ်းဝင်တွေဟာ ဖန်ဆင်းရှင်(God) ရှိတယ်လို့ မယုံကြည်ကြဘူး။ စကြာဝဠာကြီးကို ဖွဲ့စည်းထားတာဟာ အလင်း-အမှောင်၊ အပူ-အအေး၊ အမာ-အပျော့၊ အဖို-အမနဲ့ ဆွဲငင်အား-တွန်းကန်အား ဆိုတဲ့ ဆန်ကျင်ဘက်စွမ်းအင် (Energy)တွေပဲ ရှိတယ်လို့ ယုံကြည်ကြတယ်. . .မနင်းဆီ "

ကက်သရင်းနင်းဆီက. . .

" ဗာတီကန်ဝတ်ဘုရားကျောင်းတော်က ဘာသာရေးခေါင်းဆောင်တွေလည်း ဘုရားသခင်ဟာ အလင်းနဲ့အမှောင်၊ ကောင်းကင်နဲ့ မြေကြီးကို ဖန်ဆင်းတယ်လို့ ယုံကြည်ကြတာ မဟုတ်ဘူးလား။ သိပ္ပံပညာနဲ့ ဘာသာရေးဟာ သဘောချင်းအတူတူပါပဲ "

" မနင်းဆီက သမ္မာကျမ်းစာထဲက ကမ္ဘာဦးကျမ်း(GENESIS)ကို ဖတ်ဖူးတယ် ထင်တယ်။
' ဘုရားသခင်က အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏ ' . . . ဆိုတာလေ "

" ဟုတ်တယ် "

MMCYBERMEDIA
community for all

'' ဖန်ဆင်းရှင်ဟာ ဘာမှမရှိတဲ့ သုညဗလာဟင်းလင်းထဲကနေပြီးတော့မှ စကြာဝဠာကြီးတစ်ခုလုံးကို ဘွားခနဲ ဖြစ်ပေါ်လာအောင် တန်ခိုးနဲ့ ဖန်ဆင်းခဲ့တာလို့ ဆိုတယ်နော်. . .''

'' အင်း ''

'' ရူပဗေဒပညာရှင်တွေကတော့ စကြာဝဠာကို ဖန်ဆင်းဖို့ ဘုရားသခင် မလိုပါဘူးလို့ ကြွေးကြော်ကြတယ်။ သူတို့ဟာ ဘုရားသခင်ကို ဖယ်ထုတ်ပစ်လိုက်ပြီး စကြာဝဠာကို ဖန်ပြွန်ထဲမှာတင် ဖန်တီးဖို့ ကြိုးစားကြတယ် ''

'' ဒါ. . .ဒါ. . .ဖြစ်နိုင်လို့လားဟင် ''

နရစိုးက ခေါင်းညိတ်၏။ ထို့နောက်. . .

'' ရူပဗေဒပညာရှင်တွေဟာ အရမ်းသေးငယ်တဲ့ အမှုန်လင်းတန်းနှစ်ခုကို တစ်စက္ကန့်မှာ မိုင်ထောင့်ရှစ်ရာနှုန်းနဲ့ မျက်နှာချင်းဆိုင် ဝင်တိုက်စေတဲ့အခါ အင်မတန် သိပ်သည်းပြီး အင်အားကြီးမားတဲ့ စွမ်းအင်ထွက်လာပြီးတော့ ဒြပ်(Matter) နဲ့ ဆန့်ကျင်ဒြပ်(Anti-Matter) အစုံ ဖြစ်လာတယ် မနှင်းဆီ။
အဲဒါဟာ စကြဝဠာရဲ့ အစပါပဲ ''

ကက်သရင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ နရစိုးက ဆက်၍. . .

'' အဲဒီ ဒြပ်(Matter)နဲ့ ဆန့်ကျင်ဒြပ်(Anti-Matter)တို့နှစ်ခုထိတွေ့ ပေါင်းစပ်လိုက်တဲ့အခါ ဖိုတွန်(Photon) လို့ခေါ်တဲ့ အမှုန်တွေဟာ အင်မတန်တောက်ပတဲ့ အလင်းပုံသဏ္ဍာန်နဲ့ ထွက်ပေါ်လာတယ်လေ။ အဲဒါ ကမ္ဘာဦးကျမ်းထဲက 'အလင်းဖြစ်စေသတည်း' ဆိုတာပေါ့ မနှင်းဆီ ''

ကက်သရင်း၏ ခြေရှေ့တွင် သူတို့နှစ်ဦးသား ခြေစုံရပ်မိကြသည်။ ကက်သရင်းနှင်းဆီက နရစိုးကို စူးစိုက်ကြည့်ပြီး. . .

'' ဘယ်ဟာက အစစ်အမှန်တရားလဲ ကိုနရစိုး၊ ဖန်ဆင်းရှင်လား. . .ရူပဗေဒကိုလား ''
'' ကျွန်တော် မသိပါဘူး မနှင်းဆီ ''
'' ရှင်ကကော ဘာကို ပိုယုံကြည်သလဲ။ ဖန်ဆင်းရှင်ကိုလား။ ရူပဗေဒကိုလား ''
နရစိုးက ပြုံးလိုက်ပြီး. . .
'' ကျွန်တော် ပြောပြီးပြီလေ မနှင်းဆီရဲ့ ။ ကျွန်တော်က ဘာကိုမှ ယုံကြည်ခြင်းလည်း မရှိဘူး။ ယုံကြည်ခြင်းလည်း မရှိဘူး။ အစွန်းနှစ်ခုနဲ့ လွတ်ပါတယ်ဆို. . .''

'' ဘာဖြစ်လို့လဲ . . .''
'' တစ်ခုခုကို ယုံကြည်လိုက်ရင် အဲဒီယုံကြည်မှုထဲမှာပဲ ထောင်ချောက်လို ပိတ်မိနေလိမ့်မယ်။ မယုံကြည်ဘူးလို့ ဖွတ်မိုက်ပြီး ငြင်းရင်လည်း မယုံချင်စိတ်နဲ့ အကန်းလို ဖြစ်နေလိမ့်မယ် မနှင်းဆီ ''

ကက်သရင်းက သက်ပြင်းကို ဖွဖွချရင်း. . .
'' ဒါဆို ဘယ်ဟာက အစစ်အမှန်လဲဆိုတာကိုကော သိဖို့ မကြိုးစားချင်တော့ဘူးလား ကိုနရစိုး ''
'' အစစ်အမှန် ဟုတ်လား. . .။ ဘာလုပ်ဖို့လဲ မနှင်းဆီ ''

MMCYBERMEDIA
community for all

နရစိုးက ကားတံခါးမှန် ပိတ်မထားသော ဒရိုက်ဘာခုံဘေးတံခါးမှ လက်နှိုက်ကာ တံခါးဂျက်ကို ဆွဲဖွင့်လိုက်သည်။ Central Lock ဖြစ်သောကြောင့် တံခါးလေးပေါက်စလုံး ညင်သာစွာ ပွင့်သွား၏။
ကက်သရင်းနှင်းဆီ. . .
'' လောကမှာ အစစ်အမှန်တွေကပဲ တာရှည်ခံတယ်လေ။ အတုတွေကတော့ အချိန်ကြာလာတာနဲ့ အမှုန် ပျက်စီးပျောက်ကွယ်သွားတာပဲ မဟုတ်ဘူးလား ''

နရစိုးက ခေါင်းကို ခါရမ်းရင်း ကားထဲမှ ပန်းစည်းတစ်စည်းကို ထုတ်ယူလိုက်၏။ ထို့နောက်. . .

'' ဒါဆို ပန်းပွင့်တွေကျတော့ ဘယ်လိုပြောမလဲဗျာ။ တကယ့်ပန်းပွင့် အစစ်အမှန်တွေက ခဏလေးနဲ့ ညှိုးနွမ်းကြွေကျသွားပြီးတော့ ပလက်စတစ်နဲ့ လုပ်ထားတဲ့ ပန်းပွင့်အတုတွေကတော့ တာရှည်ခံတယ် မဟုတ်လား ''

သူ့စကားကြောင့် ကက်သရင်း ဘာပြန်ပြောရမည်မှန်း မသိ။

ထိုစဉ်မှာပင် နရစိုးက ကားထဲမှာ ထုတ်ယူလိုက်သော ပန်းစည်းကို ကက်သရင်း၏လက်ထဲသို့ ကမ်းပေးလိုက်သည်။

ပလက်စတစ်ပန်းပွင့်များဖြစ်၏။
နရစိုးက သူ့ကားကို မောင်းမထွက်ခင် စကားတစ်ခွန်း ဆိုသည်။
'' တကယ်လို့များ အချစ်သာ ပန်းပွင့်စစ်စစ်နဲ့တူမယ်ဆိုရင်တော့ ဒုက္ခပါပဲဗျာ. . . ''

MMCYBERMEDIA
community for all

# အခန်း(၉)

ဆန်နီက နရစိုး၏အိမ်ကို မသိမသာ အကဲခတ်နေသည်မှာ ကြာပြီ။
ပထမ တစ်ပတ်၊ နှစ်ပတ်တွင် ဘာမှ ထူးခြားမှုမရှိ။ တတိယ အပတ်၏ တစ်ညနေခင်းတွင်တော့ ထူးခြားမှုရှိလာသည်။

အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိ အသားညိုညစ်ညစ် ပိန်ခြောက်ခြောက်နှင့်လူတစ်ယောက် ရောက်လာပြီး နရစိုးနှင့် ခြံဝတွင် စကားပြောနေသည်ကို တွေ့ရ၏။

ထိုသူ့အဝတ်အစား အဆင်အပြင်ကို ကြည့်ရသည်မှာ တော်တော်ပင် ဆင်းရဲစုတ်ပြတ်နေပုံရသည်။ ထင်သည့်အတိုင်းပင်။ ဆယ့်ငါးမိနစ်ခန့် စကားပြောနေကြပြီးနောက် ထိုသူက လက်ဝါးဖြန့်ကာ နရစိုးထံမှ တစ်စုံတစ်ရာတောင်းခံနေသည်ကို လှမ်းမြင်ရ၏။

နရစိုးက ထိုသူ့အား တစ်ထောင်တန်ငွေစက္ကူတစ်ရွက် ထုတ်ပေးလိုက်သည်။
နောက် သိပ်မကြာလိုက်။ ထိုသူက နရစိုးကို နှုတ်ဆက်ပြီး ခြံပြင်သို့ ထွက်ကာ လမ်းမကြီးအတိုင်း ခပ်သုတ်သုတ် လျှောက်သွားလေတော့သည်။

ဆန်နီက ထိုလူ့နောက်မှ မသိမသာ ခပ်ခွာခွာလိုက်လာခဲ့သည်။
ထိုလူကတော့ သိပုံမပေါ်။ ငိုက်စိုက်ငိုက်စိုက်နှင့်ပင် သူ့လမ်း သူဆက်သွားနေသည်။ သူဦးတည်ရာ အရပ်က အရက်ဆိုင်ဆီသို့။

ဆန်နီက ပြုံးလိုက်သည်။
အရက်ကြိုက်တတ်သူတစ်ယောက်ကို အရက်တိုက်ပြီး မိတ်ဆွေဖွဲ့ရတာလောက် လွယ်ကူသောအလုပ် မရှိ။ ဆန်နီက အရက်ဆိုင်ထဲသို့ ချက်ချင်းလိုက်မဝင်သွားသေးဘဲ ခဏမျှ ရပ်စောင့်နေလိုက်သည်။

နောက် ဆယ်မိနစ်ခန့်ကြာမှ. . .

ဆန်နီက အရက်ဆိုင်ထဲသို့ ဝင်သွားပြီး ကြိုတင်စိတ်ကူးထားသည့်အတိုင်း ထိုသူထိုင်နေသည့် စားပွဲတွင် စကားရောဖောရောနှင့် ဝင်ထိုင်လိုက်သည်။ ထို့နောက် ဝီစကီနှစ်ပက်နှင့် အမြည်းကောင်းကောင်း သုံးပွဲခန့် မှာလိုက်၏။

စားပွဲထိုး လာချပေးသောအခါ ဆန်နီ. . .
'' နောင်ကြီး. . .အမြည်းစားပါဦးဗျ။ လုပ်ပါ. . .အားမနာပါနဲ့။ ကျွန်တော် နောင်ကြီး အတွက်ပါ တမင်ပိုမှာလိုက်တာ။ ရော့ . . . စားပါဗျာ ''

အမြည်းပန်းကန်ကို ထိုသူ့ရှေ့သို့ တွန်းပို့ပေးရင်း အတင်းပင် စေတနာတွေပိုကာ ဖွတ်ကျွေးမွေးတော့သည်။
ဒါက ပထမအဆင့်။

MMCYBERMEDIA
community for all

.

. .   . . .   . . .

ဒုတိယအဆင့်က. . .
ထိုသူ့ဖန်ခွက်ထဲတွင် အရက်ကုန်နေပြီကို မြင်သည်နှင့်တပြိုင်နက် ဆန်နီက. . .
'' ဟ. . .နောင်ကြီး တော်ပြီလားဗျ။ လုပ်ပါဦး. . .နောက်တစ်ခွက်လောက်။ ကျွန်တော်ပဲ ဒကာခံပါရစေဗျာ။ နောင်ကြီးကို မြင်မြင်ချင်း ခင်မင်လို့ပါ။ ကိုင်း. . .နှစ်ပက်လောက် ထပ်မှာလိုက်မယ်ဗျာ။ သောက်စမ်းပါ. . .ပျော်ပျော်ပါးပါးပေါ့ ''

သည်လိုနှင့် ဝီစကီတစ်လုံး ကုန်အောင်သောက်ပြီးသောအခါ ထိုသူနှင့် ဆန်နီသည် ငယ်ပေါင်းကြီးဖော်များသဖွယ် တရင်းတနှီး စကားလက်ဆုံကျသွားလေတော့သည်။

'' နောင်ကြီးနာမည် ဘယ်လိုခေါ်သလဲဗျ ''
'' အဟမ်း. . .ကျုပ်နာမည်က သုံးလေးမျိုးရှိတယ်။ မောင်မောင်ညွှက်(ခေါ်) ချက်ကြီး(ခေါ်) ဂျင်မီ(ခေါ်) ဒက္ခိဏ တဲ့ ''

'' ဟုတ်ကဲ့. . .ကိုဒက္ခိတ ''
'' ဟာ. . .ဒက္ခိဏပါကွ။ မောင်ရင် ပါဠိစကား နားမလည်ဘူးလား။ ဒက္ခိဏဆိုတာ တောင်ဘက် အရပ်လို့ အဓိပ္ပာယ်ရတယ်။ ကိုရင်ဝတ်တုန်းက နာမည်ကွ။ ဒါနဲ့ မောင်ရင့်နာမည်ကကော ''

'' ကျွန်တော့်နာမည် မောင်ဆန်နီပါခင်ဗျာ။ ကျွန်တော့်အမေကတော့ သားလိမ္မာလေး. . . သားလိမ္မာလေးလို့ မကြာမကြာ ခေါ်တတ်ပါတယ် ''

ဆန်နီက တရိုတသေဖြေလိုက်၏။ ကိုမောင်မောင်ညွှက် (ခေါ်) ချက်ကြီး (ခေါ်) ကိုဂျင်မီကတော့..

'' အေး. . .ဟုတ်သကွ။ မင်းပုံစံက တကယ့်လူလိမ္မာလေးပဲ။ ကဲ. . .ခေါက်ဆွဲကြော်တစ်ပွဲလောက် ထပ်မှာဦးကွာ။ ငါ မနက်ကတည်းက ခုထိ ထမင်းမစားရသေးဘူးကွ ''

ဆန်နီက ခေါက်ဆွဲကြော်တစ်ပွဲ မှာပေးလိုက်သည်။ ကိုမောင်မောင်ညွှက်က ခေါက်ဆွဲကြော်ကို ပလုပ်ပလောင်းစားရင်း. . .

'' အင်း. . .စားလို့ကောင်းလိုက်တာကွာ. . .ပလပ်. . .ပလပ်။ ဒါကြောင့်လည်း
ရှင်တော်မြတ်ဘုရားက ဟောတော်မူခဲ့ပေတာပဲကွ။ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ. . .တဲ့ ''

'' အဓိပ္ပာယ်က ဘာတဲ့လဲဟင် ''

'' သဗ္ဗေသတ္တာဆိုတာ သတ္တဝါအားလုံးကို ဆိုလိုတာကွ။ အင်း. . .အာဟာရဋ္ဌိတိကာ ဆိုတာကတော့. . .အဲ. . .ဟိုဒင်းကွ ခြုံငုံပြီး အဓိပ္ပာယ်ပြန်ရရင် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ ဆိုတာ လူမှန်ရင် ခေါက်ဆွဲကြော် စားသင့်တယ်လို့ အဓိပ္ပာယ်ရတယ်ကွ ''

ဆန်နီက မျက်နှာကြီး ရှုံ့မဲ့သွား၏။ သို့သော် ဟန်လုပ်ကာသွားဖြဲ၍ ရယ်ပြလိုက်ပြီး. . .

'' ကိုမောင်မောင်ညွှက်က ပါဠိလည်း ကျွမ်းတယ်နော် ''

MMCYBERMEDIA
community for all

'' ဒါပေါ့ကွ။ ရွာမှာနေတုန်းက ငါက ဘုန်းကြီးကျောင်းသားပဲ။ မိန်းမရလို့ မြို့တက်လာပြီးမှ အလုပ်မရှိ အကိုင်မရှိနဲ့ ယောင်ခြောက်ဆယ် ဖြစ်နေတာ ''

'' ကိုမောင်ညွက်က ဘာအလုပ်တွေများ လုပ်ဖူးသလဲဗျ။ စိတ်မရှိနဲ့နော်။ ကျွန်တော်က ကူညီနိုင်ရင် ကူညီရအောင်လို့ မေးတာ''

မောင်မောင်ညွက် (ခေါ်) ချက်ကြီးက အရက်ခွက်ကို မော့သောက်လိုက်ပြီး ပါးစပ်ကို လက်ခုံဖြင့် သုတ်လိုက်သည်။ ထို့နောက်. . .

'' လုပ်ခဲ့ဖူးတဲ့ အလုပ်တွေကတော့ စုံနေတာပဲကွ။ ရန်ကုန်စရောက်ရောက်ချင်းတုန်းက လက်သမားနောက်လိုက် လုပ်တယ်။ ပြီးတော့ အုန်းပင်အငှားတက်တာတို့၊ ရေနံချေးသုတ်တာတို့လည်း လုပ်ဖူးတယ်။ ဆိုက်ကားလည်း နင်းဖူးတယ်ကွ။ အခုတော့ ဘာအလုပ်မှ မရှိလို့ ဟိုလူ့ဒီလူ့ဆီကသဒ္ဓါကြေးလေးတောင်းပြီး အရက်ဆက်နေရတာပါပဲ ''

'' အသက်ဆက်တယ်လို့ပဲ ကြားဖူးပါတယ်ဗျာ။ ခင်ဗျားကျမှ. . . ''

'' ဟ. . .မင်း ဘာသိလို့လဲ ။ မောင်ဆန်နီရဲ့။ ငါက အရက်နဲ့ လူလုပ်တာမဟုတ်ဘူး။ အသက်နဲ့လူလုပ်တာလည်း မဟုတ်ဘူး။ အရက်နဲ့ လူလုပ်တာကွ ''

ဆန်နီကတော့ သက်ပြင်းကိုသာ တမောကြီး ချလိုက်တော့သည်။ ဒီအတိုင်းဆိုလျှင် နရစိုးနှင့် ကိုမောင်မောင်ညွက်တို့ ဘယ်လို အဆက်အစပ် ရှိသလဲဆိုတာကို တွေး၍မရသေး။

ထို့ကြောင့် ကြံဖန်ပြီး စကားစ အစ်ထုတ်ကြည့်ဖို့ ဆုံးဖြတ်လိုက်၏။

'' အေးဗျာ. . .ကျွန်တော်လည်း ကိုမောင်မောင်ညွက်အတွက် အလုပ်လေးဘာလေး ရလိုရငြား စုံစမ်းပေးထားပါ့မယ်။ ကျွန်တော့်ဆီမှာ ရုပ်ရှင်လောကထဲက အဆက်အသွယ်တွေတော့ ရှိတယ်ဗျ။ ကိုမောင်မောင်ညွက်ကော ရုပ်ရှင်နဲ့ပတ်သက်ပြီး ဘာတွေလုပ်တတ်ကိုင်တတ်သလဲ ''
ကိုမောင်မောင်ညွက်က အရက်ကို ခွက်ထဲသို့ ထပ်ငှဲ့လိုက်ပြီး. . .

'' ဟိုတုန်းကတော့ လုပ်ဖူးပါရဲ့ကွာ။ ဒါပေမဲ့ ဘာမှ အရာရောက်တာတော့ မဟုတ်ပါဘူး။ မင်းသားကို ထီးမိုးပေး၊ ထိုင်ဖို့ ခုံသယ်ပေးနဲ့ အဝတ်အစားသေတ္တာ လိုက်ထမ်းပေးတာလောက်ပါပဲ ''

'' ဩော်. . .ရုပ်ရှင်နယ်ထဲမှာ တော်တော်ကြာလိုက်သေးလားဗျ ''
ကိုမောင်ညွက်က ခေါင်းကို လေးလေးပင်ပင် ခါရမ်းလိုက်၏။

'' တစ်ကားတည်းပါကွာ. . . ။ ဒါကလည်း အဲဒီကားမှာ မင်းသားလုပ်တဲ့သူရဲ့ မိဘတွေက ငါ ခိုကပ်နေတဲ့ဘုန်းကြီးကျောင်းက ကျောင်းထိုင်ဆရာတော်ကြီးရဲ့ ဒါယကာအရင်းတွေမို့လို့ကွ။ ဆရာတော်ကြီးရဲ့မျက်နှာနဲ့ ငါ့ကို တမင်သက်သက် အလုပ်ပေးတဲ့ သဘောပေါ့ကွာ။ ဒါပေမဲ့ အဲဒီမင်းသားကလည်း နောက်ထပ်ကားဆက်မရိုက်တော့ဘဲ တစ်ကားတည်းနဲ့ရုပ်သွားတော့ ငါလည်း ဒုံရင်းဒုံရင်း ပြန်ဖြစ်တာပါပဲကွာ ''

'' အဲဒီမင်းသားက ဘယ်သူလဲဗျ ကိုမောင်ညွက်ရဲ့ ''

ကိုမောင်ညွက်က ဆန်နီ့မေးခွန်းကို မဖြေသေးဘဲ ချွဲသလိပ်များကို ချောင်းဟန့်ကာ ထွေးထုတ်သည်။ ပြီးတော့မှ ရီဝေဝေစွာဖြင့်. . .

MMCYBERMEDIA
community for all

" အဲဒီမင်းသားကတော့ ငါ့အပေါ် ကောင်းရှာပါတယ်ကွာ။ အခုလည်း သုံးဖို့စွဲဖို့လိုရင် သူ့ဆီက တောင်းနေရတာပဲ။ အင်း သူ့နာမည်က နရစိုးတဲ့. . . "

... ... ...

ဆန်နီက တိတ်တခိုးကြိတ်ပြီး ပြုံးလိုက်၏။
သူ့အတွက် လမ်းစပေါ်ပြီမှန်း သေချာသွားလေပြီ။

... ... ...



MMCYBERMEDIA
community for all

## အခန်း(၁၀)

သူကက်သရင်းနှင်းဆီ၏ ခြံရှေ့လမ်းပေါ်မှ ကားကို ဖြတ်မောင်းပြီး ပြန်လာခဲ့ချိန်တွင် ညကိုးနာရီခန့်သာ ရှိဦးမည်။ ကက်သရင်းတို့အိမ်ရှေ့တည့်တည့် လမ်းမပေါ်တွင် လူငယ်သုံးဦးခန့် ဂစ်တာတီးပြီး သီချင်းဆိုနေကြသည်။ သူတို့ဆိုနေသော အငဲ၏ ' ညမီးအိမ် ' သီချင်းသံက နရစိုး၏ နားစည်အိမ်အတွင်းထိသို့ လွင့်ပျံ့လာသည်။

F Gm Dm7 F
ကြင်လင်တဲ့. . .မိုးသားထက်. . .မော့ကြည့်လိုက်တော့. . .
Bb C
ကြယ်စင်တွေလို. . .တောက်ပ. . .ငါ့အလွမ်းများ. . .
F Gm Dm7 F
အချစ်ရဲ့တိမ်တိုက်တွေ. . .လွင့်မျောပြီ. . .မင်းလေးဆီကို. . .
Bb C Fsus F
ကိုယ်. . .ယူဆောင်လာခဲ့ပြီ. . .အိပ်မက်များ. . .
Dm
ဒဏ္ဍာရီပုံပြင်လို. . .မင်းသမီး. . .အို. . .အချစ်လေး. . .
Am7 Bb Csus C
တို့နှစ်ယောက်ဝေးမှာစိုး. . .အခက်အခဲများလည်း ရင်ဆိုင်ဖြတ်ကူးကြစို့. . .
Bb C Fsus F Bb C Fsus F
ယူတော့. . .အချစ်တွေယူ. . .အိုး အားလုံးပေးချင်သူ. . .

သူ့ကိုယ်သူ မသိဘဲ တောက်တစ်ချက် ပြင်းပြင်းခေါက်မိ၏။ သီချင်းသံကို မုန်းတီးသလို စိတ်ထဲမှာ ခံစားရသည်။ 'အားလုံးပေးချင်သူ' . . .တဲ့။ တောက်. . .ဒီလောက်ပေးချင်နေရင်လည်း မင်းကြီးဒေါ်ကြီး ငါ့ပေးပါလားဟု အော်ပြောလိုက်ချင်သည်။ ကားစတီယာရင်ကို ကိုင်ထားသော နရစိုး၏ လက်တွေ မတည် မငြိမ် ဖြစ်နေ၏။

စိတ်ဆိုသည်မှာ တော်တော် နားလည်ရခက်၏။

တကယ်တော့ အဲဒီ 'ညမီးအိမ်' သီချင်းသည် သူ အလွန်ကြိုက်သော သီချင်းတစ်ပုဒ်ဖြစ်သည်။ယခု ထိုသီချင်းကိုပင် ကက်သရင်း၏ အိမ်ရှေ့၌ တခြားလူငယ်တွေက ဂစ်တာတီးပြီး ဆိုနေသည်ကို ကြားရသောအခါ သူ ဘာကြောင့်မုန်းတီးနေမိပြန်သလဲ မသိ။

ကက်သရင်းနှင်းဆီကကော. . .
အိမ်ထဲမှနေပြီး အဲဒီသီချင်းသံကို နှစ်ခြိုက်သာယာစွာ နားထောင်နေလေမလား။
ထိုအတွေးကို တွေးမိသောအခါ သူ့နှလုံးအိမ်သည် မီးတောက်လို ပူလောင်လာတော့သည်။

နရစိုး အိမ်သို့ပြန်ရောက်သည်နှင့် အဝတ်အစားပင် မလဲသေးဘဲ ဖုန်းကို ကောက်ကိုင်ကာ ကက်သရင်းနှင်းဆီ၏ ဖုန်းနံပါတ်ကို

MMCYBERMEDIA
community for all

နိုပ်လိုက်သည်။

'' ဟဲလို. . .''
'' ကျွန်တော်ပါ မနှင်းဆီ. . .။ နရစိုးပါ ''
တစ်ဖက်မှ တုံ့ပြန်သံ ချက်ချင်းမကြားရ။ နရစိုးကတော့ ကိုယ့်နလုံးခုန်သံကိုသာ ကိုယ်ပြန်ကြားနေရသည်။ ခဏနေမှ. . .

'' ပြောလေ. . .ကိုနရစိုး ''
'' အခု မနှင်းဆီတို့အိမ်ရှေ့မှာ ဂစ်တာတီးပြီး သီချင်းလာဆိုနေတာ ကြားလား မနှင်းဆီ ''
'' ဩော်. . . အင်း. . .ကြားသားပဲ။ ဘာဖြစ်လို့လဲ ကိုနရစိုး ''
သူမ၏အသံက ခပ်အေးအေးပင်ဖြစ်၏။ ဒီကိစ္စက သူမအတွက် ဘာမှ မထူးဆန်းသလို ကြားနေကျကိစ္စတစ်ခုကို တုံ့ပြန်ရသလို ဖြစ်နေသည်။

ကေ့န္တ ဒီချာတိတ်တွေ ညတိုင်း ဒီလို သီချင်းလာဆိုနေကြတာများလား မသိ။ သူ စိတ်ဆိုးချင်လာ၏။

'' ကြားတယ် ဟုတ်လား. . .။ သူတို့က ဘယ်သူတွေလဲ မနှင်းဆီ။ ညတိုင်း ဒီလို လာဆိုနေကြတာပဲလား ''
ကက်သရင်း၏ ခပ်တိုးတိုးရယ်သံကို ကြားရ၏။ သူမက. . .
'' ဘယ်သူတွေမှန်းလည်းတော့ ဘယ်သိပါ့မလဲ။ ကျွန်မက ဆင်းပြီး မေးကြည့်ရမှာလား ''
'' မဟုတ်ဘူးလေ. . .။ သူတို့က ညတိုင်း ဒီလိုလာနေကျဆိုရင် မနှင်းဆီ သတိများ ထားမိမလားလို့ပါ ''

'' ဟင့်အင်း. . .။ အဲဒီလိုတော့ သတိမထားမိဘူးရှင့်။ သူတို့ချည်းပဲတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့။ တစ်ဖွဲ့မဟုတ် တစ်ဖွဲ့တော့ ဒီလိုပဲလာပြီး ဆိုနေတီးနေကြတာပဲ ''
'' ဘယ်လို. . .။ တစ်ဖွဲ့မဟုတ် တစ်ဖွဲ့။ ဟုတ်လား. . .။ ဒါဆို တခြားသူတွေလည်း ရှိသေးတယ်ပေါ့ ''
သူ့အသံက (သူ့ကိုယ်သူ သတိမထားမိဘဲ) အနည်းငယ် ကျယ်လောင်သွား၏။
ကက်သရင်းက. . .
'' အင်းလေ. . .ရှိမှာပေါ့။ ကိုနရစိုးကလည်း ဒါကိုများ အဆန်းလုပ်လို့။ ညဖက်ညဖက်လူငယ်တွေ လမ်းပေါ်မှာ ဂစ်တာတီးသီချင်းဆိုတာ ဘာဖြစ်လဲ. . .။ ဆိုပစေပေါ့ ''
'' ဩော်. . .ဒီလိုလား. . .။ ဒါဆိုရင် ကျွန်တော်ကော မနှင်းဆီတို့ အိမ်ရှေ့မှာ သီချင်းလာဆိုရင် ရမလားဟင် ''

သူ့အမေးကြောင့် တစ်ဖက်မှ ခပ်တိုးတိုးရယ်သံကို ကြားရပြန်လေသည်။ ပြီးမှ. . .

'' မလာရလို့ တားမြစ်ချက်ထုတ်ထားတဲ့ နယ်မြေမှ မဟုတ်ဘဲရှင်. . .''
'' အိုကေ. . .ဒါဆို ကျွန်တော် လာခဲ့မယ်နော် ''
နရစိုး ဖုန်းကို ပြန်ချလိုက်သည်။
ဘာကြောင့်မှန်း မသိ။ စောစောကလောက်တော့ ရင်ထဲမှာ မောမနေတော့မှန်း သူ့ဘာသာသူ ပြန်သတိထားမိသည်။
ကက်သရင်း၏ နလုံးအိမ်ထဲတွင် တစ်မျိုးလေး နွေးထွေးစွာ ခံစားနေရသည်။ ဘာကြောင့်များ သူက လာချင်ရတာတဲ့လဲ။

ဖုန်းထဲမှာကတည်းက အဲဒီမေးခွန်းကို မေးဖြစ်အောင် မေးလိုက်ဖို့ကောင်းသည်။ တကယ်တော့လည်း အဲဒီလို မေးရမှာကို သူမကိုယ်တိုင်ကရှက်နေတာဖြစ်နိုင်ပါသည်။သူ့ဘက်ကအချစ်စကားပြောလာအောင်သိသိသာသာကြီးဖိတ်ခေါ်လွန်းရာများ ကျနေမလား။ တကယ်တော့ သူမနှင့်နရစိုးတို့နှစ်ယောက်စလုံးက ကစားနည်းတစ်ခုကို ပြိုင်တူကစားနေကြ
သလို ဖြစ်နေသည်။ နရစိုးက သူမကိုချစ်နေမှန်း သိသည့်တိုင် တိုက်ရိုက်ဖွင့်မပြောလာသေးသရွေ့တော့ သူမ ဘက်ကကော ဘာများတတ်နိုင်ပါဦးမည်နည်း။

MMCYBERMEDIA
community for all

ခရီးကို မြင်နေရသော်လည်း ခြေလှမ်းက မရွေ့သလို ဖြစ်နေသည်။ ပြေးရမည့်သူက အမိခံဖို့ ဆုံးဖြတ်ထားသည့်တိုင် ဖမ်းရမည့်သူက မလိုက်။

ညသည် စက္ကန့်တိုင်းမှာပင် ပိုပြီး ညဆန်လာ၏။
အိမ်ရှေ့မှ ချာတိတ်တွေ၏ ဂစ်တာသံကို မကြားရတော့။ ပြန်ကုန်ကြလောက်ပြီ ထင်သည်။ လမ်းမီးတိုင်များဆီမှ အလင်းရောင်က ခပ်ဟဟဖွင့်ထားသော ပြတင်းခန်းဆီးစကို ဖြတ်သန်းကာ သူမ၏ အိပ်ခန်းထဲသို့ စိမ့်ကျနေ၏။ အမှောင်သည် နူးညံ့နေလေသည်။

ကက်သရင်း ရင်တွေခုန်လာ၏။
သူ. . .သူ. . .ဘာသီချင်းများ ဆိုမှာလဲကွယ်။ အချစ်သီချင်းပဲဖြစ်ဖို့ များပါသည်။ ကက်သရင်းစိတ်ထဲက 'စွန့်စားသော ဖိတ်ခေါ်မှုတစ်ခု' ကြိုးစားကြည့်ရန် ဆုံးဖြတ်လိုက်၏။ မနက်ဖြန်မနက်ကျလျှင် နရစိုးထံသို့ ဖုန်းဆက်မည်။ ညက ဒီလိုသီချင်းဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲဟု မေးမည်။

အဲသည်လောက်ဆိုလျှင်တော့ သူ့နှလုံးသားထဲမှ ခြေလှမ်းက 'ပထမခရီး' ကို လျှောက်လှမ်းမည်ထင်ပါသည်။ သူ ဒီလောက်တော့ မအ'တန်ကောင်းပါဘူးဟု ကက်သရင်း စိတ်ကိုတင်းကာမျှော်လင့်လိုက်၏။

ည၏ လေပြေလေညင်းသည်လည်းကောင်း၊ လရောင်သည်လည်းကောင်း နူးညံ့သောအပြာရောင် စိုစွတ်နေသည်။ ထိုစဉ်မှာပင်. . .သူမ အိပ်ခန်း၏ ခေါင်းရင်းဘက် လမ်းမဓာတ်မီးတိုင်အောက်မှ ဂီတသံကို ကြားလိုက်ရသည်။

" ဂျမ်း. . . ဂျမ်း. . . ဂျမ်း "
" ဂျမ်း. . . ဂျမ်း ဂျမ်း. . . ဂျမ်း ဂျမ်း. . .ဂျိ "

လင်းကွင်းတစ်စုံကို အားရပါးရတီးနေသော အသံဖြစ်၏။
ဒါ. . .ဒါ. . .နရစိုးကလွဲလို့ တခြား ဘယ်သူမှ မဖြစ်နိုင်။

ကက်သရင်းနှင်းဆီက ကုတင်ပေါ်တွင် လဲလျောင်းနေရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်။ ရုတ်တရက်မို့ သူမ၏ ရင်ထဲမှာ ဒေါသစိတ်ကလည်း ဟုန်းခနဲ ထတောက်သွား၏။
" ဂျမ်း. . . ဂျမ်း ဂျမ်း. . . ဂျမ်း. . . ဂျမ်း ဂျမ်း. . . "

လင်းကွင်းသံကတော့ ကျယ်လောင်စွာ ထွက်ပေါ်နေဆဲပင်။ ကက်သရင်းက စိတ်တိုတိုဖြင့် အခန်းတံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး အိမ်ရှေ့တံခါးဆီသို့ ပြေးထွက်ခဲ့၏။

" ဂျမ်း. . . ဂျမ်း ဂျမ်း. . .ဂျိ "

ညကြီးမင်းကြီး အားလုံးအိပ်မောကျ တိတ်ဆိတ်နေချိန်တွင် ရပ်ကွက်ထဲလာပြီး အလိုက်ကန်းဆိုးမသိတတ်စွာ လင်းကွင်းလာတီးနေသူကြောင့် အိမ်နီးချင်းများကလည်း အိပ်ယာမှ နိုးကုန်ကြပြီ။ အိမ်နီးချင်းတချို့က ပြတင်းပေါက်တံခါးများကို ဖွင့်ကာ ခေါင်းပြူပြီး ကြည့်ကြ၏။ လင်းပနေသော လမ်းမီးရောင်ကြောင့် နရစိုးကို သူတို့မြင်ကြမှာ သေချာပါသည်။ ဘယ်သူနှင့်ပတ်သက်ပြီး အခုလို လင်းကွင်းလာတီးနေသည်ကိုလည်း အိမ်နီးချင်းတွေအားလုံး ဆက်စပ်ပြီး သဘောပေါက်ကာ သိကြမှာကျိန်းသေပါသည်။

ကက်သရင်း ရှက်လာ၏။ သူမက ခြံရှေ့သို့ ပြေးထွက်သွားလိုက်ပြီး. . .
" ဒီမှာရှင့်. . .ဒီမှာ. . . "

'' ဂျမ်း ဂျမ်း. . . ဂျမ်း. . . ဂျမ်း ဂျမ်း. . .ဂျိ ''
ကက်သရင်းက ခြံဝင်းတံခါးကို တဝုန်းဝုန်းလှုပ်ယမ်းကာ နရစိုးကို လှမ်းခေါ်သည်။ လင်းကွင်းသံ တီခနဲ ရပ်သွား၏။ အနီးအနားရှိ အိမ်များ၏ ပြတင်းပေါက်များလည်း ပွင့်ကာ လူတွေ ခေါင်းပြူပြီး လှည့်ကြည့်နေကြသည်။

ကက်သရင်းမျက်နှာပေါ်တွင် အရှက်နှင့် ဒေါသတွေ ပူလောင်ကျွမ်းလက်နေ၏။

'' ဒီမှာ. . .ဒီမှာ. . .ခေါ်နေတာ မကြားဘူးလား ''
'' ဗျာ. . .မနင်းဆီ။ ဘာဖြစ်လို့လဲ ''
'' ဘာသဘောနဲ့ ဒါကြီးလာတီးနေတာလဲ။ ရှင်. . .ရှင်. . .ကျွန်မကို သက်သက်အရှက်ခွဲတာပဲ''
'' မဟုတ်. . .မဟုတ်ပါဘူး. . .မနင်းဆီ။ ဟိုလေ. . .ကျွန်တော်မှ ဂစ်တာ မတီးတတ်တာ ''
မထုံတက်တေးပြောနေသော သူ့လေသံကြောင့် ကက်သရင်း ပိုဒေါသဖြစ်လာ၏။

''ဂစ်တာ မတီးတတ်တာနဲ့ဘဲ လင်းကွင်းတီးရရောတဲ့လား။ ရှင်လုပ်ပုံက. . .။ တောက်. . .ဟိုမှာ လူတွေ ထွက်ကြည့်ကုန်ကြပြီ။ ရှင် မရှက်ပေမဲ့ ကျွန်မ ရှက်တယ် ''
'' ဗျာ. . .ဒါ ရှက်စရာလားဟင် ''
'' ဟုတ်လား. . .။ ရှင် ပြန်တော့။ ပြန်ပါတော့ ကိုနရစိုး။ ဒါပါ ပဲ။ နောက်လည်း ဘယ်တော့မှ မလာပါနဲ့တော့ ''
သူမ ချာခနဲလှည့်ပြီး အိမ်ဘက်သို့ ပြေးထွက်ခဲ့သည်။ နောက်ဘက်ဆီမှ 'မနင်းဆီ' ဟု လှမ်းခေါ်သံကြားရသော်လည်း သူမ လှည့်မကြည့်တော့။ ရင်ထဲမှာ ဒဏ်ရာရထားတစ်စင်း တဝုန်းဝုန်း ခုတ်မောင်းနေ၏။

. . . . . . . . .

'' ရှင် ဘယ်လိုလူစားလဲ ''
ဟု မေးမေးပြီး သူ့အင်္ကျီလည်ကုပ်ကို လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ ဆွဲဆွဲဆောင့်ပစ်ချင်စိတ်ပေါ်လာ၏။
တကယ့်ကို မျှော်လင့်ရခက်တဲ့ လူပါပဲ။

'' ရှင့်မှာ လူတွေကို ကန့်လန့်တိုက်ချင်စိတ်ကလွဲပြီး ကျန်တာဘာမှ မရှိတော့ဘူးလား။ ရှင့်မှာ အချစ်ဆိုတဲ့ စိတ်ကော ရှိမှရှိရဲ့လား ''
အခန်းထဲပြန်ရောက်ပြီး ခုတင်ပေါ် ပစ်လှဲလိုက်ချိန်အထိ သူမ၏ ဦးနှောက်ထဲမှာ အတွေးတွေ၊ မေးခွန်းတွေနှင့် ရှုပ်ယှက်ခတ်ကာ ပွက်ပွက်ဆူ ပူလောင်နေ၏။

သူမ ရှက်နေသည်။
အိမ်နီးနားချင်းတွေကိုလည်း ရှက်သည်။ မျှော်လင့်ချက်ထားမိသော သူမ၏ စိတ်ကူးယဉ် နှလုံးသားကိုလည်း ကိုယ့်ဘာသာကိုယ် ပြန်ရှက်သည်။
အဲဒီ နရစိုးဆိုသောလူ၏ နားရွက်ကို တအားဆွဲလိမ်ပစ်လိုက်ချင်သည်။

MMCYBERMEDIA
community for all

အခန်း(၁၁)

ဆန်နီက ရဲတင့်ဆီသို့ ဖုန်းဆက်သော်လည်း မရ။ ရဲတင့်၏ ဂျီအက်စ်အမ်ဖုန်းက '' ဧရိယာအပြင်. . . '' ဖြစ်နေ၏။ ထို့ကြောင့် ဆန်နီက သူနေထိုင်ရာ တိုက်ခန်းသို့ ပြန်ခဲ့သည်။ သူ့အခန်းက ဆယ့်တစ်ထပ်မှာဖြစ်၏။ ဓာတ်လှေကားဖြင့် တက်ခဲ့ပြီး ဆယ့်တစ်ထပ်အရောက်တွင်. . .

'' ဟာ. . .ဟော့ကောင် ဆန်နီ ''
ဓာတ်လှေကားတံခါး ပွင့်လျှင်ပွင့်သွားချင်း မြင်လိုက်ရသူက ရဲတင့်။ ရဲတင့်က အတင်းတိုးဝင်လာပြီး. . .'' ငါ မင်းအခန်းကို လာတာကွ။ ငါလခွေး. . .မင်းကို မတွေ့တော့ မောသွားတာပဲ။ လာ. . .လာ. . .အောက်ကို ပြန်ဆင်းရအောင် ''

'' ငါလည်း သတင်းထူးလို့ မင်းဆီ ဖုန်းဆက်နေတာပဲ ရဲတင့်ရ။ ဆက်လို့မရလို့. . .။ ဒီဘက်ကလိုင်းသိပ်မမိဘူး ''
ဓာတ်လှေကားထဲသို့ ကလေးငယ်တစ်ယောက်၊ အသက်ငါးဆယ်ခန့် လူကြီးနှစ်ယောက်နှင့်တရုတ်မကြီးတစ်ယောက်တို့ ဝင်လာကြ၏။

ဆန်နီ့မှာ ဓာတ်လှေကားထဲမှ ထွက်ခွင့်ပင် မရလိုက်တော့။ ရဲတင့်က မြေညီထပ်သို့ ပြန်ဆင်းရန် ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်၏။ ထို့နောက်. . .

'' လုပ်စမ်းပါဦးကွ ဆန်နီရ။ ဘာသတင်းထူးလဲ ''
ဆန်နီက ဘေးပတ်ပတ်လည်ကို လှည့်ပတ်မျက်စိကစားလိုက်သည်။ လူခြောက်ဦးသာ ဆန့်သော ဓာတ်လှေကားထဲတွင် မလှုပ်သာ မလှည့်သာ ပြည့်ကျပ်နေ၏။

ဒီလောက် လူတွေအများကြီးထဲမှာလည်း မပြောချင်။ ထို့ကြောင့် ဆန်နီက. . . '' အောက်ကိုရောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့ ရဲတင့်ရာ ''

'' ဟာ. . .ပြောစမ်းပါကွ။ ငါ. . .ကြားချင်လှပြီ '' ငမိုက်သားက အလိုက်ကမ်းဆိုးမသိစွာ အတင်းပြောခိုင်းနေသည်။ ရဲတင့်၏ ဂနာမငြိမ်သော အမူအရာကြောင့် ဓာတ်လှေကားထဲမှာပါလာ သူအားလုံးက ပိုပြီး သတိထားမိကာ(ဂရုမစိုက်သလိုလိုဖြင့်) နားစွင့်လာကြ၏။

ဆန်နီက(ရဲတင့်ကို စိတ်ထဲမှ ကြိတ်၍ ကျိန်ဆဲလိုက်ရင်း. . .) ဘေးဘီကို မသိမသာ အကဲခတ်ရင်း. . .

'' ဒီလို ရဲတင့်ရာ. . .။ မြွေပွေးအောင်းတဲ့တွင်းကို ငါ စောင့်ကြည့်နေတုန်း မနေ့က ရေမြွေတစ်ကောင် အဝင်အထွက်လုပ်တာ တွေ့လိုက်ရတယ် ''

'' ဘာ. . .ဘာ. . .မြွေပွေးအောင်းတဲ့တွင်း၊ ရေမြွေက ဝင်တယ်။ ဟာ. . .မင်းဥစ္စာ ဘာတွေတုန်း ဆန်နီရ ''
ရဲတင့်ဆိုသော ငတိ ဒုံးဝေးပုံကိုကြည့်ပြီး နားရင်းကို ပိတ်တီးပစ်လိုက်ချင်စိတ် ပေါ်သွားသည်။ ဆန်နီက စိတ်တိုနေသည်ကို မနည်းမျိုသိပ်ရင်း. . .

MMCYBERMEDIA
community for all

" ဟောကောင် ရဲတင့်။ ဖြတ်မပြောနဲ့ကွာ။ ငါပြောတာ သေသေချာချာနားထောင်ပြီး စဉ်းစား "
" ဟမ်. . .ဘာလဲ "
" အဲဒီရေမြွေနောက်ကို ငါ လိုက်သွားတယ်။ သူ့ကိုနည်းနည်းပါးပါးတော့ ရေလောင်းပြီး ချဉ်းကပ်ရတာပေါ့။ အဲဒီမှာ သိလာရတာက ဒီကောင်ဟာ မြွေပွေးရဲ့ အရင်စားကျက်ဟောင်းမှာတုန်းက အနီးကပ်နေဖူးတယ်။ ဒီတော့ အဲဒီရေမြွေက ဟိုကောင့်ကို မြွေမြွေချင်း ခြေမြင်နိုင်တယ် သဘောပေါက်လား. . . "

ဆန်နီက သဘောပေါက်လားဟု မေးလိုက်သည့်အချိန်တွင် ရဲတင့်က မျက်လုံးကလေး ပြာလတွတ်ပြာလတွတ်လုပ်ရင်း ကြောင်စီစီကြည့်နေ၏။

ရဲတင့်ဆိုသော ငထူ တုံးကား ဘာတစ်လုံးမှ နားလည်လိုက်ပုံမရချေ။ ရဲတင့်က. . .
" မင်း ဘာတွေပြောသွားတာလဲဟင်. . . ။ ရေမြွေကို ရေလောင်းပြီးတော့ မြွေမြွေချင်း သူတို့ကဘာဖြစ်လို့ ခြေထောက်တွေ လိုက်ကြည့်နေရတာလဲ "

ဆန်နီ့စိတ်ထဲမှာ ရဲတင့်ကို ပိတ်ပိတ်ပြီး ကန်ပစ်လိုက်ချင်၏။ ထို့ကြောင့် သူ ဒေါသဖြင့်. . .

" မင်းအမေ့လင် ဒါလောက်တောင် တုံးရ 'အ'ရ သလားကွဟေ. . ။ အဲဒါကြောင့် ဓာတ်လှေကား အပြင်ရောက်မှ အေးအေးဆေးဆေး ပြောပါမယ်ဆိုတဲ့ဟာကို. . . "
ထိုစဉ်မှာပင် ဓာတ်လှေကားက မြေညီထပ်သို့ ရောက်ခါနီးဆဲဆဲဖြစ်နေလေပြီ။
သူတို့နှင့်အတူ စီးလာသော လူကြီးတစ်ဦးက ဖျန်ဖြေလိုဟန်ဖြင့်. . .

" ကဲ. . .ကဲ. . .ဟောဒီက ငါ့တူကလည်း စိတ်မတိုပါနဲ့ကွာ။ သူ့ကို မင်းပြောချင်တာတွေအားလုံးကို ဦးလေးတို့ကပဲ ရှင်းပြပေးလိုက်ပါမယ်။ အဟမ်း. . .အဟမ်း . . .ဒီလိုကွဲ့. . . "

ပြောပြောဆိုဆိုနှင့် ထိုလူကြီးက ရဲတင့်ဘက်သို့ လှည့်သည်။ ဟိုကောင်ငတုံးကလည်း လူမိခံရသော လင်ငယ်၏ မျက်နှာမျိုး။ အသံကလေး ညောင်နာနာဖြင့်. . .

" ခင်ဗျာ. . .ပြော. . . ပြောပါ အန်ကယ် "
" အဟမ်း. . .ဒီလိုကွဲ့။ ဟောဒီသူငယ်ပြောက မြွေပွေးဆိုတဲ့ လူရဲ့အိမ်ကို စောင့်ကြည့်နေတုန်း လူစိမ်းတစ်ယောက်က အဝင်အထွက်လုပ်တာ သူ တွေ့လိုက်တယ်တဲ့ "

ထိုအခိုက်မှာပင် အတူပါလာသော နောက်ထပ် အန်ကယ်ကြီး တစ်ဦးကပါ ဝင်ပြီး. . .

" အဲဒီလူကို ဒီမောင်ရင်က ကျွေးမွေးပေးကမ်းပြီး စုံစမ်းကြည့်တော့ အဲဒီကောင်ဟာ ဟိုမြွေပွေး ဆိုတဲ့လူနဲ့ အရင်တုန်းက အလုပ်အတူတွဲလုပ်ဖူးတယ်ဆိုတာ သိလာရတယ်ဆိုပဲ "

ထိုစဉ် ချာတိတ်ကလေးကပါ ဝင်ပြီး. . .


" ရေမြွေဆိုတော့ အဲဒီလူက ဟိုမြွေပွေးဆိုတဲ့လူလောက် အဆင့်မမြင့်ဘူးလို့ ပြောချင်တာပေါ့ နော် ဦးလေး "

တရုတ်မကြီးကလည်း အားကျမခံ ဝင်ပြီး ဘာသာပြန်ပြလေသည်။ အဲ့လီလူကိုမေးရင် ဟိုမြွီပွီး ဆိုလဲ့လူရဲ့ အီကြောင်းတွေစိရမှာပဲဆိုပီး. . .မြွီမြွီချင်း ခြေမြင်လယ်လို့ပြောတာဟဲ့။ နီတို့စီကားကို ဝ တောင်နားလည်စေးလယ် "

MMCYBERMEDIA
community for all

'တီ' ခနဲမြည်သံနှင့်အတူ ဓာတ်လှေကားက မြေညီထပ်တွင်ရပ်ပြီး တံခါးပွင့်သွားသဖြင့် ခရီးသည်အားလုံး အပြင်သို့ထွက်သွားကြသည်။

ဆန်နီကတော့ အော်ဟစ်ပြီး ငိုပစ်လိုက်ချင်စိတ် ပေါ်နေ၏။ တခြားလူတွေ မသိစေချင်သောစကားကို (နှစ်ယောက်တည်း နားလည်အောင်)စကားဝှက်ဖြင့် ပြောနေကာမှ သက်ဆိုင်သူ ဟို. . .ငတုံးကောင်မှလွဲပြီး အားလုံးက သဘောပေါက်နားလည်သွားကြသည်။



ရဲတင့်ကတော့ မျောက်သေကောင်လေးတစ်ကောင်လို မျက်နှာပေးမျိုးဖြင့် ဆန်နီ့ကို မဝံ့မရဲခေါ်၏။

'' ဆန်နီ. . . ''
'' ဘာလဲကွ ''
'' ငါတို့ စကားဝှက် အသစ်ပြောင်းရင် ကောင်းမလား မသိဘူးနော်။ လူတွေက စောစောက စကားဝှက်ကို နားလည်နေကြတယ်ကွ''
ဆန်နီက ရဲတင့်ကို စိတ်ပါလက်ပါ အကြာကြီး ကျိန်ဆဲပစ်လိုက်လေသည်။

MMCYBERMEDIA
community for all

အခန်း(၁၂)

ကက်သရင်းနှင်းဆီက နှုတ်ခမ်းနစ်လွှာကို စုပစ်ပြီး မျက်နှာကို တမင်ပင် တင်းထားလိုက်သည်။ နရစိုးကတော့ မျက်နှာငယ်ကလေးဖြင့် နောက်မှ တကောက်ကောက်လိုက်နေ၏။ ဒီနေ့ကျမှ ဗိုလ်ချုပ်ဈေးသည် လူစည်ကားလွန်းနေသည်။ တောက်ပသော နေ့လယ်ခင်း နေအပူအောက်တွင် အလှူမင်္ဂလာဆောင်သွားသလိုမျိုး ပြောင်ပြောင်လက်လက် ဝတ်စားချယ်သ လာသူတွေ၊ နောက်ဆုံးပေါ် ဒီဇိုင်းသစ် မော်တော်ကားတွေ၊ စိန်ရွှေပတ္တမြား လက်ဝတ်ရတနာ ပုံစံအမျိုးမျိုးတွေနှင့်အတူ လမ်းဘေးပလက်ဖောင်းပေါ်က လည်ကုတ်ရိုးစုတ်ပြဲနေသော အင်္ကျီနှင့် ဈေးသည်တွေ၊ ထမီတိုတိုဝတ်ပြီး သနပ်ခါးကွက်တိကွက်ကျားနှင့် ချွေးပြန်နေသည့် သောကအမောမျက်နှာရှင် မိန်းမကြီးငယ်တွေ. . . အားလုံးတိုးဝှေ့နေကြသည်။

တချို့က ကြွားဖို့တိုးဝှေ့သည်။ တချို့ကတော့ ထမင်းတစ်လုပ်စားရဖို့ တိုးဝှေ့သည်။ တချို့ကစီးလက်စ မော်တော်ကားကို တစ်စီးကနှစ်စီးဖြစ်ဖို့၊ တချို့ကျတော့ တစ်နေ့စာ အရင်းလေးပြုတ်မသွားဖို့၊ လူတန်းစား အမျိုးမျိုး ရည်ရွယ်ချက်အမျိုးမျိုး။ ဘာပဲဖြစ်ဖြစ် သူတို့အားလုံး တိုးဝှေ့နေကြလေသည်။

ကက်သရင်းနှင်းဆီက ဗိုလ်ချုပ်ဈေးမှထွက်ပြီး FMI Centre ဆီသို့ လျှောက်လာခဲ့၏။ နရစိုးကတော့ လူအုပ်ကြားထဲမှ အတင်းတိုးဝှေ့ထွက်ပြီး ကက်သရင်းကိုမီအောင် ခပ်သုတ်သုတ်လိုက်လာရသည်။ ကျောက်သားလှေခါးထစ်များပေါ်အရောက် တွင် သူမကို နရစိုးမီလာသည်။

" မနှင်းဆီ. . .မနှင်းဆီ. . . "
သူမ လုံးဝ လှည့်မကြည့်။ FMI အပေါ်ထပ်ဆီသို့ သူမ၏ ခြေလှမ်းတွေကို ဦးတည်လိုက်၏။

" မနှင်းဆီရယ်. . .။ ကျွန်တော့်ဘက်ကို တစ်ချက်လောက်တော့ ကြည့်ပါဦးဗျာ။ မနေ့ညကကိစ္စကို ကျွန်တော် တောင်းပန်ချင်လို့ပါ "
" ဘာမှ. . .လာတောင်းပန်မနေနဲ့။ ရှင် ကျွန်မကို သက်သက်အရှက်ခွဲတာပဲ "
" မဟုတ်ဘူး. . .မဟုတ်ဘူး။ ကျွန်တော့်မှာ မနှင်းဆီကို အဲဒီလို လုံးဝ မရည်ရွယ်. . . "
" အို. . .မပြောနဲ့. . .မပြောနဲ့။ ဘာမှ မကြားချင်ဘူး "
ကက်သရင်း ခါးခါးသီးသီးငြင်းဆန်ပြီး လှေခါးအတိုင်းဒုတိယအထပ်ဆီသို့ ဦးတည်လိုက်သည်။ နရစိုးကတော့ တကောက်ကောက်လိုက်နေဆဲ။ သူမ လုံးဝ လစ်လျူရှုထားလိုက်သည်။ နေပေစေ. . .။ ဒါမှ မှတ်လောက်သားလောက် ရှိသွားမှာ။

သို့သော် နရစိုးကတော့ လွယ်လွယ်နှင့် လက်လျှော့မည့်ပုံ မပေါ်။ ဖိနပ်ဆိုင်ဝင်တော့လည်း ယောင်ပေယောင်ပေနှင့် လိုက်ဝင်လာသည်။ အဝတ်အစားဆိုင် ဝင်ကြည့်ပြန်တော့လည်း ဟိုလိုလို ဒီလိုလိုနှင့် အနားမှာလာကပ်နေ၏။ ဒီကြားထဲ လစ်ရင်လစ်သလို စကားပြောဖို့ ကြိုးစားသေးသည်။ နောက်ဆုံး ကက်သရင်းက Hard Rock ကဖေးဆိုင်ထဲသို့ ဝင်လိုက်၏။ ဆိုင်ထဲမှာ လူအနည်းငယ်သာ ရှိနေသည်။

သူမက စားပွဲတစ်ဝိုင်းတွင်ထိုင်ပြီး ကော်ဖီ မှာပြီးခါစမှာပင် နရစိုးက ဆိုင်ထဲ လိုက်ဝင်လာပြီး...
" မနှင်းဆီ. . .ဒီခုံ အားတယ်မဟုတ်လား။ ကျွန်တော်ထိုင်မယ်နော် "
" အဲဒီခုံလည်း အားတယ်။ ရှင်ဝင်ထိုင်လိုက်ရင် ကျွန်မထိုင်နေတဲ့ခုံပါ အားသွားလိမ့်မယ် "
ကက်သရင်းက 'ရှင်ဝင်ထိုင်ရင် ကျွန်မ ထွက်သွားရလိမ့်မယ်' ဟူသော အဓိပ္ပာယ်ဖြင့်ပြောလိုက်သောကြောင့် နရစိုးက ခုံမှာ မထိုင်ရဲတော့ချေ။

MMCYBERMEDIA
community for all

သူက. . .
'' မနင်းဆီရယ် ခွင့်လွှတ်ပါဗျာ. . .။ ကျွန်တော် အနူးအညွတ် တောင်းပန်. . . ''
'' ဒီမှာ ကိုနရစိုး ''
'' ဗျာ. . . ''
'' နောက်ဆုံး သတိပေးလိုက်မယ်။ ရှင် ကျွန်မကို လုံးဝ စကားလာမပြောပါနဲ့။ ဒါပဲ ''
နရစိုး မျက်နှာကလေး ငယ်သွား၏။ ထို့နောက် သူက. . .

'' ဟုတ်. . .ဟုတ်ကဲ့ပါ. . .မနင်းဆီ ''
နရစိုး လှည့်ထွက်သွားသည်။ ဆိုင်ပြင်သို့ သူ ထွက်သွားလိမ့်မည်ဟု ကက်သရင်းက ထင်ထားသော်လည်း မဟုတ်ပါချေ။ နရစိုးက ဝင်ပေါက်ကို ကျောပေး၍ တစ်ဆိုင်လုံးကို မျက်နှာမူကာ သဘော်၊ ဘတ်စ်ကားပေါ်လျက်ဆားရောင်းသူလို လက်ခုပ်တဖြောင်းဖြောင်းတီးလိုက်၏။

'' ဖြောင်း. . .ဖြောင်း. . . ဖြောင်း ''
တစ်ဆိုင်လုံးက သူ့ကို အာရုံစိုက်လာသောအခါတွင်မှ နရစိုးက အသံကျယ်ကျယ်လောင်လောင်ဖြင့်. . .

'' အဟမ်း. . .ဟုတ်ကဲ့ ခင်ဗျာ။ ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမတို့ အားလုံး စိတ်အနှောက်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်။ ကျွန်တော် အခုတင်ပြချင်တာကတော့ ပြဿနာလေးတစ်ခုပါပဲ။

ဒီလိုပါ. . .။ ကောင်မလေးတစ်ယောက်ရဲ့ အိမ်ရှေ့မှာ လူငယ်တွေ ဂစ်တာတီးကြပါတယ်။ ဟုတ်ကဲ့. . .။မိဘများ သိတော်မူကျတဲ့အတိုင်း ကျွန်တော်လည်း အဲဒီလိုမျိုး ဂစ်တာတီးချင်လာပါတယ်။ ဒါပေမဲ့ ခက်နေတာက ကျွန်တော်က ဂစ်တာမတီးတတ်ဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော် လင်းကွင်းသွားတီးပါတယ် ''

ဆိုင်တွင်းရှိ လူများဆီမှ ရယ်သံတွေ တခစ်ခစ် ထွက်ပေါ်လာ၏။ နရစိုးကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အသံပြဲကြီးနှင့် ဖွတ်ပြောနေသည်။

'' ဟုတ်ကဲ့. . .။ ကော်ဖီသောက်သူ မိဘပြည်သူအပေါင်းတို့ ခင်ဗျာ. . .။ ကျွန်တော် အဲဒီလိုလုပ်တာ မှားသွားပါတယ်။ ကောင်မလေးက သူရှက်တယ်လို့ ပြောပါတယ် ခင်ဗျ။ ဒါကြောင့် ကျွန်တော် သူ့ကို တောင်းပန်ဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ ကောင်မလေးက ကျွန်တော် တောင်းပန်တာကို လုံးဝလက်မခံပါဘူး ခင်ဗျာ။ သူ့ကို စကားလာမပြောပါနဲ့လို့ ကောလွှတ်ပါတယ်။ ဒါကြောင့် ကျွန်တော် သူ့ကို မပြောဘဲ ဟောဒီက မိဘပြည်သူ များအားလုံးကို အသိပေးပြောကြားရတာ ဖြစ်ပါတယ်ခင်ဗျား ''

နရစိုးက ဇာတ်ဟန်ပါပါဖြင့် လက်နှစ်ဖက်ကို ဆန့်တန်းပြီး ဦးညွှတ်လိုက်သေးသည်။
ဆိုင်ထဲမှ ရယ်သံတွေ ပိုပြီးကျယ်လောင်လာ၏။ ကော်ဖီသောက်နေကြသူအားလုံး၏ မျက်လုံးများကလည်း နရစိုးကို ကြည့်နေရာမှ ကက်သရင်းနင်းဆီထိုင်နေသော စားပွဲဆီသို့ စုပြုံရောက်ရှိလာ ကြသည်။

ကက်သရင်း အနေရအထိုင်ရ ခက်လာ၏။ ဒေါသဖြစ်လိုက်သည်မှာလည်း ဆိုဖွယ်ရာမရှိ။ ချက်ချင်းကြီး ထထွက်သွားလျှင်လည်း ပိုပြီး ရယ်စရာကောင်းအောင်လုပ်သလို ဖြစ်နေပေလိမ့်မည်။ ဘာလုပ်ရမည်မှန်း မသိ။ နှုတ်ခမ်းကိုသာ တင်းတင်းကိုက်ထားမိသည်။

ထိုစဉ် ဆိုင်ထဲသို့ အသက်ငါးဆယ်ကျော်အရွယ် မိန်းမဝဝကြီးတစ်နှင့် ယောကျ်ားကြီးတစ်ဦး ဝင်လာသည်။ နရစိုးက အပေါက်ဝမှပင် ဆီးကြိုပြီး. . .

'' ဘာသုံးဆောင်ကြမလဲခင်ဗျာ. . .။ထိုင်ကြပါခင်ဗျ၊ ထိုင်ကြပါ ''

MMCYBERMEDIA
community for all

ထိုအန်ကယ်ကြီးစုံတွဲက နရစိုး နေရာချပေးသောခုံတွင် ဝင်ထိုင်လိုက်သည်နှင့်တပြိုင်နက် နရစိုးက. . .

'' ဒါနဲ့ အန်ကယ်တို့ကို ပြောရဦးမယ်. . .။ ကောင်မလေးတစ်ယောက်ဗျာ. . .။သူ့အိမ်ရှေ့မှာ လင်းကွင်းသွားတီးမိလို့ ကျွန်တော့်ကို စိတ်ဆိုးသွားတယ် ''

'' ဟော. . . ''
နှစ်ယောက်စလုံးက နရစိုးကို ကြောင်စီစီဖြင့် မော့ကြည့်သည်။ နရစိုးကတော့ ခပ်တည်တည်ပင်။

'' အဲဒါ တောင်းပန်တော့လည်း သူက လက်မခံဘူးဗျာ။ သူ့ကို စကားလာမပြောပါနဲ့ဆိုလို့ အန်ကယ်တို့ကို လာပြောတာပါ။ ဟဲ. . .ဟဲ. . .စိတ်မရှိနဲ့နော်။ ဒါပါပဲ. . .ဟဲ. . .ဟဲ ''

'' မောင်ရင်. . .မင်း. . .မင်း စိတ်တော့ နှံ့ပါတယ်နော်။ သတိထားမှပေါ့ကွဲ့။ ဘုရားတရားကို အာရုံပြု. . .အာရုံပြု ''

အန်ကယ်ကြီးတို့စုံတွဲက နရစိုးကို ဝိုင်းပြီး ဖျောင်းဖျနေကြစဉ်မှာပင် ကက်သရင်းနှင်းဆီက ဆိုင်ထဲမှ လှစ်ခနဲထွက်ပြီး ခြေရာဖျောက်သွားတော့သည်။

နရစိုး သတိရ၍ လှည့်ကြည့်လိုက်သည့်အခါ ကက်သရင်း မရှိတော့။

. . .        . . .        . . .

MMCYBERMEDIA
community for all

အခန်း(၁၃)

ရဲတင့်က မျက်နှာကို ရှုံ့မဲ့၍ လက်ချောင်းကလေးများဖြင့် စားပွဲကို တဒေါက်ဒေါက်ခေါက်ရင်း...

'' မင်းကလည်း ညံ့လိုက်တာ ဆန်နီရာ. . .။ အဲဒီမောင်မောင်ညက်ဆိုတဲ့လူကို အရက်မူးအောင်တိုက်ပြီး နရစိုးအကြောင်း မရရအောင် မေးတာမဟုတ်ဘူး။ ခုတော့ လိပ်စာလေးပဲမေးပြီး ပြန်လွှတ်လိုက်ရတယ်လို့ကွာ ''

ဆန်နီက ခေါင်းကို ဖြည်းညှင်းစွာ ခါ၏။ ထို့နောက်. . .

'' ရဲတင့်ရာ. . .။ မင်း ညဏ်လေးတစ်ထွာတစ်မိုက်လောက်နဲ့ အလွယ်မကြံချင်စမ်းပါနဲ့ကွ။ အဲဒီအချိန်မှာ မောင်မောင်ညက်ဟာ နရစိုးဆီကနေ ပိုက်ဆံတောင်းပြီး ပြန်လာခါစ. . .။ အရင်က ကျေးဇူးတွေ အသာထားဦး လောလောဆယ်မှာကို သူ့အပေါ် ကျေးဇူးရှိနေတုန်း။ ဒီလိုအချိန်မှာ မောင်မောင်ညက်က ဘယ်လိုလုပ်ပြီး နရစိုးအကြောင်း မကောင်းပြောမှာလဲ။ မင်းပဲ စဉ်းစားကြည့်ပါဦး ''

'' အင်း. . .ဒါလည်း ဟုတ်သားပဲ ''
ရဲတင့်က ခေါင်းကို တဖြင်းဖြင်းကုတ်သည်။ ဆန်နီက သူ့မေးစေ့ကို သူ ပွတ်ရင်း. . . '' ငါ့မှာ အကြံအစည်ရှိပါတယ်ကွ ရဲတင့်ရ။ မင်းက မောင်မောင်ညက်ရဲ့ ကျေးဇူးရှင်၊ ဒါမှမဟုတ် အလုပ်ရှင်ဖြစ်လာအောင် လုပ်ယူရမယ်။ အဲဒါဆိုရင် မင်းသိချင်တာမှန်သမျှ သူ့ဆီက မေးလို့ရသွားပြီ။ အိုကွာ နောက်ဆုံး မဟုတ်တောင်မှ လုပ်ကြံပြီး ပြောခိုင်းလို့ရတယ်။ သဘောပေါက်လား ''

'' အင်း. . .အင်း. . .ဟုတ်ပြီ။ ဒီတော့ ငါက ဘယ်လိုလုပ်ရမှာလဲ ''

ရဲတင့်က အားတက်သရော မေး၏။ ဆန်နီက. . .

'' မင်းကို ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ချင်တဲ့ ငွေရှင်ကြေးရှင် တစ်ယောက်ပုံစံမျိုးနဲ့ မောင်မောင်ညက်ကို ပြောထားမယ်။ မင်းကို သူနဲ့မိတ်ဆက်ပေးတဲ့အခါကျရင် မင်းက ရုပ်ရှင်ကားတစ်ကားရိုက်ဖို့ ပိုက်ဆံထုတ်မယ့်အကြောင်း နရစိုးကို မင်းသားအဖြစ် ငှားချင်တဲ့အကြောင်း ခပ်တည်တည်နဲ့ ပြောပေတော့ ''

'' ဟာ. . .ဖြစ်ပါ့မလား။ ငါက ရုပ်ရှင်အကြောင်း ကကြီးခခွေးတောင် သိတာမဟုတ်ဘူး။ ငါဟန်ဆောင်လို့ ဖြစ်မှာမဟုတ်ဘူးထင်တယ်ကွ။ ပြီးတော့ အူကြောင်ကြောင်နဲ့ ရှက်စရာကြီး ''

ရဲတင့်က မဝံ့မရဲပြောလိုက်ရာ ဆန်နီက. . .

'' ဟေ့ကောင် မဖြစ်ဘူးဆိုတဲ့စကားကို မပြောစမ်းပါနဲ့ကွာ။ ဖြစ်အောင်ကို လုပ်ရမယ်။ ဒီမှာရဲတင့်. . .လောကမှာ မရှက်ရမယ့်နေရာ သုံးမျိုးရှိတယ်။ မင်း သိလား ''
''အင်း. . .သိတယ် ထင်တာပဲ။ ဟိုကွာ တစ်. . .အရက်မူးပြီး အော်ဆဲဖို့ မရှက်ရဘူး။ နှစ်. . . ဖဲရှုံးရင် လုံချည်ပေါင်ဖို့ မရှက်ရဘူး။ သုံး. . .လူကြားထဲမှာ ကြွေးတောင်းခံရရင် မရှက်ရဘူး ''
'' သေတော့မှာပဲ ရဲတင့်ရာ. . .။ ငါပြောတာက ကြိုက်မရှက်၊ ငိုက်မရှက်၊ ဝတ်မရှက် ဆိုတဲ့သုံးမျိုးကိုပြောတာကွ ''

MMCYBERMEDIA
community for all

ဆန်နီက ဟောက်လိုက်ရာ ရဲတင့်က သွားဖြဲကလေးဖြင့်. . .
'' ဩော်. . .အဲ. . .ငါ မေ့သွားလို့ပါကွ။ ဟေး. . .ဟေး. . . ''
ဆန်နီက. . .

'' အေး. . .။ မင်း ကက်သရင်းကို ကြိုက်တယ် မဟုတ်လား။ အဲဒါ ကြိုက်မရှက်ထဲမှာ ပါတယ်ကွ။ ဒီတော့ ငါပြောတဲ့အတိုင်းသာ လုပ်ဖို့ မင်းစဉ်းစားထားပေတော့။ ကျန်တဲ့အပိုင်းကို ငါ့တာဝန်ထားလိုက် ''

'' ကဲ. . .အခု ပထမအစီအစဉ်က ဘာလဲ ဆန်နီ ''
မားမားမတ်မတ်ထရပ်လိုက်သော ဆန်နီ၏ ရဲရင့်သည့် ဟန်ပန်သွင်ပြင်က အားကိုးလောက်စရာ။ ဆန်နီက မေးကြောကြီးများ ထောင်ထလာသည်အထိ အံကိုကြိတ်လိုက်ပြီး ရဲရဲတောက် ပြတ်သားသည့်လေသံဖြင့် စစ်ထွက်မိန့်ခွန်းခြွေလိုက်သည်။

'' ရဲဘော်တို့ အနီးကပ်ဆုံးဆိုင်ကို ရှာပြီး သောက်ကြ ''



MMCYBERMEDIA
community for all

အခန်း(၁၄)

ဆံပင်ရှည်ရှည်နှင့် လူတစ်ယောက်. . .
ကက်သရင်းနှင်းဆီ၏ ခြံရှေ့တွင် ခေါင်းငိုက်စိုက်ချကာ ထိုင်နေသည်။

. . .   . . .   . . .

ကက်သရင်းက ဧည့်ခန်းပြတင်းခန်းဆီးစကို အသာလှပ်ပြီး လှမ်းကြည့်လိုက်တော့ ထိုသူ့ကိုလှမ်းမြင်ရသည်။ သူမက မျက်မှောင်ကုပ်မိ၏။ ဘယ်သူပါလိမ့်။

ထိုသူ၏ ဆံပင်တွေ ဖရိုဖရဲနှင့် မျက်နှာပေါ်အုပ်နေသောကြောင့် မမြင်ရ။ ကိုယ်နေဟန်က နရစိုးနှင့်တော့ တူသည်။ သို့သော် နရစိုးက ဆံပင်တိုတိုနှင့်ဖြစ်ရာ တစ်ညနှင့်တစ်ရက်အတွင်းမှာ ချက်ချင်းကြီးတော့ ဆံပင်တွေ ဒီလောက်ရှည်ထွက်မလာနိုင်။

သူမ ဆက်ကြည့်မနေတော့။ ပြတင်းပေါက်ခန်းဆီလိုက်ကာစကို ပြန်ချထားလိုက်ပြီး ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်ခဲ့တော့သည်။ အခန်းထဲရောက်တော့ ကုတင်ပေါ်လှဲပြီး စာအုပ်တစ်အုပ်ကို ဖတ်သည်။ စာထဲတွင် စိတ်ဝင်စား၍ မရ။ မျက်လုံးတွေက စကားလုံးများ စာကြောင်းများကို မြင်နေရသည့်တိုင် အာရုံထဲတွင် ဘာအဓိပ္ပာယ်မှ ပေါ်မလာ။

ဟင်း. . .ငါ့စိတ်တွေ ဘာတွေဖြစ်နေတာလဲ။

ကက်သရင်း တိတ်တခိုး ညည်းတွားမိသည်။ တကယ်တော့ သူမ၏စိတ်တွေ ဘာတွေဖြစ်နေသလဲဆိုသည်ကို သူမဘာသာသူမ အသိဆုံးပင်ဖြစ်သည်။ သို့သော် မာနစိတ်ကလေးက ထိုအသိကို ငြင်းဆန်နေ၏။ ဟင့်အင်း. . .ငါ သူ့ကို သတိရနေတာ မဟုတ်ပါဘူး။ ဘာလို့ သတိရရမှာလဲ။ အဲဒီ နရစိုးဆိုတဲ့လူကို စိတ်နာတယ်။

သူမ တွေးရင်းတွေးရင်းနှင့် ခေါင်းကို ခါယမ်းလိုက်၏။
တော်ပြီ စာအုပ်ကိုတော့ ဘယ်လိုမှ ဆက်ပြီး မဖတ်နိုင်တော့။ နရစိုးအကြောင်း တွေးလိုက်မိရုံနှင့်ပင် အာရုံစူးစိုက်မှုတွေက ပျံ့လွင့်သွားပြီးပဲ။
မစဉ်းစားဘူး. . .။
မစဉ်းစားဘူး. . .။
သူ့အကြောင်း ငါ လုံးဝ မစဉ်းစားမိအောင် နေမယ်။
. . .   . . .   . . .
ကက်သရင်းက လက်ထဲမှာ ဖတ်လက်စ စာအုပ်ကို ပစ်ချပြီး ခုတင်ပေါ်မှ ထထိုင်လိုက်၏။ စိတ်ငြိမ်အောင် တစ်ခုခုလုပ်နေမယ်ဟု သူမ တွေးလိုက်သည်။ နောက် ကင်းဗတ်စနှင့် စုတ်တံ များ၊ ဆေးဗူးများကို ထုတ်ယူကာ ပန်းချီဆွဲဖို့ ကြိုးစားကြည့်၏။

စိတ္တဇဆန်သောဆေးရောင်တွေ မျဉ်းကြောင်းတွေက ကင်းဗတ်စပေါ်တွင် ဖွာလံကျဲသွားသည်။ ဝေ့ဝိုက်စွာ ကန့်လန့်ဖြတ်နေသော မျဉ်းကွေးနှစ်ကြောင်း၏ အလယ်တွင် မီးခိုးရောင် ဆေးစက်နှစ်စက်ကို ဖြည့်လိုက်သောအခါ နရစိုး၏ မျက်ဝန်းတစ်စုံနှင့် တူသွားသည်ဟု ခံစားရလေသည်။

သူမ ကိုယ့်ကိုယ်ကို ဒေါသဖြစ်သွားမိသည်။

MMCYBERMEDIA
community for all

တောက် ဒီလက်တွေကလည်း အဲဒီလူရဲ့ မျက်ဝန်းပုံကိုမှ ဘာဖြစ်လို့ ဆွဲမိသွားရတာလဲ။
နင့်အပေါ် သူ ဒီလောက်လွှမ်းမိုးနေစရာ ဘာအကြောင်းများရှိလို့လဲ မိကက်သရင်းရယ်။
နင်. . .သူ့ကို ဘယ်တုန်းက ချစ်သွားမိတာလဲဟင်။
ကိုယ့်ကိုယ်ကို အဖြေမရှိသော မေးခွန်းများကို ထပ်တလဲလဲ ပြန်မေးမိရင်းက ကက်သရင်းစိတ်တိုလာ၏။

'' ဖြောင်း . . . ''
ဒေါသဖြင့် စုတ်တံတစ်ချောင်းကို ရိုက်ချိုးပစ်လိုက်သည်။
ထိုတစ်ခဏမှာတော့ ရင်ထဲမှာ တင်းမာမှု အနည်းငယ်ပြေလျော့သွားသည်ဟု ထင်ရသည်။ ကြမ်းပြင်ပေါ်ပစ်ချခံထားရသော စုတ်တံကျိုးကိုကြည့်ရင်း သူမ တစိမ့်စိမ့် စဉ်းစားနေမိ၏။ စောစောက ချိုးပစ်လိုက်သော စုတ်တံမှာ အမွေးတွေ ဖွာနေသည့် စုတ်တံအဟောင်းသာဖြစ်၏။

ဒေါသဖြင့် ချိုးတာချင်းအတူတူ ဘာဖြစ်လို့ စုတ်တံအသစ်ကို မရိုက်ချိုးဘဲ စုတ်တံအဟောင်းကိုပဲ ချိုးပစ်ရတာလဲ. . .။ လူ့စိတ်ဆိုတာမှာ တကယ်တော့ ရယ်စရာ ကောင်းပါသည်။

ဘယ်ကိစ္စကိုမှ အာရုံစူးစိုက်နိုင်ခြင်းမရှိမှန်း ကိုယ့်ဘာသာကိုယ် နားလည်သွားသည့်အခါ ကက်သရင်း အခန်းအပြင်သို့ ထွက်ခဲ့သည်။ သီချင်းသံကို တိုးတိုးဖွင့်ထားလိုက်ပြီး ဧည့်ခန်းပြတင်းပေါက်အနီးတွင် သွားထိုင်နေမိ၏။ ဘာရယ် မဟုတ်ပါဘဲ ပြတင်းခန်းဆီးစကို ဖယ်ရှားကာ အပြင်သို့ ငေးကြည့်လိုက်သည်။

ဟင်. . .
ဆံပင်ရှည်ရှည်နှင့်လူ ထိုင်နေတုန်းပါလား။
သူမ၏ ဦးနှောက်ထဲတွင် မေးခွန်းတွေ တသီတတန်းကြီး ပေါ်လာသည်။ ထိုသူ ထိုင်နေသည်မှာ ညနေစောင်း ကတည်းက. . . ယခု ည ရှစ်နာရီ ထိုးခါနီးနေပြီ။
ရင်ထဲမှာ မသင်္ကာစိတ်တစ်ခုဖြင့် တင်းကျပ်လာ၏။ မသင်္ကာစိတ်ဆိုသည်မှာလည်း အခြားတော့ မဟုတ်။ အစကတည်းက ထိုသူ့ကို ကြည့်ရသည်မှာ (ဆံပင်ရှည်သည့်အချက်တစ်ချက်မှလွဲ၍) နရစိုးနှင့် တူသည်ဟု အောက်မေ့ထားခဲ့၏။

အခုတော့ ထိုစိတ်အထင်က ပို၍ ခိုင်မာသလို ဖြစ်လာသည်။ (သီချင်းစိတ်၏ တိုက်တွန်းမှုကြောင့်) သူမ ခြံထဲသို့ ဆင်းသွားမိလေသည်။ ကက်သရင်းက ခြံတံခါးကို လက်ဖြင့် ပုတ်ရင်း လှမ်းခေါ်လိုက်သည်။

'' ဒီမှာ. . .ဒီမှာ. . .။ ရှင် ဘာလာလုပ်နေတာလဲ ''
'' ကျွန်တော် လွမ်းနေတာ ''
ထိုလူက ခေါင်းမော့ကြည့်ရင်း ဖြေလိုက်သည်။
'' ဟင်. . .ရှင်ကိုး. . . ''
နရစိုးပင် ဖြစ်သည်။ သို့သော် ဆံပင်တွေကတော့ ဖရိုဖရဲရှည်လျားပြီး ရှုပ်ပွနေသည်။ သူ့မျက်နှာနှင့်မလိုက်ဖက်ဘဲ တံမြက်စည်းကို ခေါင်းပေါ်တင်ထားသလိုမျိုး ရယ်စရာကောင်းနေ၏။
သေသေချာချာကြည့်လိုက်တော့ ဆံပင်တုကြီးစွပ်ထားခြင်းဖြစ်၏။

'' ဟုတ်တယ်. . .။ ကျွန်တော်ပါ မနင်းဆီ ''
'' ရှင်. . .ဘာစိတ်ကူးနဲ့ ဆံပင်တုကြီး စွပ်လာတာလဲ ''
'' အချစ်ဝတ္ထုတွေထဲမှာ လွမ်းခန်းဆိုရင် ဇာတ်လိုက်က ဆံပင်တွေ ဖွာလန်ကျဲပြီး ဖရိုဖရဲဘုတ်သိုက် ချထားတတ်တယ် မဟုတ်လား။ ကျွန်တော်လည်း ကိုယ့်ကိုလူတွေမြင်ရင် အလွမ်းသမားလေးမှန်း သိအောင်လို့ ကျွန်တော့်ဆံပင်ကလည်း မရှည်တော့ အလွမ်းသမားပုံပေါက်အောင် ဆံပင်တု စွပ်လာတာ ''

သူ့စကားကြောင့် ကက်သရင်း (စိတ်တိုနေသည့်ကြားမှ) ခစ်ခနဲ အမှတ်တမဲ့ သတိလစ်ပြီး ရယ်လိုက်

MMCYBERMEDIA
community for all

မိသည်။
နရစိုး၏ မျက်နှာက ချက်ချင်းပင် ပြုံးယောင်သန်းသွားပြီး. . .

’ဟော. . .မနှင်းဆီတောင် အလွမ်းသမားလေး ကျွန်တော့်ရုပ်ကိုကြည့်ပြီး သနားသွားပြီမဟုတ်လား။ သနားပါနော်. . .မနှင်းဆီ’’
’’ တော်စမ်းပါရှင်. . .။ ရှင်လုပ်လာတဲ့ပုံက ရယ်စရာကြီး ကိုယ့်ဘာသာကိုယ်လည်း မှန်ထဲ ပြန်ကြည့်ပါဦး ’’

ရန်တွေ့ပစ်လိုက်မည်ဟု စိတ်ကူးထားသည်ကို ကက်သရင်း မေ့လိုက်ရတော့သည်။
ကဲ. . .ကြည့်စမ်းပါဦး။ ဘယ်လောက်တောင် လူလည်ကျလိုက်သလဲလို့။

နရစိုး၏ ခေါင်းထဲတွင် အဲဒီလို ကိုးယိုးကားယား ဉာဏ်နီဉာဏ်နက်တွေ ဘယ်လောက်များများ ရှိနေဦးမည် မသိ။ အခုတော့ စကားမပြောဘူးဟု ဆုံးဖြတ်ထားသော ကက်သရင်းကိုယ်တိုင် သူ့ကို စကားတွေ ပြောနေမိပြီ မဟုတ်လား။

နရစိုးက မျက်နှာသေလေးဖြင့်. . .

’’ ဟုတ်ပါတယ် မနှင်းဆီ. . .။ မှန်ထဲကြည့်စရာ မလိုပါဘူး။ အခုလိုလုပ်လာတာ ရယ်စရာကောင်းမှန်း ကျွန်တော် သိပါတယ်။ ဆံပင်မရှိလို့ ဆံပင်တုစွတ်လာတာနဲ့၊ ဂစ်တာမတီးတတ်လို့ လင်းကွင်းတီးတာဟာ သဘောတရားချင်း အတူတူပါပဲ။ အဲဒါကို စိတ်ဆိုးမလားဆိုတာကတော့ မနှင်းဆီအပေါ်မှာပဲ မူတည်ပါတယ် ’’

သူ့စကားကြောင့် ကက်သရင်း ဘာမှ ပြန်မပြောနိုင်။ သူမငိုင်တွေနေစဉ်မှာပင် နရစိုးက လက်ဆောင်တစ်ခု လှမ်းပေးလာသည်။

အဝါရောင် ပန်းစည်းတစ်စည်း။
‘စိတ်ဆိုးပြေပါတော့’ ဟုသည့် အဓိပ္ပာယ်။

ကက်သရင်းက နှုတ်ခမ်းကိုစူရင်း သူ ကမ်းပေးနေသော ပန်းပွင့်ဝါဝါတွေကို ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ဆတ်ခနဲ ဆွဲယူလိုက်သည်။
ထို့နောက်. . .

’’ ဟင်း. . .။ ရှင် တော်တော်ဉာဏ်များတဲ့လူ ’’
’’ကျွန်တော် ဉာဏ်များပါဘူး မနှင်းဆီ။ တကယ်တော့ ကျွန်တော်က ငတုံးပါ။ တစ်ခါတစ်ခါတော့ တွေးမိတယ်. . .ကျွန်တော်သာ ကျွန်တော့်အဘိုးရဲ့ တစ်ဝက်လောက် ဉာဏ်များရင် ကောင်းမှာပဲလို့ ’’

နရစိုးက သူ့အဘိုးအကြောင်း မဆီမဆိုင် စကားစလာသဖြင့် ကက်သရင်း စိတ်ဝင်စားသွားမိသည်။ သူမက. . .

’’ရှင့်အဘိုးက ဘာဖြစ်လို့လဲ ’’
’’ အသွားအပျိုဘဝတုန်းက ဆင်းရဲတယ်. . .။ ဆေးလိပ်ခုံမှာ ဆေးပေါ့လိပ်လိပ်ရတာ။ အဲဒါ အဘိုးက အဲဒီဆေးလိပ်ခုံကို သွားလည်ရင်းနဲ့ အသွားကို လူပျိုလှည့်တာ။ သွားတော့လည်း ရိုးရိုးမသွားဘူး။ တကယ့် သူဌေးကြီးပုံစံနဲ့ ’’

’’ အဲဒါနဲ့ ရှင့်အသွားက ကြိုက်သွားရောလား ’’
’’ လွယ်လွယ်နဲ့တော့ ဘယ်ရမလဲ။ ဒါနဲ့ အဘိုးက အဲဒီဆေးလိပ်ခုံက ထွက်သမျှဆေးပေါ့လိပ်အားလုံးကို သူတစ်ယောက်တည်း ဒိုင်ခံဝယ်ပစ်လိုက်တယ်။ အဲဒါမျိုး လေးငါးခါလောက် ပိုက်ဆံပုံအောပြီး သုံးလိုက်တော့ အားလုံးက မျက်လုံးပြူးသွားတာပေါ့။ ကျွန်တော့်အဘိုးကိုလည်း တကယ့်ရောမသူဌေးကြီးလို့ ဆေးလိပ်ခုံတစ်ခုလုံးက ထင်သွားကြတယ်။ ဒါနဲ့ အသွားကို ဝိုင်းနားချပြီး အဘိုးနဲ့ လက်ထပ်ပေးလိုက်ကြတာပဲ ’’

MMCYBERMEDIA
community for all

ကက်သရင်းက နားမလည်ဟန်ဖြင့်. . .

'' ဟင်. . .ရှင်ပြောတော့ ဉာဏ်ကောင်းတာဆို ''
'' ဟုတ်တယ်လေ. . .။ တကယ်တော့ ကျွန်တော့်အဘိုးက ချမ်းသာတာ မဟုတ်ဘူး။ သူ ဝယ်သွားတဲ့ ဆေးလိပ်တွေအားလုံးကို တံဆိပ်တွေခွာပစ်ပြီး တခြားမှာ တိတ်တိတ်ကလေး သွားပြန်ရောင်းစား လိုက်တာ။ တံဆိပ်ပတ် စက္ကူဖိုးပဲ သူကုန်တာလေ ''

'' ဟင်. . .အဲဒီလိုကြီးလား ''

နရစိုးက ပြုံးလိုက်ပြီး. . .

''အဲဒါကြောင့် ပြောတာပေါ့။ ကျွန်တော်က အဘိုးကို မမီပါဘူးလို့။ အင်း. . .နောက်ပြီး ကျွန်တော် ချစ်နေတဲ့ မိန်းကလေးကလည်း ဆေးလိပ်ခုံက မဟုတ်တော့ ခက်နေတယ်ဗျာ။ နို့မို့ဆိုရင် အဘိုးရဲ့နည်းကို ကျွန်တော် သုံးပါတယ် ''

ထိုသို့ပြောပြီး ကက်သရင်းနှင်းဆီကို ကြာမြင့်စွာ စိုက်ငေးကြည့်နေသည်။
ကက်သရင်း ရင်တွေခုန်လာ၏။
ထိုတစ်ခဏတွင် နရစိုးက သူမကို ချစ်ရေးဆို စကားပြောတော့မည်ဟု သူမစိတ်ထဲက ထင်လိုက်သည်။

. . . . . . . . .

သူ. . .သူ. . .ဘယ်လိုများ ပြောလာလေမလဲ. . .။

သို့သော် နရစိုးက ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ချာခနဲ လှည့်ပြန်သွားလေသည်။

MMCYBERMEDIA
community for all

အခန်း(၁၅)

ဝတ်မှုန်က ကက်သရင်း၏နာမည်ကို ကျယ်လောင် ကျယ်လောင် အော်ခေါ်ရင်း အိပ်ခန်းထဲအထိဖွတ်ခနဲ ဝင်လာသည်။ ခုတင်ပေါ်တွင် စာဖတ်နေသည့် ကက်သရင်းကို တွေ့လိုက်သည်နှင့်. . .

'' ကက်သရင်း ဘယ်လိုလဲ ဟိုကိစ္စ. . . ''
'' ဘာကိစ္စလဲ ဝတ်မှုန်ရဲ့။ ရှင်ပြောတာက အစမရှိ အဆုံးမရှိ ''
'' ဟိုဟာလေ. . .။ ကိုနရစိုးကို ငါနဲ့ အင်တာဗျူးလုပ်ဖို့ ပြောပြီး ပြီလားလို့ ''

ထိုစကားကြောင့် ကက်သရင်း၏ မျက်နှာလေးက ချစ်စဖွယ်ရှုံ့မဲ့သွားပြီး. . .

'' ဝတ်မှုန်ရယ်. . .။ ရှင့်ကိစ္စ အသာထားစမ်းပါဦး။ ကျုပ်မှာ အဲဒီလူ လျှောက်လုပ်သမျှ ခေါင်းနောက်ရလွန်းလို့ ''
ဝတ်မှုန်က ရယ်လိုက်ပြီး. . .

' ဘာတွေ လျှောက်လုပ်လို့လဲ ကက်သရင်းရဲ့။ ပြောစမ်းပါဦး။ ဘာလဲ. . .သူက ညည်းကို ရည်းစားစကား ပြောပြီလား။ ဟီ. . .ဟီ. . . ''
'' မပြောပေါင်တော်. . .။ ကိုယ်တော်မြတ်က ဝေ့လည်ကြောင်ပတ်နဲ့ ''
ကက်သရင်းက စိတ်တိုတိုနှင့် ပြောလိုက်၏။ ဝတ်မှုန်က. . .

'' ဒါများ ဘာခက်လို့လဲ မိကက်သရင်းရယ်။ သူက မပြောရင် ညည်းကပဲ စပြီး ပြောလိုက်ပေါ့။ ဟဲ. . .ဟဲ. . . ''
'' အောင်မာ. . .အောင်မာ. . .ကောင်မစုတ်နော် ''
ကက်သရင်းက ခေါင်းအုံးဖြင့် လှမ်းပေါက်ဖို့ ရွယ်လိုက်သည်။ ဝတ်မှုန်က လက်နှစ်ဖက်ယှက်ကာရင်း မျက်နှာကို တစ်ဘက်သို့လှည့်ထားလိုက်၏။ အဲသည်မှာပင် သူမ၏ မျက်လုံးအစုံက စားပွဲပေါ်တင်ထားသော နရစိုး၏ စာအုပ်ဆီသို့ အကြည့်ရောက်သွားလေသည်။

'' အောင်မယ်. . .'လက်ဆောင်နှင့် အဓိပ္ပာယ်' ဆိုပါလား။ အလဲ့ ကိုနရစိုး စာအုပ်ပဲ။ ညည်းကို အပိုင်ပေးထားတာလား ''
'' ငှားထားတာပါ ''
ဝတ်မှုန်က ခြေမြန်လက်မြန်ဖြင့် စာအုပ်ကို ဆွဲယူလိုက်ပြီး ကက်သရင်းဘေးမှာ ဝင်ထိုင်သည်။
ထင်သည့်အတိုင်းပင်။ ဝတ်မှုန်က (L)အက္ခရာစဉ်မှ ချစ်သူ့လက်ဆောင် (Lover's Gift) ဆိုသော အခန်းကို စလှန်၏။ ထို့နောက်. . .

'' အမယ်. . .မဆိုးဘူးနော်။ အသုံးတည့်မှာဟ။ ဒီမှာကြည့်စမ်း ကွယ်ရာမှာ သစ္စာမဖောက်နဲ့နော်. . . လို့ ပြောချင်ရင် မိန်းကလေးက ယောက်ျားလေးကို သော့ချိတ်ကလေး လက်ဆောင်ပေးရတယ်တဲ့။ ယောက်ျားလေး ကတော့ မိန်းကလေးကို ကြည့်မှန်သေးသေးလေးတစ်ချပ် ပေးရတယ်တဲ့ ''

'' ကောင်းတယ်. . .ကောင်းတယ်။ နင့်ရည်းစား သော်မိုယ်းခန့် ဆိုတဲ့လူကို သော့ချိတ်တစ်ဒါဇင်လောက် ဝယ်ပြီး ပေးလိုက် ''

ဝတ်မှုန်ကတော့ ရယ်ကျဲကျဲနှင့်ပင်။

MMCYBERMEDIA
community for all

“ ဒီမှာ ပါသေးတယ်ဟ. . .။ လက်ထပ်ချင်ပါပြီ ဆိုတဲ့အဓိပ္ပာယ်နဲ့ဆိုရင် ယောကျာ်းလေးက မိန်းကလေးကို လက်စွပ်တစ်ကွင်း လက်ဆောင်ပေးရမယ်တဲ့။ မိန်းကလေးကတော့ ယောကျာ်းလေးကို လက်ပတ်နာရီ လက်ဆောင် ပေးရတယ်ဆိုပဲ ”

“ လမ်းဘေးမှာ ပလတ်စတစ်နာရီတွေ ဈေးပေါပါတယ်ဟာ. . .။ တစ်လုံးလောက်ဝယ်ပြီး နင်နဲ့ Chat Room ထဲမှာ ရည်းစားဖြစ်နေတဲ့ မာဂျေဆိုတဲ့ လူကြီးကို ပေးလိုက်ပါလား ”

ကက်သရင်းက ပေါက်ကရတွေပြောနေသလောက် ဝတ်မှုန်ကတော့ တကယ်ပင် စိတ်ဝင်တစား ဆက်ဖတ်နေလေသည်။
“ ကိုယ့်ကို သစ္စာမဲ့တယ်လို့ အထင်မလွဲပါနဲ့ လို့ တောင်းပန်ချင်ရင် ယောကျာ်းလေးက မိန်းကလေးကို နှုတ်ခမ်းနီဆိုးဆေး လက်ဆောင်ပေးရမယ်တဲ့။ မိန်းကလေးကတော့ ယောကျာ်းလေးကိုအကျီအဝတ်အစား ပေးရမယ်ဆိုပဲ။ နောက်ပြီးတော့ တို့နှစ်ယောက်အချစ် တည်တံ့ခိုင်မြဲပါစေ ဆိုတဲ့ အဓိပ္ပာယ်ဆိုရင် ယောကျာ်းလေးက မိန်းကလေးကို ဖဲကြိုးလှလှချည်ထားတဲ့ ပန်းစည်းပေးရပြီးတော့ မိန်းကလေးကတော့ ယောကျာ်းလေးကို ချောကလက်ဘူး လက်ဆောင်ပေးရတယ်တဲ့ ”

“ အင်း. . .ချောကလက်အပေါ်စားတွေတော့ ဝယ်မကျွေးမိစေနဲ့ပေါ့ ဝတ်မှုန်ရယ်။ အဲဒါတွေ
စားလို့ ရင်ကျပ်ပြီး ရောသွားရင် အချစ်တည်တံ့ခိုင်မြဲနိုင်တော့မှာ မဟုတ်ဘူးဟ ”
ဝတ်မှုန်က ကက်သရင်းဘက်သို့လှည့်ပြီး မျက်စောင်းထိုးသည်။ ထို့နောက် စာမျက်နှာ ညာဘက်ထောင့်စွန်းဆီသို့ အကြည့်ရောက်သွားရာမှ အလန့်တကြား ထအော်၏။

“ ဟော. . .တွေ့ပြီ. . .တွေ့ပြီ။ ငါရှာနေတာ တွေ့ပြီ ”
“ ဘာလဲဟ. . . ”
ဝတ်မှုန်က စပ်ဖြဲဖြဲမျက်နှာဖြင့်. . .
“ နင့်အတွက်ပါဟာ. . .ဟဲ. . . ဟဲ။ သြော်. . .မဟုတ်ဘူး။ ကိုနရစိုးအတွက်လို့ ပြောမှ ပိုပြီးမှန်မယ်။ ဟီ. . .ဟီ ”
“ ဝတ်မှုန်စုတ်မနော်. . .ပေါက်ကရတွေ ”
“ အကောင်းပြောတာဟ။ ဒီမှာကြည့်လေ. . .။ ယောကျာ်းလေးက ကိုချစ်နေတဲ့မိန်းကလေးကို ဖွင့်ပြောဖို့ မဝံ့မရဲဖြစ်နေရင် ပေးရမယ့်လက်ဆောင်က အမွှေးပွပွ ဝက်ဝံရုပ်ကလေး တဲ့။ သိလား. . . ဟဲ. . .ဟဲ. . .။ငါ့စိတ်ထင်ပြောရရင် ကိုနရစိုးက နင့်ကိုပေးဖို့ ဝက်ဝံရုပ် လိုက်ရှာဝယ်နေတာ မတွေ့သေးလို့ ဖြစ်မယ်ထင်တယ်နော် ”

ကက်သရင်းက ဝတ်မှုန်၏ လက်မောင်းကို လိမ်ဆွဲပစ်လိုက်သည်။ ဝတ်မှုန်က. . .

‘ အား. . .နာလိုက်တာ ”
“ မှတ်ထားလေ. . . ပြောချင်ဦး ”
“ ပြောမှာ ပြောဦးမှာ. . .။ ဘာမှ ရှက်ချင်ယောင်ဆောင်မနေနဲ့ မိကက်သရင်း၊ ဟောဒီမှာ နင်ပေးရမယ့် လက်ဆောင်ကို ငါဖတ်ပြဦးမယ်။ မိန်းကလေးကစပြီး ကိုယ်ချစ်နေတဲ့အကြောင်း ယောကျာ်းလေးကို သိစေချင်ရင် ပေးရမယ့်လက်ဆောင်က ရေမွှေးပုလင်းတဲ့ ကက်သရင်းရဲ့ ။ နင်ကော ယောကျာ်းသုံးရေမွှေးပုလင်း ဝယ်ထားပြီးပြီလား ”

ကက်သရင်းက သူမ၏ နားရွက်များကို လက်နှစ်ဖက်ဖြင့် ပိတ်ထားရင်း မျက်စိမှိတ်ကာ. . .

“ မသိဘူး. . .မသိဘူး. . .။ လာမပြောနဲ့. . .သွား ”
ဟု အတင်းငြင်းဆန်နေသည်။
ထိုသို့ မျက်စေ့ကော၊ နားပါ ပိတ်ထားရင်း ‘မသိဘူး’ ဟုငြင်းဆန်နေသည့် အချိန်ကာလကလေးအတွင်းမှာပင် သူမ၏ စိတ်အသိက နရစိုး၏မျက်နှာ၊ နရစိုး၏အပြုံးကို ဖျတ်ခနဲ တမ်းတမ်းတတ မြင်ယောင်မိလေသည်။

လူတွင် တိရစ္ဆာန်ထက် ညံ့ဖျင်းသော အရည်အချင်းတစ်ခုရှိသည်ဆိုပါလျှင် ထိုအရည်အချင်းသည် ‘သတိရ တမ်းတတတ်ခြင်း’ ပင်ဖြစ်ပေလိမ့်မည်။

MMCYBERMEDIA
community for all

အခန်း(၁၆)

'' ကိုမောင်ညွှက်. . .။ ကိုမောင်ညွှက်. . .ရှိလား ''
ဆန်နီက တဲစုတ်တစ်လုံးသာသာမျှ ရှိသော ခနော်နီခနော်နဲ့ အိမ်ခန်းလေးရှေ့မှ ရပ်ပြီး အော်ခေါ်လိုက်သည်။

'' ဟေး. . .ရှိတယ်။ ဘယ်သူလဲကွ ''
ထိုင်းမှိုင်းလေးကန်သော ပြန်ထူးသံနှင့်အတူ ထရံကာထားသောအခန်းထဲမှ ကိုမောင်ညွှက် ထွက်လာသည်။ သူ့ကိုယ်ပေါ်တွင် အင်္ကျီမရှိ။ လုံချည်စုတ်တစ်ထည်ကိုသာ ရင်ခေါင်းအထိ မြင့်ပြီးဝတ်ထား၏။ လုံချည်က အရောင်လွင့်ပြီး ရိဆွေးနေလေရာ ရေလဲပိုင်းပုဆိုးနှင့် တူနေသည်။

'' ဟ. . .ဆန်နီပါလား။ ဘယ်ကဘယ်လို ရောက်လာတာလဲ ''

'' ခင်ဗျားဆီ တမင်လာတာပဲ။ မနေ့ကလည်း လာသေးတယ်။ ခင်ဗျား မူးပြီးအိပ်နေတယ်ဆိုလို့ ပြန်သွားရတာ ''

ကိုမောင်ညွှက်က အဝတ်ကြိုးတန်းပေါ်မှ စွပ်ကျယ်တစ်ထည်ကို ယူဝတ်လိုက်ရင်း. . .

'' မင်းလာတာ အတော်ပဲကွာ။ လာ. . .အရက်ဆိုင် သွားရအောင်။ ငါ့မှာတော့ မရှိဘူးနော်။မင်းပဲ ဒကာခံရမှာ ''
'' ဒကာခံတာက ဖြစ်ပါတယ်။ဒါပေမဲ့ အစောကြီးရှိသေးတယ်။ ညနေတောင် မရောက်သေးဘူး ချတော့မလို့လား ''
'' ဟ. . .အခု ညနေ ရောက်နေပြီလေကွာ ''
ဆန်နီက ဇဝေဇဝါဖြင့် သူ့လက်မှ နာရီကို ပြန်ငုံ့ကြည့်ရင်း. . .

'' နှစ်နာရီခွဲပဲ ရှိပါသေးတယ် ကိုမောင်ညွှက်ရ ''
'' ဟ. . .အဲဒါ ညနေပေါ့ကွာ ''
'' တောက်တီးတောက်တဲ့ဗျာ. . .။ ညနေဆိုတာ ငါးနာရီကျော်မှစတာ မဟုတ်လားဗျ ''

ကိုမောင်ညွှက်က ခေါင်းခါသည်။ ထို့နောက် သူက ဆန်နီကို သနားစရာကောင်းသော သတ္တဝါလေးတစ်ကောင်ကို ကြည့်သည့်အကြည့်မျိုးဖြင့် ကြည့်လိုက်ပြီး. . .

'' မသေမချင်းမှတ်ထား မောင်ဆန်နီ၊ ညနေဆိုတာ နှစ်နာရီခွဲမှာ စတယ်ကွ ''
ဆန်နီက လက်ပတ်နာရီကို သေချာအောင် ထပ်ငုံ့ကြည့်ပြီး. . .

'' ခုနက ကျွန်တော် အကြည့်မှားသွားတာဗျို့။ တကယ်တော့ အခုမှ နှစ်နာရီနဲ့ ဆယ်မိနစ်ပဲရှိတာ ''
'' မင်းကလည်း လောလိုက်တာ။ ငါပြောတာ ဆုံးအောင်နားထောင်ပါဦး ဆန်နီရ။ ဆောင်းတွင်းမှာ ညနေဟာ နှစ်နာရီခွဲမှာ စပေမဲ့လို့ ဟော. . .အခုလိုနွေရာသီကျတော့ နေ့တာရှည်တဲ့အတွက် ညနေဟာ နှစ်နာရီဆယ်မိနစ်ကတည်းက စတယ်ကွ ''

ကိုမောင်ညွှက်၏ ဆင်ခြေကြောင့် ဆန်နီက ခေါင်းကို ကုတ်လိုက်ရင်း. . .

' ဒါဖြင့်လည်း ပြီးရောဗျာ။ ကဲ. . .လာ သွားစို့ ''
တစ်ယောက်နှစ်ခွက်စီခန့်သောက်ပြီးကြသောအခါ ဆန်နီက

MMCYBERMEDIA
community for all

'' ကိုမောင်ညှက် ခင်ဗျားက အရက်တော့ တော်တော်ကြိုက်ပုံရတယ်နော် ''
သူ့စကားကြောင့် ကိုမောင်ညှက်က ခေါင်းကို ခါယမ်းပြီး. . .

'' ငါက အရက်မကြိုက်ပါဘူး ဆန်နီရာ။ စိတ်ညစ်လို့ သောက်နေရတာကွ ''
'' ဘယ်လို. . .။ ခင်ဗျားက ဘာတွေများ စိတ်ညစ်နေရလို့လဲ ''
ကိုမောင်ညှက်က အရက်ကို မော့ချလိုက်ရင်း သက်ပြင်းရှည်ကြီးချကာ. . .

'' ငါ့မိန်းမကြောင့်ပေါ့ကွာ။ ငါ့မိန်းမက အိမ်ထောင်မှုလည်းမနိုင်ဘူး၊ စည်းကမ်းလည်း မရှိဘူးကွ ဆန်နီရ၊ မနေ့ကပဲကြည့်လေ. . .။ ထင်းခွဲဖို့ ဓါးမ လိုချင်လို့ ငါလိုက်ရှာတော့ ထရံကြားထဲ ညှပ်ထားနေကျ နေရာမှာ မတွေ့ဘူး။ စဉ်းတီတုံးနားချထားတာ သွားတွေ့တယ်။ ကဲ. . .ကြည့်စမ်း။ ဘယ်လောက် စည်းကမ်းမရှိ လိုက်တဲ့ မိန်းမလဲကွာ. . .။ မတော်တဆ ကလေးတွေ ယူကိုင်မိလို့ လက်တွေဘာတွေ ရှကုန်ရင် မခက်ပေဘူးလား။ ဆေးဖိုးက ကုန်ဦးမယ်။ ဟူး. . .ခက်တယ်ကွာ. . .ခက်တယ်။ ဒါနဲ့ ငါလည်း စိတ်ညစ်ညစ်နဲ့ အရက်ပဲ မူးအောင်သောက်ပြီး အိပ်ပစ်လိုက်တော့တာပဲ ''

သူ အရက်သောက်ရသည့် အကြောင်းပြချက်က အံ့မခန်းပင်။ ဆန်နီ့ခင်ဗျာ ပါးစပ်အဟောင်းသားဖြင့် ငေးကြောင်ကြည့်နေရာမှ. . .

'' ဒါဖြင့် ဒီနေ့ကျကော ဘာဖြစ်လို့သောက်တာလဲ ''
'' မနက်က ငါ့မိန်းမလုပ်ပုံကို မင်း မသိသေးလို့ကွ။ ငါးပိရည်ဖျော်ရင် ငရုတ်သီးမှုန့်ကို တစ်ဇွန်းပဲထည့်ပါလို့ ငါပြောထားရဲ့သားနဲ့ ဒီနေ့မနက် ထမင်းစားမယ်လုပ်တော့ ငါးပိရည်ထဲကို ငရုတ်သီးမှုန့် နှစ်ဇွန်းတောင် ထည့်တယ်ကွာ။ ကြည့်စမ်း. . .။ ဒါ သက်သက်မဲ့ ဖြုန်းတီးတာ။ အဲဒီလို မီးဖိုချောင်မလုံတော့ ငါ ပိုက်ဆံရှာတာ ဘယ်အဖတ်တင်မှာလဲ။ စိတ်ညစ်တယ်ကွာ. . .။ ဟူး. . .အရက်သောက်တာပဲ ကောင်းတယ်။ ငှဲ့ဦးကွာ တစ်ခွက် ''

ဆန်နီက အရက်တစ်ခွက် ထပ်ငှဲ့ပေးလိုက်သည်။ ကိုမောင်ညှက်၏ ဆင်ခြေတွေက ကြောက်ခမန်းလိလိပင် မဟုတ်ပါလား။

သူ့မိန်းမက ဓားမကြီးကို နေရာတကျ မထားသဖြင့် စိတ်သောက ရောက်ရသည်။ ထို့ကြောင့် အရက်သောက်သည်။ ငါးပိရည်ထဲကို ငရုတ်သီးမှုန့်နှစ်ဇွန်းတောင်ထည့်သဖြင့် သူ စိတ်ညစ်သည်။ ထို့ကြောင့် အရက်သောက်ရပြန်သည်။ ကိုမောင်ညှက်၏ ပညာဉာဏ်ကား အတုလံ အတုမရှိ။

ဆန်နီက ဝက်ခေါင်းသုပ်အမြည်းကို တစ်ဇွန်းခပ်၍ ဝါးရင်း. . .

''ဒီမှာ. . .ကိုမောင်ညှက် စီးပွားရေးအတွက်တော့ မပူပါနဲ့တော့။ ခင်ဗျားအလုပ်အကိုင် ရအောင် ကျွန်တော် ပြောပေးထားတယ်''
'' ဟင်. . .တကယ်လား ဆန်နီ ''
'' တကယ်ပေါ့ဗျ။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ရှိတယ်။ တော်တော် ချမ်းသာတယ်ဗျ။ အခု သူက ရုပ်ရှင်လုပ်ငန်း လုပ်ချင်လို့တဲ့။ ဒါရိုက်တာတွေ ဘာတွေတောင် ငှားပြီးနေပြီ။ ဇာတ်လမ်းတောင် ဆင်ဆာကျနေပြီလို့ ပြောတာပဲ။ မင်းသား ရှာမတွေ့သေးလို့ တို့လို့တန်းလန်းဖြစ် နေတယ် ''

ကိုမောင်ညှက်က. . .

'' အဲဒါ ငါက ဘာတတ်နိုင်မှာတုန်းကွ။ မင်းကို ငါ ပြောပြီးပါပကော၊ ငါက လက်တိုလက်တောင်း ခိုင်းတာ ပြုတာလောက်ပဲ လုပ်တတ်တာပါဆို ''

'' သိပါတယ်ဗျ။ ကျွန်တော့်ကလည်း ခင်ဗျားကို အဲဒီအလုပ်လောက်ပဲ ရဖို့ ပြောပေးထားတာပါ။ သူ့ဌေးခိုင်းချင်တာ

MMCYBERMEDIA
community for all

ခိုင်းရအောင်ပေါ့ ''
'' အေး. . .ဒါဆိုရင်တော့ ဖြစ်ပြီကွ ''
ကိုမောင်ညှက် အားရဝမ်းသာဖြင့် ခေါင်းညိတ်သည်။ ဆန်နီက. . .
'' အဲဒီသူဌေးနဲ့ တွေ့ကြည့်ဦးလေ။ သူ ဘာခိုင်းဦးလဲ မပြောတတ်ဘူး။ ဒီမှာ ကိုမောင်ညှက်။ အဲဒီသူဌေးခိုင်းတာသာ ဖြစ်အောင်လုပ်ပေးလိုက်ဗျာ။ သူ့ဆီမှာ အလုပ်မြဲသွားရင် ခင်ဗျားဘဝ ဖူလုံပြီဗျ။ အဲဒီလူက အပေးအကမ်း သိပ်ရက်ရောတာ ''

'' စိတ်ချ ဆန်နီ၊ စိတ်သာချကွာ ''
ကိုမောင်ညှက်က အာလေးလျှာလေးသံကြီးဖြင့် ကတိပေးပြီး အရက်ခွက်ထဲသို့ ငရုတ်ကောင်းမှုန့်တွေ ဖြူးနေ၏။

'' ဟာ. . .ဟေ့လူ ဘာလို့ အရက်ထဲကို ငရုတ်ကောင်းမှုန့်တွေ ထည့်နေရတာလဲ ''
'' ဟေ. . .ဟုတ်လား။ ငါက ဟင်းချိုအောက်မေ့လို့. . .။ မထူးပါဘူးကွာ. . .ဗိုက်ထဲရောက်တော့လည်း အကုန်ရောသွားမှာပဲ ဥစ္စာ ''
'' ဒါလည်း ဟုတ်တာပဲ. . .။ ထည့်ဗျာ အကုန်သာရောထည့် ''
ဆန်နီနှင့် ကိုမောင်ညှက်တို့နှစ်ယောက်သား ဟင်းချိုထဲ အရက်တွေ လောင်းထည့်လိုထည့်၊ ငရုတ်ဆီနှင့် ရေခဲတုံး ရောမွှေလို့မွှေနှင့် ဖြစ်ချင်တိုင်း ဖြစ်နေကြ၏။

ကိစ္စကပြီးသလောက်ရှိနေပြီဟု ဆန်နီ တွေးလိုက်၏။ ကိုမောင်ညှက်ကို ရဲတင့်နှင့် တွေ့အောင် ဆုံပေးဖို့သာ ကျန်တော့သည်။

ဆန်နီက အများသုံးတယ်လီဖုန်းတစ်ခုမှနေပြီး ရဲတင့်၏ G.S.M ဖုန်းကို လှမ်းခေါ်လိုက်သည်။
'' ဟဲလို. . . ''
ရဲတင့်၏ ထူးသံကို ကြားရ၏။ ထို့ကြောင့် ဆန်နီက. . .
'' ဟဲလို. . .လင်းယုန်လား ''

တစ်ဘက်မှ ကြောင်အအဖြင့် ခဏမျှ အသံတိတ်နေ၏။ ပြီးမှ. . .

''အင်း. . .ဟုတ်တယ် လင်းရုံလေးပဲ။ မီးအားတော်တော်ကျနေတယ်။ ဘာဖြစ်လို့လဲ. . .မီးအားမြင့်စက် ရောင်းချင်လို့လားဟင်''
'' ဟာ. . .ဒုက္ခပဲ လင်းယုန်လား။ ငါ. . .ကျားပါကွ ''
'' ဘာပြောတယ် ''
ရဲတင့်ကတော့ ထုံးစံအတိုင်း ထူပေပေဖြစ်နေပြန်လေပြီ။ ဆန်နီက ဒေါသဖြင့်. . .

' ဟေ့ကောင် ကျားပါကွ၊ ကျားလေကွာ. . .။ မသိတော့ဘူးလား ''
' ကြားတယ်ဟေ့. . .ကြားတယ်. . .။ ဘာလို့ အတင်းစွတ်ပြီး ကြားပါ. . .ကြားပါနဲ့ ကြားခိုင်းနေရတာလဲ။ မင်းအသံကို ကြားလို့ပဲ ငါ ပြန်ပြောနေတယ်လေကွာ ''

ဆန်နီက ပိုဒေါကန်သွားပြီး ပျစ်ပျစ်နှစ်နှစ်ဆဲထည့်လိုက်သည်။
ထို့နောက်. . .

'' ဟေ့ကောင် ရဲတင့် ငတုံး၊ မင်းပဲ ဖုန်းထဲမှာ စကားဝှက်နဲ့ပြောဆို. . .။ ငါ ဆန်နီကွ ''
'' ဟေ. . .ဆန်နီလား။ ဒါဖြင့်. . .စောစောက ပြောတာကျတော့ တစ်မျိုးပါလား ''
'' ဘယ်က စောစောဆိုတဲ့ မိန်းမပါလာပြန်တာလဲ။ စကားဝှက်ထဲမှာပါတာ မင်းက 'လင်းယုန်' ငါက 'ကျား'။ ဒါပဲလေ. . . ''

'' အေးပါ. . .ဆန်နီရာ။ ရုတ်တရက်ဆိုတော့ ငါမေ့သွားလို့ပါကွာ။ ဟား. . .ဟား. . .ဟီး. . .ဟီ. . .ဟစ်ဟစ် ''
'' ဟေ့ကောင် ရဲတင့်။ မင်း ဝက်ရူးပြန်ပြီး တက်နေတာလား ''

MMCYBERMEDIA
community for all

ဆန်နီက ရဲတင့်အသံကို ရယ်သံဟု မထင်၊ မချိမဆန့် အကြောဆွဲပြီး တက်သည့်လည်ချောင်းသံဟုထင်ပြီး မေး၏။ ရဲတင့်က..
'' ဟာ. . .မဟုတ်ပါဘူးကွာ။ ကဲ. . .တော်ပြီတော်ပြီ ဒါတွေသာရှင်းနေရင် လိုရင်းရောက်တော့မှာ မဟုတ်ဘူး။ အစကပြောတဲ့ ဥစ္စာဘာလဲ ''
'' ဟဲလိုလို့ ပြောလိုက်တယ်လေ ''
'' ဟာ. . .ငါလခွေး၊ အခု မင်း ဖုန်းဆက်ရတဲ့အကြောင်းကို မေးတာ ဆန်နီရ ''

ထိုအခါကျမှပင် ဆန်နီက. . .

'' ကိုမောင်ညွှက်ကို မင်းနဲ့ တွေ့ပေးဖို့ ငါ ချိန်းခဲ့ပြီးပြီ ရဲတင့် ''
'' ဟေ. . .ဟုတ်လား ''
''လာမယ့် တနင်္လာနေ့ကျရင် ဆုံမယ်လို့ သူ့ကို ငါပြောထားတယ်။ အဲဒီနေ့ကျရင် မင်းက ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်ပုံစံနဲ့ သူ့ကို အလုပ်ခန့်မယ်လို့ပြော၊ ပြီးရင် မင်းဇာတ်ကားအတွက် နရစိုးကို ငှားချင်တဲ့အကြောင်း စကားစပေးပြီးတော့ ဘာဖြစ်လို့ အဲဒီမင်းသားဟာ ရုပ်ရှင်မရိုက်တော့သလဲ။ ဘယ်လို နာမည်ပျက် ရှိဘူးသလဲဆိုတာကို မေးပေတော့။ သိလား. . .''

'' ဟုတ်ပြီ. . .ဟုတ်ပြီ။ ဟိုလူကလည်း ငွေဆီက အလုပ်လိုချင်တာနဲ့ နရစိုးအကြောင်း အိတ်သွန်ဖာမှောက် ပြောမယ်ဆိုပါတော့''

ရဲတင့်၏ အသံက ဝမ်းသာအားရ ဖြစ်နေ၏။ ဆန်နီကတော့ ချင့်ချင့်ချိန်ချိန်ဖြင့်. . .

''သိပ်လည်း အူမြူးမနေနဲ့ဦး ရဲတင့်။ နရစိုးမှာ လူမှုရေးဖောက်ပြန်မှုရှိသလားဆိုတာ ငါတို့ရဲ့တစ်ဖက်သတ်အတွေးပဲ ရှိသေးတာ။ တကယ်လို့ အဲဒီကောင်ဟာ ငါတို့ထင်သလို မဟုတ်ဘဲ ဘာအပြစ်မှ မရှိတဲ့လူကောင်းတစ်ယောက် ဖြစ်နေရင်ကော မင်း ဘာဆက်လုပ်မလဲ ရဲတင့် ''

ဆန်နီသတိပေးစကားကြောင့် ရဲတင့် ငိုင်ကျသွား၏ အတန်ကြာအောင် စဉ်းစားနေပြီးမှ ရဲတင့်က မချိတင်ကဲ လေသံဖြင့်. . .

'' ဘာပဲဖြစ်ဖြစ်ကွာ. . .ငါတော့ အဲဒီနရစိုးဆိုတဲ့ကောင်ကို မှတ်လောက်သားလောက်အောင် လက်စားချေချင်တယ်။ ဒီကောင် အကြီးအကျယ် ဒုက္ခရောက်အောင် တစ်ခုခုလုပ်ရမှ ငါ ကျေနပ်မယ် ဆန်နီ။

ငါလေ ဒီကောင့်ကို ဘတ်စ်ကားပေါ်မှာ တွေ့ရင် ခြေထောက်ကို တက်နင်းပစ်မယ်ကွာ။ စက္ကူစရှည်ရှည်ကို ကော်သုတ်ပြီး ဒီကောင့်အလစ်မှာ ဖင်ကို အမြီးတပ်မယ်ကွာ။ ဒီကောင် လမ်းလျှောက်သွားနေတုန်း တိုက်ခန်းဝရံတာကနေ ကွမ်းတံတွေး ထွေးချပြီး ပုန်းနေမယ်ကွာ။ ဒီကောင်ထိုင်မယ့် ထိုင်ခုံပေါ်မှာ ခွေးလေ့ယားသီးအမှုန့်တွေ ဖြူးထားမယ်ကွာ။

ရဲတင့်. . .တဲ့ကွ။ ဘာမှတ်သလဲ ဟင်း. . .။ အိုကွာ. . . ကုန်ကုန်ပြောရရင် ဤစာကို ခုနစ်စောင် ကူး၍ ဝေငှပါ။ မဝေလျှင် အိမ်ကိုမီးလောင်မည်။ ခွေးရူးကိုက်ခံရမည်။ စီးပွားပျက်ပြီး ကာလနာတိုက်မည် ဆိုတဲ့ ဘုန်းကြီးအိမ်မက်စာမျိုးတွေရေးပြီး ဒီကောင့်အိမ်လိပ်စာနဲ့ တစ်နေ့တစ်စောင်ထည့်မယ်။ ဟင်း. . .ဟင်း. . .။ ငါ စိတ်သိပ်ကြီးတာ မင်းသိတယ်နော် ဆန်နီ ''

'' ဘာလို့ ဒီလောက်တောင် ရက်စက်ချင်ရတာလဲ သူငယ်ချင်းရာ။ ငါတောင် ကြက်သီးထလာပြီ ''
'' ဘာလဲ. . .ဆန်နီ။ ကြောက်သွားလို့လား ''
'' ဟင့်အင်း. . . ရှုံးရှုံးပေါက်ချင်လို့ ''

# အခန်း(၁၇)

မြောက်လေ နိုးပါ။ တောင်လေ လာပါ။
ငါ့ဥယျာဉ်အပေါ်သို့ လာကြပါ။ မွှေးကြိုင်သော
ရနံ့သည် ပျံ့လွှင့်ပါစေ။ ငါ ချစ်သော သခင်သည်
ဥယျာဉ်တော်သို့ ဝင်၍၊ ချိုသောအသီးကို
စားတော်မူပါစေ။
သခင် နှုတ်ဆက်သော နမ်းခြင်းဖြင့် ကျွန်မကို
နမ်းပါစေ။

ကက်သရင်းက နရစိုး၏ တယ်လီဖုန်းနံပါတ်ကို နှိပ်နေစဉ်မှာပင် ခိုလှုံစရာ တံခါးတစ်ချပ်ကို ခေါက်၍ ဝင်ခွင့်တောင်းခံနေရသူ တစ်ယောက်လို ခံစားမိ၏။ ချစ်သူ ငါ့အတွက် သင့်ထံပါးမှာ. . . ခိုလှုံစရာနေရာ ရှိပါရဲ့လား။ အခုပင် အိမ်တော်အခန်းကို ပြင်ပါလော့။ နွေဦး မလွန်ခင် ငါ့ကို နှုတ်ယူပါလော့။

'' ဟဲလို. . .ကိုနရစိုးလား။ ကျွန်မပါ ''
'' ပထမဆုံး ဟဲလို. . .ဆိုတဲ့အသံကို ကြားကြားချင်းမှာပဲ မနှင်းဆီမှန်း ကျွန်တော် သိလိုက်ပါတယ် ''
သူ့စကားကြောင့် သူမ ပြုံးမိ၏။ ထို့နောက် သူမက. . .

'' ကိုနရစိုး မနက်ဖြန် ကျွန်မ မွေးနေ့လေ။ မေလ(၁)ရက်နေ့ ''
'' ဒါဆို မေဒေးပေါ့။ ပင်လယ်ထဲ သင်္ဘောပျက်နေတဲ့လူတွေကတော့ မနှင်းဆီရဲ့ မွေးနေ့ကို သတိရကြမှာပဲ ''

'' ဘာဖြစ်လို့လဲ ''
''သင်္ဘောပျက်ရင် ပို့ရတဲ့ ရေဒီယိုအချက်ပေး သင်္ကေတက မေဒေး(May Day)လေ. . .။ ကယ်တော်မူကြပါလို့ အဓိပ္ပာယ်ရတယ်။ အင်း. . .ကျွန်တော်လည်း သင်္ဘောပျက်တဲ့ ဒုက္ခသည် တစ်ယောက်လိုမျိုး အဲဒီ 'မေဒေး' ကို အမြဲသတိရနေတော့မှာပဲ မနှင်းဆီ 'ကယ်တော်မူကြပါ ခင်ဗျား' ပေါ့ ''

တယ်လီဖုန်းထဲမှ 'ကယ်တော်မူကြပါခင်ဗျာ' ဟု အော်ပြသော နရစိုး၏ အသံဆိုးဆိုးရွားရွားကြောင့် ကက်သရင်း ပြုံးမိသည်။

အင်း. . .သူ့စကားက အဓိပ္ပာယ်နှစ်မျိုး ဆောင်နေသလိုပဲဟု သူမ တွေးဖြစ်၏။ ဘယ်တော့များမှ ပွင့်ပွင့်လင်းလင်းပြောတာကို ကျွန်မ ကြားခွင့်ရမှာလဲ ရှင်ရယ်။

နရစိုးက. . .

'' အဲဒါဆို ကျွန်တော် တစ်ခုလောက် ခွင့်တောင်းပါရစေ မနှင်းဆီ ''
'' ဘာလဲ. . . ပြောလေ ''

MMCYBERMEDIA
community for all

'' ကျွန်တော် မနှင်းဆီအတွက် မွေးနေ့ပွဲလေးတစ်ခုလောက် လုပ်ပေးပါရစေဗျာ ''
ကက်သရင်းက (မမြင်ရမှန်း စိတ်ကသိနေသော်လည်း) ခေါင်းကို ခါယမ်းလိုက်ပြီး. . .

''ဟင့်အင်း. . .။ ကျွန်မက မွေးနေ့ဆိုရင် ဥပုသ်စောင့်မှာ။ အဲဒါကိုနရစိုးကို ရွှေတိဂုံဘုရားလိုက်ပို့ပေးပါလို့ အကူအညီတောင်းမလို့''
'' ဗျာ. . .ဥပုသ်စောင့်မလို့ ဟုတ်လား. . .''
'' အင်းလေ. . .။ ကျွန်မက ဗုဒ္ဓဘာသာပဲ။ ဥပုသ်စောင့်တာ ဘာဆန်းလို့လဲ ''

နရစိုးက ညစ်ကပ်ကပ် ပြောချင်သောလေသံဖြင့်. . .

'' ဆိုင်တော့ မဆိုင်ဘူး ထင်ပါတယ်ဗျာ။ ဝိဓူရဇာတ်တော်ထဲမှာ နဂါးနဲ့ဂဠုန် ဥပုသ်စောင့်တဲ့ အကြောင်း ပါတယ်လေ။ နဂါးတို့ ဂဠုန်တို့က ဗုဒ္ဓဘာသာမို့လို့လား ''
'' ရှင် အဲဒီလို စကားကို ကတ်သီးကတ်ဖဲ့ပြောမယ်ဆိုရင်တော့ မနက်ဖြန် ကျွန်မကို လိုက်မပို့နဲ့တော့ ''

ကက်သရင်း စိတ်ဆိုးချင်ယောင် ဆောင်လိုက်၏။ ထိုအခါ ကျမှပင် နရစိုးကပျာပျာသလဲဖြင့်. . .

'' အာ. . . ဟိုဒင်း. . .စိတ်မဆိုးပါနဲ့ မနှင်းဆီရယ်။ အလကားသက်သက် နောက်တာပါ။ မနှင်းဆီမကြိုက်ရင် နောက် မပြောတော့ပါဘူး ''
'' ဒါဖြင့်လည်း ပြီးရော ''

' ကျွန်တော်လေ. . .ဟို. . .မွေးနေ့ပွဲ မလုပ်ရပေမဲ့ အမှတ်တရဖြစ်အောင် မနှင်းဆီကို ထမင်းကျွေးချင်တယ်။ ဒါကိုတော့ လက်ခံပါနော် ''
ကက်သရင်းက ခဏကြာအောင် စဉ်းစားနေပြီးမှ. . .

'' အင်း. . .ဖြစ်တော့ဖြစ်ပါတယ်။ ဒါပေမဲ့ ပင်လယ်စာဖြစ်ဖြစ် သတ်သတ်လွတ်ဆိုင်မှာ ဖြစ်ဖြစ် စားရင် ပိုကောင်းမယ်ထင်တယ်။ ကျွန်မက အသက်ဆယ့်ကိုးနှစ်ပြည့်တဲ့နေ့ကတည်းက စပြီး ကုန်းသတ္တဝါ ကို လုံးဝ မစားတော့ပါဘူးလို့ ရှောင်ထားတယ် ''
'' ဒါဆို ဖားသားကော စားလို့ရလားဟင် ''
'' ဘာ. . . ''
'' ဖားက ကုန်းနေရေနေ သတ္တဝါလေ မနှင်းဆီရဲ့။ တစ်ကောင်လုံးစားလို့ မရရင်တောင် တစ်ခြမ်းတော့ စားလို့ရမယ်ထင်တယ်''
'' ဟော. . .ကြည့်။ ပြောရင်းဆိုရင်း၊ ရှင် ဖောက်လာပြန်ပြီ ''
'' မဟုတ်ဘူး. . .မဟုတ်ဘူး. . .မနှင်းဆီ၊ ကျွန်တော်က စဉ်းစားမိတာလေးကို ပြောပြတာပါ။ သားကြီးငါးကြီးမစားဘူးဆိုတဲ့ အယူအဆက ပြောင်းပြန်ဖြစ်နေသလားလို့။ ဒီလိုလေ ဆိတ်တစ်ကောင်ကို သတ်စားရင် အိမ်ထောင်စု ဆယ်စုလောက်ကို ဝအောင်ကျွေးလို့ရတယ် မဟုတ်လား။ ဒါပေမဲ့ ပုဇွန်စားမယ်ဆိုရင်တော့ လူတစ်ယောက်ဗိုက်ဝဖို့အတွက်နဲ့တင် ပုဇွန်အကောင်သုံးလေးဆယ် သေရမှာပေါ့။ အကောင်သေးကို စားလေလေ သတ္တဝါများများသေလေပဲ။ တကယ်တမ်း ကျွန်တော်တို့ဟာ သတ္တဝါတွေကို သနားလို့ အသေအပျောက်နည်းစေချင်ရင် ဆင်တွေကို စားသင့်တာပေါ့နော် ''

ကက်သရင်းက စိတ်တိုတိုဖြင့် ဟောက်လိုက်ပြီး. . .

'' ရှင် ကတ်သီးကတ်ဖဲ့တွေ ပြောနေပြန်ပြီလား။ ကျွန်မ စိတ်ဆိုးလိုက်မှာနော် ''
'' အဲ. . .အဲ. . .ဆောရီး. . .ဆောရီး။ ကျွန်တော့်ပါးစပ်ကိုက အကျင့်ပါနေလို့။ ဘာတွေပြောနေမိမှန်းကို မသိဘူး။ ခက်တာပဲ. . .။ မေ့တတ်လိုက်တာနော် . . . ငါနယ် ''
'' အင်း. . .မေ့. . .မေ့ ၊ ကြပ်ကြပ်မေ့။ မနက်ဖြန်လာဖို့ပါ မေ့ပစ်လိုက်ပါလား ''

ကက်သရင်းက ခပ်ငေါ့ငေါ့ပြောလိုက်ရာ နရစိုးက. . .

MMCYBERMEDIA
community for all

'' ဟာ. . .ဒါတော့ မေ့လို့ ဘယ်ဖြစ်မလဲ။ ကျွန်တော် မနက်ဖြန်မနက် ဘယ်အချိန်လာခဲ့ရမလဲဟင်. . .''
'' ကိုးနာရီလောက်ပေါ့။ မနက်ကျရင် ကျွန်မ စောင့်နေမယ်နော် ''

နရစိုးထံမှ သက်ပြင်းချသံသဲ့သဲ့ ကြားရပြီးနောက်. . .
'' ကျွန်တော်ကတော့ အဲဒီကိုးနာရီကို အခုကတည်းက စောင့်နေနှင့်ပါပြီ မနှင်းဆီ ''
ထို့နောက် ဘာသံမှ မကြားရတော့ဘဲ တိတ်ဆိတ်သွားသည်။

. . .  . . .  . . .

ကက်သရင်းကလည်း တိတ်ဆိတ်စွာဖြင့်ပင် တယ်လီဖုန်းကို အသာအယာ ပြန်ချထားလိုက်၏။

. . .  . . .  . . .

သူ တစ်ခုခုပြောဖို့ ရည်ရွယ်မှန်းသိသော်လည်း မသိသလို နေလိုက်မှန်း သူလည်း သိလိမ့်မည် မဟုတ်ပါလား။



MMCYBERMEDIA
community for all

အခန်း(၁၈)

အဲသည်နေ့က သူတို့သုံးယောက်စလုံး အရက်(လုံး၀)သောက်ထားခြင်း မရှိကြပါ။

. . .          . . .          . . .

ဆန်နီက
" ကဲ. . .ကိုမောင်ညွှက်။ ဒါ. . .ကျွန်တော်ပြောတဲ့ သူဌေးဆိုတာပဲ။ ဦးရဲတင့်တဲ့။
ကိုင်း. . .ကိုရဲတင့်ရေ ဟောဒီ ကိုမောင်ညွှက်က ကျွန်တော့်မိတ်ဆွေပဲ။ သူ့မှာ လောလောဆယ် အလုပ်အကိုင်မရှိဘူးဖြစ်နေတော့ ကိုရဲတင့်ပဲ ကြည့်ရှုမစပါဦးဗျာ။ ကိုရဲတင့် လက်တိုလက်တောင်း ခိုင်းဖို့ စေဖို့ အလုပ်လောက်ပဲ ဖြစ်ဖြစ်ပေါ့ "

" ဟုတ်. . .ဟုတ်ကဲ့ပါ သူဌေး။ ကျွန်တော့်ကို ခိုင်းကြည့်ပါ။ သူဌေး စိတ်တိုင်းကျဖြစ်အောင် ကျွန်တော် ကြိုးစားပါ့မယ် "

ကိုမောင်ညွှက်က ရဲတင့်ကို တရိုတသေပြော၏။ ကိုမောင်ညွှက်သည် အရက်သာမူးမနေလျှင် တော်တော်ကျိုးကျိုးနွံနွံရှိသည့် လူတစ်ယောက်မှန်း ဆန်နီကိုယ်တိုင်လည်း အခုမှပင် သိလိုက်ရသည်။
ရဲတင့်က. . .

" အေးဗျာ. . .ကျွန်တော် ရုပ်ရှင်ကားတစ်ကားရိုက်ဖို့ စီစဉ်နေတယ် ဆိုတာတော့ ခင်ဗျား သိပြီးလောက်ရောပေါ့။ ကျွန်တော်က ခင်ဗျားကို အဲဒီဘက်မှာ သုံးကြည့်ချင်တာ။ ခင်ဗျားသာ တကယ် အားကိုးရမယ်ဆိုရင် စားဝတ်နေရေးအတွက် ဘာမှ မပူနဲ့ဗျာ။ ကျွန်တော် တာဝန်ယူတယ်။ ဟုတ်ပြီလား. . ."

ကိုမောင်ညွှက်၏မျက်နှာက ဝမ်းသာရတော့မလိုလိုဖြစ်သွားပြီးမှ အားငယ်သွားဟန်ဖြင့် မှိုင်ကျသွားသည်။ ထို့နောက်. . .

" ကျွန်တော် ကျွန်တော် သူဌေးဆီက အလုပ်ကိုတော့ အရမ်းလိုချင်နေပါတယ်။ ဒါပေမဲ့ ပွင့်ပွင့် လင်းလင်းဝန်ခံရရင် ကျွန်တော်ရုပ်ရှင်လောကနဲ့ တော်တော်စိမ်းပါတယ်ဗျာ။ မဖြစ်. . .မဖြစ်ပါဘူး။ ကျွန်တော်လေ ဟိုဒင်း. . .အလုပ်ရရင်ပြီးရောဆိုတဲ့ ပုံစံမျိုးနဲ့ မလိမ်ညာချင်လို့ပါ "

တုန်တုန်ယင်ယင်ဖြင့် ပြောနေသော ကိုမောင်ညွှက်၏ အသံက တကယ်ပင် ရိုးရိုးသားသား။
ရဲတင့် သက်ပြင်းချလိုက်သည်။ ဒီလိုရိုးသားသူတစ်ယောက်ကို ဓါးစာခံလုပ်ပြီး အသုံးချရမည့်အတွက် စိတ်တော့ မကောင်း။
ရဲတင့်က ဆန်နီကို တစ်ချက်လှမ်းပြီး အကဲခတ်လိုက်သည်။
ဆန်နီက ဟိုးအဝေးသို့ တွေဝေစွာ ငေးနေ၏။ ရဲတင့်က ခေါင်းကို ခါယမ်းလိုက်သည်။ ဒီအခြေအနေရောက်နေမှတော့ နောက်ဆုတ်လို့ မဖြစ်နိုင်တော့ပြီ။ ထို့ကြောင့်. . .

" ကျွန်တော် သဘောပေါက်ပါတယ် ကိုမောင်ညွှက်။ ကျွန်တော်ကလည်း ကိုမောင်ညွှက် လုပ်နိုင်မယ့်တာဝန်ကိုပဲ ပေးမှာပါ "

" ဗျာ. . .ဘယ်လိုတာဝန်မျိုးလဲ ခင်ဗျာ "
" အခု ကျွန်တော် ရိုက်မယ့်ဇာတ်ကားက လက်ရှိနာမည်ကြီးနေတဲ့ မင်းသားတွေနဲ့ မလိုက်ဘူး ဖြစ်နေတယ်ဗျ။

MMCYBERMEDIA
community for all

သရုပ်ဆောင်သစ်တင်ဖို့ကျတော့လည်း စျေးကွက်ကို ငဲ့ရသေးတာကိုး။
ဒါနဲ့ ကျွန်တော့်ဇာတ်ကားနဲ့လိုက်မယ့် မင်းသားတစ်ယောက်တော့ သွားစဉ်းစားမိတယ်။ အဲဒါကတော့. . .နရစိုး ပဲ ''
'' ဗျာ. . .နရစိုး။ ဟုတ်လား. . . ''

ရဲတင့်က ခေါင်းညိတ်ပြလိုက်ပြီး

'' ဟုတ်တယ် နရစိုးပဲ။ ကျွန်တော့်သူငယ်ချင်း ကိုဆန်နီက ခင်ဗျားဟာ နရစိုးနဲ့ သိတယ်လို့ ပြောထားဖူးတယ်။ ဟုတ်သလား ကိုမောင်ညွှက် ''
'' ဟုတ်ပါတယ် သူဌေး ''
'' ဘယ်လောက်ထိ ရင်းနှီးသလဲဗျ ''

ရဲတင့်က မျက်လုံးတစ်ချက် ဝင့်ကြည့်ပြီး မေးလိုက်သည်။ ကိုမောင်ညွှက်က တွေတွေငေးငေးဖြင့်. . .

''သူက ပဲခူးဇာတိပါ။ သူ့မိဘတွေက ခုထိ ပဲခူးမှာပဲ နေကြတုန်းပါပဲ။ ကျွန်တော် နေခဲ့ဖူးတဲ့ ဘုန်းကြီးကျောင်းဟာ သူတို့ဆောက်ပြီး လှူထားတဲ့ ကျောင်းပေါ့။ ဆရာတော်ကြီးရဲ့ ဒါယကာအရင်းတွေပါပဲ။ ကျွန်တော့်ကိုလည်း အဲဒီမှာပဲ တွေ့ပြီး သူတို့သားကို စောင့်ရှောက်ဖို့နဲ့ ဝေယျာဝစ္စလုပ်ပေးဖို့ ရန်ကုန်ကို ထည့်လိုက်တာ။ နောက်မှ ကျွန်တော်က မိန်းမရသွားလို့။ ဒါလည်း သူတို့ပဲ တင့်တောင့်တင့်တယ် ဖြစ်အောင် မင်္ဂလာဆောင်ပေးတာပါပဲ။ ကျွန်တော့်အပေါ်မှာ အများကြီး ကျေးဇူးရှိပါတယ်။ အခုထိလည်း အကူအညီလိုချင်လို့ပဲဖြစ်ဖြစ် နရစိုးနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် သူတို့ဆီ ချက်ချင်းဖုန်းဆက်ဆိုပြီး မှာထားတယ် ''

ရဲတင့်က ခေါင်းတစ်ညိတ်ညိတ်ဖြင့် နားထောင်နေပြီး. . .

'' ကဲ . . .ဒီလိုဆိုရင် ကိုမောင်ညွှက်ကပဲ နရစိုးကို ကျွန်တော့်ဇာတ်ကားမှာ ပါဖို့ လက်ခံလာအောင် တိုက်တွန်းပေးဗျာ။ ဒီကိစ္စအောင်မြင်သွားရင် ခင်ဗျားကို ကျွန်တော့်အလုပ်ထဲမှာ အမြဲတမ်း ခန့်မယ်ဗျာ ''
ကိုမောင်ညွှက်က ဆတ်ခနဲ ခေါင်းထောင်ပြီး ရဲတင့်ကို ကြည့်သည်။ သူ့ပါးစပ်က အဟောင်းသား။ မျက်လုံးများကတော့ ရီဝေဆွေးမြည့်လျက်။

ထို့နောက် အသံတိုးတိုးဖြင့်. . .

'' မဖြစ် မဖြစ်နိုင်ပါဘူးဗျာ။ သူ ရုပ်ရှင်ရိုက်တော့မှာ မဟုတ်ပါဘူး ''
'' ဘာဖြစ်လို့လဲဗျာ ''

ရဲတင့်ကော ဆန်နီပါ စိတ်ဝင်တစားဖြင့် မေးလိုက်ကြသည်။ သို့သော် ကိုမောင်ညွှက်က ဘာမှပြန်မဖြေဘဲ ခေါင်းကိုသာ ဖြည်းညှင်းစွာ ခါယမ်းပြ၏။
ရဲတင့်က. . .

'' ပြောစမ်းပါဦးဗျ။ ဘာဖြစ်လို့လဲ။ သူက ရုပ်ရှင်လောကကို စိတ်နာသွားလို့လား ''
'' မဟုတ်ပါဘူး သူဌေး ''
'' ဒါဖြင့် ဘာဖြစ်တာလဲဗျ ပြောပြစမ်းပါ ''

ကိုမောင်ညွှက်က ငေးငိုင်တွေဝေစွာဖြင့်

'' အဲဒီ အဲဒီအကြောင်းကို ကျွန်တော်. . .ဟိုလေ မပြောသင့်ဘူး ထင်တယ် ''
'' ဘာ. . .ဘာဖြစ်လို့လဲ။ အဲဒီလူက နာမည်ပျက် ရှိဖူးလို့လား ''

MMCYBERMEDIA
community for all

ရဲတင့်က အလောတကြီး မေးလိုက်သည်။ ကိုမောင်ညွှက်က ရဲတင့်နှင့် မျက်လုံးချင်းမဆုံမိအောင် ရှောင်ရင်း ခေါင်းပြန်ငုံ့သွားသည်။
အတန်ကြာမှ. . .

'' နာမည်ပျက်ရှိတယ်လို့ ပြောရင်လည်းရတယ်။ မရှိဘူးလို့ ပြောရင်လည်း ရတယ် ''
'' ဟင်. . .ဒါဆို သူက ဘာတွေဖြစ်ခဲ့လို့လဲ ကိုမောင်ညွှက် ''

ကိုမောင်ညွှက်က သက်ပြင်းကို မောပန်းနွမ်းနယ်စွာ ချလိုက်ပြီးနောက်. . .

'' တခြားဘယ်သူ့ကိုမှတော့ ဒီအကြောင်း မပြောပြလိုက်ကြပါနဲ့ ဗျာ. . .။ ဖြစ်ပုံက ဒီလိုဗျ. . . ''

ဝင်ခါနီးဆဲဆဲ နေရောင်ခြည်သည် လိမ္မော်ရောင်ပျပျဆိုင်းနေ၏။ ဟိုးအဝေးဆီမှာ အိပ်တန်းတက်မည့် ငှက်တွေ ပျံသန်းလာကြပြီ။ ဆည်းဆာချိန်တွင် တိမ်တောက်နေသော ကောင်းကင်သည် ကြေကွဲဖွယ်ရာ သီချင်းတစ်ပုဒ်နှင့် တူနေလေသည်။

သူတို့ တိမ်တွေကို ငေးကြည့်နေကြ၏။. . .
ရဲတင့်နှင့် ဆန်နီ နှစ်ယောက်တည်း။

. . .	. . .	. . .

ရဲတင့်က အသံတိုးတိုးဖြင့် . . .

'' ငါ နရစိုးကို ရက်စက်ရတော့မယ် ထင်တယ် ဆန်နီ ''
ဆန်နီက ဘာမှ ပြန်မပြော။ တိမ်တွေဆီကိုသာ အကြည့်ငေးလျက် တွေနေ၏။
ရဲတင့်က အင်္ကျီအိတ်ထဲမှ စာရွက်အပိုင်းအစ တစ်ခုကို ထုတ်ယူလိုက်သည်။ စာရွက်ပေါ်မှာ ဖုန်းနံပါတ်တစ်ခု။
ပဲခူးရှိ နရစိုး၏ မိဘများ အိမ်ဖုန်းနံပါတ်ဖြစ်သည်။
ရဲတင့်က စာရွက်အပိုင်းကလေးကို ငုံ့ကြည့်ရင်း ပြောသည်။
'' ဒီတစ်ခါတော့ ငါ. . .ငါ သူ့ကို မုန်းလို့မဟုတ်ပါဘူးကွာ။ တကယ်ပြောတာပါ။ ယုံပါ သူငယ်ချင်းရာ ''

ဆန်နီက ရဲတင့်၏ ပုခုံးကို အသာအယာဖက်ပြီး. . .
'' ယုံပါတယ်. . .သူငယ်ချင်း ''
သူ့အသံတွေ တုန်နေ၏။

MMCYBERMEDIA
community for all

အခန်း(၁၉)

ဆည်းလည်းခတ်သံသဲ့သဲ့ ကြားရသည်။ ဘုရားရင်ပြင်တော် ပေါ်တွင် အေးမြနူးညံ့ခြင်းရနံ့တွေ ပျံ့လွင့်နေသည်။ တစ်စုံတစ်ယောက် ခေါင်းလောင်းထိုးနေသည်။ ကြည်နူးခြင်းလား၊ လွမ်းဆွတ်တမ်းတခြင်းလားမသိ။ အရာရာသည် ငြိမ်းချမ်းနေလေသည်။

နရစိုးက အနီရဲရဲနှင်းဆီပွင့်တစ်စည်းကို ဘုရားပန်းအိုးထဲသို့ ကပ်လှူပူဇော်လိုက်သည်။

'' မနှင်းဆီရဲ့ မွေးနေ့အတွက် နှင်းဆီပန်းတွေကို ဘုရားမှာ ကျွန်တော် လှူပေးရတာ အရမ်းပျော်တာပဲ မနှင်းဆီရယ် ''
ဟု သူ တိုးတိုးပြော၏။ ကက်သရင်းနှင်းဆီက စကားလုံးတွေ ထပ်နေသော သူ့စကားကြောင့် ပြုံးရင်း. . .

'' ရှင်က ကျွန်မကို ဘာဖြစ်လို့ သူများတွေလို ကက်သရင်းလို့ မခေါ်ဘဲ မနှင်းဆီလို့ ခေါ်ရတာလဲဟင် ''
'' နှင်းဆီဆိုတာ အဓိပ္ပာယ်ကျယ်ဝန်းတယ် မနှင်းဆီရဲ့ ''

နရစိုးက ရေစက်ရေမှုန်ကလေးများ တင်နေသည့် နှင်းဆီပွင့်ဖတ်တွေဆီသို့ ငေးရင်း. . .

''ဂရိဒဏ္ဍာရီထဲမှာ အချစ်နတ်ဘုရားက တိတ်ဆိတ်မှုနတ်ဘုရားကို လာဘ်ထိုးတဲ့အနေနဲ့ နှင်းဆီပန်းတစ်ပွင့် ပေးခဲ့တယ်တဲ့။ အဲဒီဒဏ္ဍာရီအရ တိတ်ဆိတ်မှုနဲ့ လျှို့ဝှက်မှုတို့ရဲ့ သင်္ကေတ ဖြစ်လာခဲ့တယ်။ သမိုင်းအလယ်ခေတ်မှာတော့ လျှို့ဝှက်အသင်းတွေရဲ့ ဆွေးနွေးပွဲတွေ၊ ဘုရင့်ညီလာခံခန်းမတွေရဲ့ မျက်နှာကြက်မှာ နှင်းဆီပန်းတစ်ပွင့် ချိတ်ဆွဲထားတဲ့ထုံးစံ ရှိတယ်။ အဲဒီနှင်းဆီပွင့်ရဲ့ အောက်မှာပြောဆိုသမျှ အပြင်ကို မပေါက်ကြားစေရပါဘူးလို့ ကျမ်းသစ္စာ ကျိန်ရတယ် မနှင်းဆီ ''

ကက်သရင်းက စိတ်ဝင်စားစွာဖြင့်

'' ဒါဆို နှင်းဆီရဲ့ အဓိပ္ပာယ်က လျှို့ဝှက်ခြင်းပေါ့နော် ''
'' မြင့်မြတ်ခြင်းလို့လည်း အဓိပ္ပာယ်ရပါသေးတယ် မနှင်းဆီ။ Rose ဆိုတဲ့ စကားလုံးလေးလုံးကို ရှေ့နောက်ပြောင်းစီလိုက်ရင် Eros ဖြစ်လာတယ်။ Eros (ဧရော့စ်) ဆိုတာ အချစ်နတ်ဘုရားမရဲ့ နာမည်ပေါ့။ ပွင့်ချပ်ငါးလွှာရှိတဲ့ နှင်းဆီပန်းဟာ ငါးမြှောင့်ကြယ်နဲ့ အဓိပ္ပာယ်အတူတူပဲလေ။ အဲဒါ ဗီးနပ်(စ်)ရဲ့ သင်္ကေတပေါ့။ နောက်ပြီး ပွင့်ချပ်(၃၂)လွှာရှိတဲ့ နှင်းဆီပန်းကို ရေကြောင်းပြ မြေပုံတွေရဲ့ထိပ်မှာ ပုံနှိပ်ထားတာ တွေ့ဖူးမှာပါ။ အဲဒါက ကမ္ဘာ့လေတိုက်လမ်းကြောင်း (၃၂) ကြောင်းကို ကိုယ်စားပြုထားတာပဲ ''

နရစိုး၏ စကားအဆုံးတွင် ကက်သရင်းက ရယ်မောလိုက်ရင်း. . .

'' နတ်ဘုရားတွေကို ကိုယ်စားပြုတာနဲ့ပဲ မြင့်မြတ်ရရောလားရှင် ''
သူမ၏ မေးခွန်းကြောင့် နရစိုးက ခေါင်းကို ခါယမ်းလိုက်ရင်း
'' ဒါတင်မကဘူးလေ မနှင်းဆီရဲ့။ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းနဲ့ ကမ္ဘာ့တောင်ဝင်ရိုးစွန်းကို ဆက်သွယ်ထားတဲ့ လောင်ဂျီကျု့မျဉ်းတွေကို တွေ့ဖူးတယ် မဟုတ်လား။ အဲဒီမျဉ်းတွေကို Rose Line (နှင်းဆီမျဉ်းကြောင်း) လို့ ခေါ်တယ်။အဲဒီထဲကမှ 'သုညနှင်းဆီမျဉ်းကြောင်း' လို့ခေါ်တဲ့ Zero Rose Line ဟာ အင်္ဂလန်က ဂရင်းဝစ်မြို့ကိုဖြတ်သန်းသွားတယ်။ အဲဒီမျဉ်းကြောင်းကို မူတည်ပြီး တစ်ကမ္ဘာလုံးက အချိန်နာရီတွေကို ဂရင်းဝစ်စံတော်ချိန်နဲ့ တိုင်းတာတာပါပဲ မနှင်းဆီ ''

MMCYBERMEDIA
community for all

ဘုရားစောင်းတန်းတလျှောက် သူတို့ ဆင်းလာပြီး နရစိုး၏ ကားဆီသို့ ဖြည်းဖြည်းချင်း လျှောက်ခဲ့ကြသည်။ ကက်သရင်း၏ လက်ထဲမှာတော့ နရစိုး၏လက်ဆောင် ပန်းနရောင် နှင်းဆီတစ်စည်း။

ကက်သရင်းက. . .

'' ကိုနရစိုး ဘာကိုရည်ရွယ်ချက်နဲ့ နှင်းဆီပန်းအကြောင်း ဒီလောက်များများ ကျွန်မကို ပြောပြနေရတာလဲ။ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ် ''

နရစိုး နှုတ်ဆိတ်နေ၏။ အတန်ကြာမှ. . .

'' ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ မနှင်းဆီ ''

'' မပြောတတ်ဘူး။ ကျွန်မ စိတ်ထဲက အလိုလိုထင်လာလို့ ''

သူတို့နှစ်ဦးစလုံး တိတ်ဆိတ်နေဖြစ်ကြပြန်လေသည်။ လေပြေတစ်ချက် နုးညံ့စွာ တိုက်ခတ်လာ၏။ အမည်နာမ မရှိသော ရနံ့တစ်မျိုးမွှေးပျံ့လာသည်။

အရာရာသည် လျှို့ဝှက်ဖုံးကွယ်လွှန်းနေသည်ပဲလား. . .။

စက္ကန့်မိနစ်တွေ တိတ်ဆိတ်စွာ ရွေ့မျောသွားကြ၏။

နရစိုးက ညင်သာစွာ ခေါင်းတစ်ချက်ညိတ်ပြသည်။

'' ဟုတ်တယ်. . .။ တကယ်တော့ နှင်းဆီဆိုတဲ့ အဓိပ္ပာယ်နဲ့ ပတ်သက်ပြီး ကျွန်တော် အလေးအနက် ပြောချင်တာ တစ်ခုရှိတယ် မနှင်းဆီ ''

သူ့အသံက သစ်ရွက်တွေ လေတိုက်၍ လှုပ်ခတ်သလိုမျိုး၊ ကက်သရင်းက ခေါင်းကို ငုံ့ရင်း ရှက်ရွံ့စွာဖြင့်. . .

'' ပြောလေ. . .ကျွန်မ နားထောင်နေပါတယ် ''

'' ဟင့်အင်း . . .မပြောချင်ဘူး။ မနှင်းဆီ ကျွန်တော့်ကို စိတ်ဆိုးသွားလိမ့်မယ် ''

ကက်သရင်းစိတ်ထဲမှာတော့ မချင့်မရဲ ကြိတ်၍ ညည်းတွားမိသည်။ ဘုရားရေ. . .ရှင်ဟာ သိပ်ခက်တဲ့ လူပါလား။ ပြောလေ. . .ကျွန်မကို ချစ်တယ်. . .လို့ ပြောလိုက်တော့လေ။ တွေးရင်းနှင့်ပင် သူမ၏ ရင်ထဲမှာ မောလာသည်။ တူတူပုန်းတမ်းကစားသည့်အခါ ပုန်းရသည့်သူက ပိုပြီး မောရတတ်သည် မဟုတ်ပါလား။

ကက်သရင်းက . . .

'' ပြောပါ ကိုနရစိုး။ နှင်းဆီဆိုတဲ့ အချစ်နတ်သမီးအကြောင်းလားဟင် ''

နရစိုးက ခေါင်းကို ခါလိုက်သည်။

'' မဟုတ်ဘူး။ တောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းကို ဆက်သွယ်ထားတဲ့ နှင်းဆီမျဉ်းကြောင်းတွေ အကြောင်းပါ။ တကယ်တော့ အဲဒီမျဉ်းကြောင်းတွေဟာ စိတ်ကူးထဲမှာ သတ်မှတ်ထားတဲ့ မျဉ်းတွေပဲ။ ကမ္ဘာကြီးပေါ်မှာ တကယ်ရှိတာမှမဟုတ်တာ။ မနှင်းဆီရယ်. . .တကယ်တော့ ကျွန်တော်နဲ့ မနှင်းဆီဟာ ဆန့်ကျင်ဘက် ဝင်ရိုးစွန်းနှစ်ခုပါပဲ။ နှင်းဆီမျဉ်းကြောင်းတွေနဲ့ ဆက်သွယ်ထားတယ်လို့ ထင်ရပေမဲ့ တကယ်တမ်း တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ စိတ်ကူးယဉ် ထင်ယောင်ထင်မှားတွေကလွဲလို့ ဘာမှ. . .ဘာမှ မရှိပါဘူး ''

ကက်သရင်း မျက်နှာတစ်ခုလုံး ရှက်ဒေါသဖြင့် ရဲရဲနီသွား၏။

'' ရှင်. . .ရှင်. . .ကဲဟာ ''

တဆတ်ဆတ်တုန်ရီနေသဖြင့် ပါးစပ်မှ ဘာစကားမှမပြောနိုင်။ ဒေါသကို မထိန်းချုပ်နိုင်တော့ဘဲ လက်ထဲမှ နှင်းဆီပန်းများဖြင့်

MMCYBERMEDIA
community for all

နရစိုး၏ မျက်နှာကို လွှဲပေါက်ပစ်လိုက်သည်။
နရစိုး မရှောင်၊ မတိမ်း။ သူ့မျက်နှာကို နှင်းဆီပွင့်တွေ ထိမှန်သည်။ ပန်ပွင့်တွေ ဖွာလန်ပြန့်ကျဲလွင့်စင်သွား၏။

'' ရှင်. . .ရှင်. . .ကျွန်မကို လှည့်စားတယ်။ ရှင်. . .လူလိမ်။ ရှင် ကျွန်မကို. . .ကျွန်မကို ဖြားယောင်းတယ်။ ပြီးတော့ အ ရှက် ခွဲ တယ် ''
နောက်ဆုံးစကားလုံးများကိုပင် ပီသအောင် မပြောနိုင်တော့ဘဲ ကက်သရင်းက မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုကြွေးလိုက်မိတော့သည်။
နရစိုးက သူမကို တွေတွေငေးငေး စိုက်ကြည့်ရင်း. . .

'' ခုနကတင် ကျွန်တော် ပြောခဲ့သားပဲ။ မနှင်းဆီ ကျွန်တော့်ကို စိတ်ဆိုးမှာပါလို့၊ ချစ်ခြင်းဆိုတာလည်း အနိစ္စပဲလေ၊ ဘယ်သူက ဘယ်သူ့ကို အမြဲချစ်နေနိုင်မှာမို့လို့လဲ။ မုန်းပါ. . .မနှင်းဆီ။ ကျွန်တော့်ကို မုန်းပါ။ ဒါပေမဲ့ နောက်ဆုံးအနေနဲ့ ကျေးဇူးပြုပြီး ကျွန်တော့်အိမ်ကို လိုက်ခဲ့ပေးပါဗျာ။ ကျွန်တော် မနှင်းဆီကို မွေးနေ့လက်ဆောင်လေးတစ်ခု ပေးချင်လို့ပါ။ အဲဒီလက်ဆောင်ကို ယူပြီးရင် မနှင်းဆီ ကျွန်တော့်ကို တစ်သက်လုံး မုန်းလိုက်တော့ ''

ကက်သရင်းက ငိုရှိုက်နေရာမှ ဆတ်ခနဲ ခေါင်းမော့ပြီး နီရဲနေသော မျက်လုံးအစုံဖြင့် နာနာကျည်းကျည်းကြည့်သည်။
နရစိုးက . . .

'' ဘာလက်ဆောင်လဲလို့တောင် မမေးတော့ဘူးလား မနှင်းဆီ ''

. . . . . . . . .

သူမ တိတ်ဆိတ်နေ၏။
နရစိုးက ကြေကွဲစွာ ပြောလိုက်သည်။
'' အမွေးပွပွ ဝက်ဝံရုပ်ကလေးတစ်ရုပ်ပါ မနှင်းဆီ ''

ကက်သရင်း အံ့အားသင့်လွန်းသဖြင့် နှုတ်ခမ်းအစုံ ပွင့်ဟသွားသည်။
နရစိုးကို သူမ နားမလည်နိုင်တော့။

MMCYBERMEDIA
community for all

အခန်း(၂၀)

ခြံဝင်းထဲသို့ ကားကို ထိုးရပ်လိုက်ပြီးသည်နှင့် တပြိုင်နက် နရစိုးက ကက်သရင်းကို လှည့်မကြည့်မိအောင် ကြိုးစားရင်း အိမ်ပေါ်သို့ တက်သွားသည်။ သူ ဘာတွေလုပ်နေသည်ကို ကက်သရင်း နားမလည်။ စိတ်ရှုပ်ထွေးစွာဖြင့် ကားတံခါးကို ဖွင့်ကာ ဆင်းလိုက်သည်။ ခြံဝင်းထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်သောအခါ နှင်းဆီပင်တွေ အများကြီးကို မြင်ရသည်။ နှင်းဆီပွင့်တွေအားလုံး ချမ်းမြေ့စွာ လှပနေကြသည်။ မချမ်းမမြေ့နိုင်သော နှင်းဆီဟူ၍ သူမတစ်ယောက်တည်းသာ ရှိလေသည်။

နရစိုးက အမွှေးပွပွဝက်ဝံရုပ်တစ်ရုပ်ကို ပိုက်ကာ အိမ်ပေါ်မှ တစ်လှမ်းချင်း ပြန်ဆင်းလာသည်။ ထို့နောက် ကက်သရင်း၏ ရှေ့တွင် ခြေစုံရပ်လိုက်၏။ သူက ဝက်ဝံရုပ်ကို ကက်သရင်း၏လက်ထဲသို့ ထည့်ပေးရင်း. . .

'' ကျွန်တော့်ရဲ့ ဖွင့်မပြောရဲတဲ့ အချစ်တွေအားလုံးကိုယ်စား ဒီဝက်ဝံရုပ်ကလေးကိုပဲ လက်ဆောင်ပေးပါရစေ မနှင်းဆီ၊ ယူပါ. . .မနှင်းဆီ။ ရော့. . .ယူပါ။ ပြီးတော့ အခုအချိန်ကစပြီး ကျွန်တော့်ကို မနှင်းဆီမုန်းပစ်လိုက်ပါတော့ ''

သူကျောခိုင်းရန် လှည့်ထွက်လိုက်စဉ်မှာပင်. . .

'' နေဦးလေ. . .။ ကျွန်မ မေးစရာရှိလို့ ''

ကက်သရင်း၏ အလောတကြီး လှမ်းခေါ်သံကြောင့် နရစိုး ပြန်လှည့်ကြည့်၏။ ထိုစဉ်မှာပင်. . .

'' တီ. . .တီ ''
အိမ်ထဲသို့ ဝင်လာသော ကားတစ်စီးကို သူတို့နှစ်ယောက်စလုံး တွေ့လိုက်ကြရသည်။ နရစိုးက လွှတ်ခနဲ ရေရွတ်လိုက်၏။

'' ဟင်. . .မေမေ ''
'' သား ''
နရစိုး၏ မိခင်ဖြစ်သူက စိုးရိမ်ပူပန်သော မျက်နှာဖြင့် လှမ်းခေါ်ရင်း ကားရပ်အောင်ပင် မစောင့်နိုင်တော့ဘဲ တံခါးဖွင့်ပြီး ဆင်းလာသည်။
သူတို့နှစ်ယောက်အနီးသို့ ရောက်လာသောအခါ နရစိုးက. . .
'' ဘာဖြစ်လို့လိုက်လာတာလဲ မေမေရယ် ''
'' မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာ မေမေစိတ်ပူလို့ပါ သားရဲ့ ''

နရစိုးက ယဲ့ယဲ့ကလေးပြုံးသည်။ ရင်နာသော အပြုံး။ ထို့နောက် ကြေကွဲဆို့နင့်သော အသံဖြင့်. . .။

'' သား. . .နားလည်ပါတယ် မေမေ။ သားကိုယ်သား ထိန်းနိုင်ပါတယ် ''

ဘေးမှ ပွဲကြည့်ပရိသတ်တစ်ယောက်လို ရပ်ကြည့်နေရသော ကက်သရင်းကတော့ ပဟေဠိပုစ္ဆာတစ်ပုဒ်လို ဖြစ်နေ၏။

အားလုံး ရှုပ်ထွေးနေသည်။
ဘာတွေဖြစ်နေကြတာလဲ။
ထိုစဉ် နရစိုး၏ မိခင်က ကက်သရင်းကို နူးညံ့ရီဝေစွာ လှမ်းကြည့်ရင်း. . .

'' သမီးက ကက်သရင်းနှင်းဆီလားဟင် ''
'' ဟုတ်. . .ဟုတ်ပါတယ် အန်တီ ''
နရစိုး၏ မိခင်က ကက်သရင်း၏ ဦးခေါင်းမှ ဆံပင်စများကို ငြင်သာစွာ ပွတ်သပ်ပေးလိုက်သည်။ ထို့နောက် နရစိုးဘက်သို့ လှည့်ကာ

'' သားရယ်. . .။ ကိုယ်လည်း စိတ်ဆင်းရဲ ကလေးမလေးလည်း စိတ်ဆင်းရဲအောင် လုပ်ရတယ်လို့ကွယ်။ အင်း. . .ဒုက္ခ. . .ဒုက္ခ။ ဒီက သမီးလေးကတော့ ဘာမှ သိရှာမှာ မဟုတ်ဘူးနော် ''
ထိုစကားကြောင့် ကက်သရင်းက သူမ၏ မျက်နှာကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။ နရစိုးမိခင်၏ မျက်နှာပေါ်တွင် အဖြေတစ်ခုခု တွေ့ရမည်ဟု မျှော်လင့်မိ၏။

ဇရာအရေးအကြောင်းတို့ တွန့်လိပ်နေသော မျက်ရစ်တို့ကြားမှ မီးခိုးရောင်မျက်ဝန်းအိမ်တွင် မျက်ရည်စတို့ကိုသာ တွေ့ရလေသည်။
နရစိုးထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့ ကြားရသည်။ ထို့နောက်

'' ဟုတ်တယ်. . .။ သူ. . .ဘာမှမသိရှာဘူး မေမေ။ မေမေပဲ ရှင်းပြလိုက်ပါ။ ဩော်. . . မနှင်းဆီ ခုနက ကျွန်တော့်ကို မေးစရာရှိတယ်ဆို။ အဲဒါ မေမေ့ကိုပဲ မေးကြည့်လိုက်ပါတော့ ''

သူ ကျောခိုင်းသွား၏။
သူ ကျောခိုင်းသွား၏။
ဘယ်တော့မှ ပြန်လှည့်ကြည့်တော့မည် မဟုတ်ဟု မှတ်ရထင်ရသည်။
ကက်သရင်းက အလောတကြီး မေးလိုက်သည်။

'' အန်တီ. . .။ အန်တီတို့ ဘာတွေပြောနေကြတာလဲ ဟင်။ ဘာတွေ ဖြစ်နေကြတာလဲ ''
နရစိုးမိခင်၏ ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက် လိမ့်ကာ စီးဆင်းလာ၏။

... ... ...

'' သမီးလေးရယ်. . .။ အန်တီ့သား နရစိုးကို မေ့ပစ်လိုက်ပါတော့ကွယ်။ သူဟာ သမီးနဲ့ လက်ထပ်လို့ ရမှာ မဟုတ်ပါဘူး ''

'' ရှင်. . .။ ဘာဖြစ်လို့လဲ အန်တီ ''
'' သူဟာ. . .သူဟာ. . .ယဉ်ယဉ်ကလေးနဲ့ ရှုံးနေတဲ့ စိတ္တဇဝေဒနာရှင် တစ်ယောက်ပါ သမီး။ သူ့ကို ကုနေတဲ့ ဆရာဝန်ကြီးက တစ်ပတ်တစ်ခါ လာကြည့်ဖို့ အဆင်ပြေအောင် သူ့ကို ဒီမှာ ထားထားပေးရတာ ''

... ... ...

MMCYBERMEDIA
community for all



ကြေကွဲခြင်းနတ်သမီးစံမြန်းဖို့
နွေရာသီနန်းတော်တစ်ဆောင် ဆောက်ထားသည်။
ငါ့နှလုံးသားကို ကျောက်ပလ္လင်ထက်တွင် ယဇ်စီရင်ပါစေ...။
သခင်ကို တွေ့လျှင် ပြောလိုက်ကြပါ။
နှင်းဆီဝတ်ဆံတို့ ခင်းသောလမ်းဖြင့် ဝင်ရိုးစွန်းသို့
ငါ လာမည်။
အာဠဝီတံခါးက စောင့်ပါလေ။

MMCYBERMEDIA
community for all

နိဂုံး

. . .        . . .        . . .

ကက်သရင်းနှင်းဆီ

. . .        . . .        . . .

အရူးဆိုရင် သိပ်ကြောက်တတ်တဲ့ ကျွန်မနဲ့မှ သူ့ကိုဆုံစည်းအောင် အချစ်ဆိုတဲ့ မှော်ဆရာက ပြုစားကျီစယ်ရက်တယ်။
အခု ကျွန်မကကောဟင်. . .။
အချစ်ရူးတစ်ယောက် ဖြစ်နေရပြီလား။

ကျွန်မကြားဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ရှိတယ်။
တစ်ခါက အလူမဏ္ဍပ်ကြီးထဲမှာ လူတွေအများကြီး စားသောက်နေကြတုန်း အရူးတစ်ယောက် ရောက်လာတယ်။ အဲဒီအရူးက မဏ္ဍပ်ဝမှာ ခါးထောက်ရပ်ပြီး အထဲက လူတွေကို မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း. . .

'' ဒီမဏ္ဍပ်ထဲက လူတွေအားလုံးအကြောင်း တစ်ယောက်မကျန် ငါ အကုန်သိတယ် ''
လို့ ပြောလိုက်တယ်။ အဲဒီမှာတင် လူတွေအားလုံး တုန်လှုပ်သွားကြပြီး. . .

'' ဘာသိသလဲ. . .။ ဘာသိတာလဲ. . .ပြောစမ်းပါဦး ''
လို့ တောင်းတောင်းပန်ပန် ဝိုင်းမေးကြတော့ အရူးက ပြောတယ်။

'' ဟောဒီလူတွေထဲမှာ ပိုက်ဆံမလိုချင်တဲ့သူ တစ်ယောက်မှ မပါဘူး ''. . .တဲ့။

ဘယ်သူတွေက အရူးလဲ။ ဘယ်သူတွေက လူကောင်းလဲ။
ကျွန်မကိုယ်တိုင်လည်း မခွဲခြားတတ်တော့ပါဘူး. . .။
ကျွန်မရင်ထဲမှာ နာကျင်နေရတာ တစ်ခုပဲ သိတော့တယ်။
လူတစ်ယောက်ရဲ့ အရည်အချင်းကောင်းတွေဟာ 'အရူး' ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မြုပ်နှံသင်္ဂြိုဟ်ခံလိုက်ရတာ တရားတယ်တဲ့လား။

နောက်ပြီး. . .
လူတစ်ယောက်ရဲ့ ဖြူစင်မွန်မြတ်တဲ့ ချစ်ခြင်းမေတ္တာကကော 'အရူး' ဆိုတဲ့ အကြောင်းပြချက်နဲ့ မြုပ်နှံသင်္ဂြိုဟ်ခံလိုက်ရမှာလား။

တကယ် သေဆုံးသွားရတာက ကျွန်မပါ။
ကျွန်မရဲ့နှလုံးသားကို အရူးတစ်ယောက်နဲ့အတူ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြပါတော့. . .။

နိဂုံး

. . .      . . .      . . .

နရစိုး

. . .      . . .      . . .

ကက်သရင်းနှင်းဆီရေ. . .။
တစ်ခါတစ်လေကျရင် ကျွန်တော် မနှင်းဆီကို လွမ်းမယ်နော်။
…     …     …
ကျွန်တော် ပြောဖူးတယ် မဟုတ်လား။
'အပ်ဖျားတစ်ထောက်စာ ဒဏ်ရာလေးပေမဲ့ ဆပ်ပြာပူဖောင်း
အတွက်ဆိုရင်တော့ အဲဒါဟာ ဘဝပျက်သွားစေနိုင်တာပဲ မဟုတ်လား'
ဆိုတာလေ။
ကျွန်တော်ဟာ ဘဝမှာ အပ်ဖျားတစ်ထောက်စာ ဒဏ်ရာနဲ့ကောင်ပါ။
'အရူး' လို့ သတ်မှတ်ခံထားရတဲ့ ဒဏ်ရာပေါ့။

ဒါပေမဲ့  မနှင်းဆီရေ. . .
အရူးလည်း  လွမ်းတတ်တာပဲဗျ။

ကက်သရင်းနှင်းဆီရေ. . .
' လူကောင်း ' ဆိုတဲ့ဝင်ရိုးစွန်းနဲ့
' အရူး ' ဆိုတဲ့ လူသားဝင်ရိုးစွန်း
ဝင်ရိုးစွန်းနှစ်ခုကြားမှာ နှင်းဆီဝတ်ဆံဝတ်မှုန်တွေ
လမ်းခင်းပြီးတဲ့အခါကျရင် အဲဒီ နှင်းဆီလမ်းမပေါ်မှာ
ကျွန်တော်တို့နှစ်ယောက် ပြန်ဆုံကြမယ်လေ။

. . .      . . .      . . .

MMCYBERMEDIA
community for all

တကယ်တော့ အဲဒီလူနှစ်ယောက်ဟာလည်း မဝေးပါဘူး။
ဆန့်ကျင်ဘက် အရပ်မျက်နှာနှစ်ခုကို ကြည့်နေကြတယ်ဆိုရုံနဲ့
အဲဒီလူနှစ်ယောက်ဟာ ကျောခိုင်းနေကြတယ်လို့ ပြောလို့မရပါဘူး။
မျက်နှာချင်းဆိုင်နေကြတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။



. . .      . . .      . . .

မင်းခိုက်စိုးစံ
ဇူလိုင် ၂၀၀၅